ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 14 May 2020 ၁၀၀၁၂

# စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် မေ ၁၃**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၅ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines-MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် တတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❂

## ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ INNO Group က မြန်မာနိုင်ငံအတွက် PPE Level D Kit Full Set အစုံ ၂၀၀၀ လှူဒါန်း



**နေပြည်တော် မေ ၁၃**

ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် INNO Group ဥက္ကဋ္ဌ Mr. Seog-Chang Son သည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်အား ယနေ့နံနက် ၁၁ နာရီတွင် လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကုသ၊ ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းစဉ်တွင် အသုံးပြုနိုင်ရန်အတွက် သံအမတ်ကြီးနှင့် ယခင် တွေ့ဆုံဆွေးနွေးထားသည့် INNO Group မှ မြန်မာနိုင်ငံသို့ လှူဒါန်းမည့် ဆေးပစ္စည်းများအနက် မြန်မာကျပ်ငွေ သိန်း ၁၀၀၀ နှင့် ညီမျှသော Du Pont ကုမ္ပဏီထုတ် PPE Level D Kit Full Set အစုံ ၂၀၀၀ အား ပေးအပ်ရာ သံအမတ်ကြီး ဦးသန့်စင်က INNO Group သို့ ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

အဆိုပါ PPE Level D Kit Full Set အစုံ ၂၀၀၀ အား Myanmar Airways International (MAI) လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ဆောလျင်စွာ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ဆန်နှင့်ပဲမျိုးစုံ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စိုက်ပျိုးရာသီအမီ သွင်းအားစု ဓာတ်မြေဩဇာ ပိုးသတ်ဆေးများ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ**

စာမျက်နှာ » ၄

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၅

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## မင်္ဂလာရှိသောရက်များ နေ့တိုင်းဖြစ်ကြပါစေ

ငွေကြေးဥစ္စာပစ္စည်းတို့နှင့်ပတ်သက်လျှင် " မရှိ " ဟူသောစကားကို လူတို့မကြားလို၊ လက်မခံလို။ ရောဂါဘေးဘယာတို့နှင့်ပတ်သက်လျှင်မူ "မရှိ" ဟူသောစကားကို လူတိုင်းလူတိုင်း ကြားလိုနာလိုသည်။ ဆန့်ကျင်ဘက်သဘောသို့ ပို့ဆောင်တတ်သည့် "မရှိ" ဟူသော ထိုစကားနှစ်လုံးသည် လူတို့ဘဝတွင် ဥစ္စာအရာ၌ မင်္ဂလာမဖြစ်သော်လည်း ရောဂါအရာ၌ မင်္ဂလာဖြစ်သည်။

မျက်မှောက်ကာလတွင် ထို"မရှိ" ဟူသောစကားကို နေ့တိုင်းနေ့တိုင်း အများပြည်သူတို့ နားစွင့်ကြားလင့်နေကြသည်။ နံနက်မိုးလင်းလျှင် တစ်ကြိမ်၊ ညမိုးချုပ်လျှင် တစ်ကြိမ် "မရှိ" ဟူသောသတင်းစကားကို ပြည်သူများ စောင့်မျှော်နေကြသည်။ ထို မရှိစကားသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နေ့စဉ်နှစ်ကြိမ်ထုတ်ပြန်ပေးသော ကိုဗစ်-၁၉ အတည်ပြုလူနာ "မရှိ" ဟူသည့် သတင်းစကားဖြစ်သည်။

အတည်ပြုလူနာ "မရှိ" သောနေ့ရက်များတွင် ပြည်သူများအဖို့ ဝမ်းသာပျော်ရွှင်ကြ၍ မင်္ဂလာရှိသောနေ့ဖြစ်သည်။ မေလ ၅ ရက်နေ့တွင် ခါတ်ခွဲအတည်ပြုလူနာ "မရှိ"၊ မေလ ၆ ရက်နေ့တွင် "မရှိ"၊ ပြီးနောက် မေလ ၇ ရက်နေ့တွင် ဓာတ်ခွဲအတည်ပြုလူနာသစ် "၁၅ ဦး တွေ့ရှိ" ခဲ့သည်။ မေလ ၈ ရက်နေ့တွင် ဓာတ်ခွဲအတည်ပြုလူနာသစ် "တစ်ဦး တွေ့ရှိ"၊ မေလ ၉ ရက်နေ့တွင် "တစ်ဦးတွေ့ရှိ"၊ မေလ ၁၀ ရက်နေ့တွင် "နှစ်ဦး တွေ့ရှိ" ခဲ့ရာ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာသစ် စုစုပေါင်း ''၁၈၀ တွေ့ရှိ" ခဲ့သည်။

ထို့နောက် မေလ ၁၁ ရက်နှင့် ၁၂ ရက်နေ့တို့တွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာသစ် "မရှိ" သဖြင့် နှစ်ရက်ဆက်တိုက် ရောဂါပိုးရှိ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိခြင်းအတွက် ဝမ်းမြောက်မိသလို မင်္ဂလာရှိသောနေ့ရက်များဟု ဆိုရမည်ဖြစ်သည်။ သို့သော်လည်း မေလ ၁၃ ရက်နေ့ည ၈ နာရီတွင် ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိခဲ့သည်။ သို့ဖြစ်၍ မေလ ၁၃ ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၁၈၁ ဦး၊ သေဆုံးသူလူနာ ခြောက် ဦး၊ ဆေးကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ ၇၉ ဦးရှိသဖြင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားသူ ၁၈၁ ဦးအနက် ဆေးကုသမှုခံယူနေသူ တစ်ဝက်ကျော်မျှသာ ကျန်ရှိတော့သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိသည့် မတ်လ ၂၃ ရက်နေ့မှစ၍ ယနေ့အထိ နှစ်လကျော်မျှကာလအတွင်း အစုလိုက်အပြုံလိုက် ဖြစ်ပွားခဲ့သည့်နေ့ လေးကြိမ်မျှရှိပြီး ကျန်နေ့ရက်များတွင် တစ်ဦးစ၊ နှစ်ဦးစ ဖြစ်လိုက်၊ ရောဂါဖြစ်ပွားမှု "မရှိ" လိုက်နှင့် တရွေ့ရွေ့တဖြည်းဖြည်းသာ ဖြစ်ပေါ်နေခဲ့သည်။ စိုးရိမ်ထိတ်လန့်ဖွယ်ရာ အစုအပြုံလိုက် တစ်ဟုန်ထိုး မြင့်မားလာခြင်းမရှိသည်မှာ မြန်မာနိုင်ငံအဖို့ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ ရောဂါရှိနေသေးသူများမှာ တစ်ရာဝန်းကျင်သာဖြစ်၍ ရောဂါကုသမှုကို နိုင်နိုင်နင်းနင်းရှိပြီး သေဆုံးမှုထပ်မတိုးခြင်းဟု ဆိုရမည်ဖြစ်သည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံ၏လက်ရှိအနေအထားသည် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်နိုင်စွမ်းရှိသော အနေအထားဖြစ်သည်။ ရောဂါတွေ့ရှိမှု အလွန်အကျွံမဖြစ်ပွားသဖြင့် နိုင်နိုင်နင်းနင်း ထိန်းသိမ်းနိုင်စွမ်းရှိပြီး ပြည်သူများအားလုံးအနေဖြင့် ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများကို တိတိကျကျ လိုက်နာမည်ဆိုပါမှ ဆက်လက်ကံကောင်းနေမည်သာဖြစ်သည်။ အချိန်တိုကာလအတွင်း ရောဂါပြီးပြတ်သွားနိုင်စေရန် နေ့စဉ်နေ့တိုင်း ရောဂါ "မရှိ" ဟူသော မင်္ဂလာနေ့ရက်များဖြစ်အောင် ကြိုးပမ်းအားထုတ်ရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာအုပ်စာပေ
လူ့မိတ်ဆွေ

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၁,၆၃၂ | ၁၇,၁၀၈,၅၀၀ |
| MTSH | ၃,၆၀၀ | ၃,၆၅၀ | ၃,၇၄၅ | ၁၃,၆၈၂,၁၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၂၃ | ၁၉၀,၉၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၅၀၀ | ၉၃၇ | ၂၂,၀၁၉,၅၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄၄ | ၁၂၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၃

ရန်ကုန်(ရွှေဈေး) ၁၁၉၇၀၀၀ မန္တလေး(ရွှေဈေး) ၁၁၉၇၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၂၀/၄၈၅ ကျပ် | ၄၅၀/၄၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၆၀/၅၀၀ ကျပ် | ၅၂၅/၅၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၂၀/၃၅၅ ကျပ် | ၃၈၀/၃၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၀/၄၉၅ ကျပ် | ၄၆၅/၄၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၀၀/၄၁၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၁၀/၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၃၄၅/၃၉၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၅.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၅.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၉.၆၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၁၇၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၇.၁၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၇၆၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၈.၄၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၉.၁၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၂.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅.၆၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့်ပြန်လည်ပေးပို့လာသော ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါ်နော်မူတာကပေါ<br>ဒုတိယ ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှု<br>မြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှု<br>မြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန |
| (၂) | ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်<br>ပါမောက္ခ/ ဌာနမှူး<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၃**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conference ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ လုပ်ငန်းကော်မတီဝင်များဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။



### ပဉ္စမအကြိမ်ရှိပြီဖြစ်

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် လုပ်ငန်းကော်မတီ အစည်းအဝေးတို့ကို ၂၀၁၈ ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ယနေ့တွင် ပဉ္စမအကြိမ်ရှိပြီဖြစ်ပါကြောင်း၊ စတုတ္ထအကြိမ် အစည်းအဝေးတွင် ဆုံးဖြတ်ချက် ၁၉ ချက်ကို ချမှတ်နိုင်ခဲ့ပြီး ဆောင်ရွက်ပြီး ၁၂ ချက်၊ ဆောင်ရွက်ဆဲ ငါးချက်နှင့် ဆောင်ရွက်ရန်ကျန် နှစ်ချက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်သည့် ဆုံးဖြတ်ချက်တို့ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ အမျိုးသားကော်မတီဖွဲ့စည်းပြီးနောက်ပိုင်း မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကိုလည်း ပုံနှိပ်ထုတ်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်သည် မသန်စွမ်းသူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသောကြောင့် လက်ရှိဆောင်ရွက်နေသည့် ရှေ့ပြေးစီမံကိန်းနေရာများတွင် ဆက်လက်တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် Video Conference ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ကြုံတွေ့နေရသော ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်တို့နှင့် ပူးပေါင်း၍ မသန်စွမ်းမှုအလိုက် အသိပညာပေးအစီအစဉ်များ၊ မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးပူးပေါင်းကော်မတီနှင့်ညှိနှိုင်း၍ မသန်စွမ်းသူများနှင့် ၎င်းတို့၏ အိမ်ထောင်စု ၆၆၅ စုအတွက် ငွေကြေးထောက်ပံ့ရန်စီစဉ်ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် မသန်စွမ်းသူ နှစ်ဦးအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများကို ချန်လှပ်ထားခြင်းမရှိစေရန် စီမံချက်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင်လည်း မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပေါင်းစပ်ဆောင်ရွက်သော အမျိုးသားအဆင့် မဟာဗျူဟာငါးနှစ်စီမံကိန်း (National Strategic Plan in Mainstreaming the Rights of Persons with Disabilities) ကို အမြန်ဆုံး ရေးဆွဲချမှတ်နိုင်ရန် လုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီအသီးသီးမှ Core Group ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုလို ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်နှင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို အားလုံးအကျုံးဝင်သည့် IEC Material များ အချိန်မီထုတ်ဝေဖြန့်ချိနိုင်ခဲ့ခြင်း၊ မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးပူးပေါင်းကော်မတီ၏ တင်ပြချက်များနှင့်အညီ ထောက်ပံ့မှုများ အချိန်မီဆောင်ရွက်နိုင်ခြင်းတို့သည် မည်သူမျှ မကျန်ရစ်စေရေးဆိုသည့်မူနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စတုတ္ထအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်အချက်အလက်များကို လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီဝင်အသီးသီးက စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မသန်စွမ်းသူများ ကဏ္ဍအလိုက် လိုအပ်ချက်တို့ကို ဖြည့်ဆည်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရန် လိုအပ်မည့်အချက်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❂ ရှေ့ဖုံးမှ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့် အညီ မြန်မာသံရုံး၊ စင်ကာပူမြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသား ၁၄၄ ဦးကို ပထမအသုတ်အဖြစ် မေ ၇ ရက်တွင်လည်းကောင်း၊ ဒုတိယအသုတ်အဖြစ် ၁၄၄ ဦးကို မေ ၉ ရက်တွင်လည်းကောင်း ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်ရာ တတိယအသုတ်အဖြစ် ယနေ့ပြန်လည်ရောက်ရှိလာသူများအပါအဝင် စုစုပေါင်း ၄၃၃ ဦး ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ မေ ၁၆ ရက်တွင် စတုတ္ထအသုတ် အဖြစ် မြန်မာနိုင်ငံသား ၁၄၆ ဦးခန့်ကို ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၁၃**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်(Depression)အဖြစ်သို့ ရောက်ရှိပြီးနောက် ကနဦးတွင် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ဆန်နှင့်ပဲမျိုးစုံ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စိုက်ပျိုးရာသီအမီ သွင်းအားစု ဓာတ်မြေဩဇာပိုးသတ်ဆေးများ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၃

ဆန်နှင့်ပဲမျိုးစုံ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် စိုက်ပျိုးရာသီအမီ သွင်းအားစု ဓာတ်မြေဩဇာ ပိုးသတ်ဆေးများ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။



**ဖြေရှင်းပေးသွားမည်**

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် ကိုဗစ်-၁၉ အလွန်ကာလတွင် စိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်သည့် နိုင်ငံဖြစ်စေရန် ဆောင်ရွက်နိုင်ရေး လမ်းညွှန်ခဲ့ပါကြောင်း၊ စားသောက်ကုန်ရိက္ခာမှာ အဓိကဖြစ်သည့်အတွက် ရာသီချိန်အမီ စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီရောက်ရှိရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနများအပိုင်းက မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးရမည်၊ ဖြေလျှော့ပေးရမည်ကို အသင်းအဖွဲ့ တာဝန်ရှိသူများက တင်ပြစေလိုပါကြောင်း၊ ဆန်ပြည်ပတင်ပို့ရောင်းချရာတွင် သင့်လျော်သည့် ဈေးကွက်ဈေးနှုန်းဖြစ်စေရန် လိုအပ်ပါကြောင်း၊ အခက်အခဲတွေ့ကြုံရသည့် နိုင်ငံအပေါ်တွင် သင့်တင့်သည့်ဈေးနှုန်းနှင့် ကောင်းမွန်သည့် အရည်အသွေးရှိသည့် ဆန်များ ရောင်းချစေလိုပါကြောင်း၊ အချို့နိုင်ငံများမှ ဆန်ရောင်းချပေးရန် ပြောကြားမှုများရှိပါကြောင်း၊ ပဲမျိုးစုံ ပြည်ပတင်ပို့ရာတွင် အပင်ပိုးမွှားရောဂါ Certificate အခက်အခဲများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အခက်အခဲများကို စုပေါင်းဖြေရှင်း၍ ကျော်လွှားဆောင်ရွက်သွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ အလွန်ကာလတွင် နိုင်ငံစီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အကြံဉာဏ်များ ပေးစေလိုကြောင်း ပြောကြားသည်။

**ရေရှည်ရရှိစေရန်**

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အပင်ပိုးမွှားရောဂါစစ်ဆေးခြင်းလုပ်ငန်း ရပ်တန့်မှုမရှိအောင် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြည်ပသို့ ဆန်တင်ပို့ရန် ရည်မှန်းထားမှုများ၊ အရေးပေါ်ဆန်နှင့် ဆီဝယ်ယူမှုအခြေအနေများ၊ ဆန်ဈေးကွက် ရေရှည်ရရှိစေရန်ကိစ္စရပ်များ၊ ခေတ်မီသိုလှောင်ရုံများ၊ အအေးခန်းသိုလှောင်ရုံများ၊ Logastic ကဏ္ဍ လိုအပ်ချက်များကို ဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**



# ရောဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ပုသိမ် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ (၁၀/၂၀၂၀) ညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက အင်တိုက်အားတိုက်ဆောင်ရွက်နေကြသည်ကို အားရကျေနပ်မှုရှိပြီး ယနေ့အထိ ရလဒ်ကောင်းများ ရရှိမှုက သက်သေတစ်ခုဖြစ်ကြောင်း၊ ဤကဲ့သို့အစည်းအဝေးများကျင်းပပြီး အားနည်းချက်၊ အားသာချက်များအပေါ် ကျေကျေလည်လည် သုံးသပ်အဖြေရှာ၍ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားကြစေလိုကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က ယခင်အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်မှု အခြေအနေများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက ကျောင်းများပြန်လည်ဖွင့်လှစ်မည်ဆိုပါက မဖွင့်လှစ်မီ ပိုးသတ်ဆေးဖျန်းခြင်း အစရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရန်ကိစ္စများအား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်း အိမ်အပြင်ထွက်ပါက နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ရေး ဆောင်ရွက်ကြရန်နှင့် လူစည်ကားရာနေရာများတွင် ဗီနိုင်းများ စိုက်ထူရေး၊ တစ်နေ့လျှင် ငါးကြိမ် အသံချဲ့စက်များဖြင့် မြို့တွင်း လှည့်လည်လှုံ့ဆော်အသိပေးရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များအပေါ် ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများအား ဆွေးနွေးကြသည်။

ထို့နောက် ရန်ကုန်မြို့မှ Royal Golden Power Co.,Ltd. ၊ Mann Cherry Group Company Limited နှင့် SHWE SU SHEIN Engineering Co.,Ltd. တို့က ကိုဗစ်-၁၉ လုပ်ငန်းများ၏ လိုအပ်သော ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူရန် ကျပ် ၁၀ သိန်းစီအား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **ကိုတွတ်(တိုင်းပြန်/ဆက်)**

# မျိုးစေ့မျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးရေး သမဝါယမအသင်းများမှ နှမ်းနှမ်း(ဆင်းရတနာ - ၄)နှင့် ပဲတီစိမ်း (ရေဆင်း - ၁၄)များ စိုက်ပျိုးဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် မျိုးစေ့မျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေး သမဝါယမအသင်း သုံးသင်းအား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ရွှေရောင် သစ်မျိုးစေ့မျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေး သမဝါယမအသင်းမှ အသင်းသားများပိုင် လယ်ယာမြေ ၁၀ ဧကတွင် နှမ်းနှမ်း (ဆင်းရတနာ-၄)အား လည်းကောင်း၊ ပြည့်ဖြိုးလျှံမျိုး စေ့မျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးရေး သမဝါယမအသင်းမှ အသင်းသားများပိုင် လယ်ယာမြေ ၁၀ ဧကတွင် ပဲတီစိမ်း (ရေဆင်း-၁၄)အား လည်းကောင်း နွေသီးနှံအဖြစ် စိုက်ပျိုးထားလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးနိုင်ရန် သမဝါယမဦးစီးဌာနမှ မျိုးစေ့မျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးရေး သမဝါယမအသင်းများအား သီးနှံစတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများအား တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ပံ့ပိုးပေးလျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှလည်း နည်းပညာများ ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်မျိုး**



# ကူမဲမြို့နယ်အတွင်းရှိ ကျေးရွာ ၄ ရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်

မန္တလေး မေ ၁၃

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ကူမဲမြို့နယ်အတွင်းရှိ ကျေးရွာ ၄ ရွာ၌ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါလုပ်ငန်းများအား တင်ဒါအောင်မြင်သည့် Eastern International Co.,Ltd. မှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး ကုမ္ပဏီအနေဖြင့် ကူမဲမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ကာ မီးလင်းရေးဆောင်ရွက်နေသည့် ကျေးရွာ ၄ ရွာဖြစ်သော ဒိုင်းကောင်းကန်ကျေးရွာ၊ ကံကွေ့ကျေးရွာ၊ မြို့ကုန်းကျေးရွာနှင့် မြသုခကျေးရွာတို့အား ကွင်းဆင်းတိုင်းတာ၍ 11/ 0.4 Kv 100 KVA တစ်လုံး၊ 200 KVA နှစ်လုံး၊ 315 KVA နှစ်လုံး၊ 11 Kv ဓာတ်အားလိုင်း စုစုပေါင်း ၅ ဒသမ ၆၃ မိုင်တို့အား တိုင်ကျင်းတူးခြင်း၊ တိုင်ထူခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ လက်ရှိကာလတွင် လုပ်ငန်းများအား ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကူမဲမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ လက်ထောက်မန်နေဂျာ(အင်/ယာ) ဒေါ်အိမာဝင်းက ပြောသည်။

ကူမဲမြို့နယ်တွင် ကျေးရွာပေါင်း ၁၁၉ ရွာရှိပြီး ၎င်းကျေးရွာများအနက် ကျေးရွာပေါင်း ၁၀၉ ရွာ၌ လျှပ်စစ်မီးများ ရရှိနေပြီး ယခုကျေးရွာ ၄ ရွာကို လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပြီးစီးပါက မီးလင်းရန် ကျန်ရှိနေသည့် ကျေးရွာ ၆ ရွာအား NEP Phase- 2 ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပန်းတောင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးရန် ပျိုးပင် ၃၈၈၅၅ ပင် ပျိုးထောင်ထားရှိ

ပန်းတောင်း မေ ၁၃

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ယခုနှစ် မိုးရာသီကာလတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဌာနဆိုင်ရာနှင့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးနိုင်ရေး၊ ဒေသပြည်သူအုပ်စုဖွဲ့ပိုင်စိုက်ခင်း၊ စီးပွားရေးစိုက်ခင်းများနှင့် သဘာဝတန်ဖိုးမြှင့်စိုက်ခင်းများအတွက် အရိပ်ရသစ်ပင်နှင့် နှစ်ရှည်ပျိုးပင်ပေါင်း ၃၈၈၅၅ ပင်ကို မြို့နယ်အတွင်းရှိ ပျိုးဥယျာဉ်ခြံများတွင် ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ ယနေ့သိရသည်။

အဆိုပါ ပျိုးပင်များအား မြို့နယ်သစ်တောဦးစီးဌာနက ညောင်ခြေထောက်ကျေးရွာ ပျိုးဥယျာဉ်ခြံတွင် ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မန်ကျည်းပင်၊ မဟော်ဂနီပင်၊ ခရေပင် စသည့် ပျိုးပင်ပေါင်း ၅၅၀၀၀ ကို စိုက်ပျိုးထားပြီး ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများ၊ တပ်ရင်းတပ်ဖွဲ့၊ စက်ရုံအလုပ်ရုံများ၊ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအား ဇွန်၊ ဇူလိုင်မိုးရာသီတွင် အခမဲ့ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး မြို့နယ်အတွင်း ထူထောင်ထားသော စီးပွားရေးကျွန်းစိုက်ခင်း ၄၅၀ ဧကအတွက် ကျွန်းပျိုးပင်ပေါင်း ၂၉၁၆၀၀၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ခင်း ဧက ၂၅၀ အတွက် ကျွန်းပျိုးပင် ၂၁၀၀၀၊ ဒေသပြည်သူအုပ်စုပိုင်စိုက်ခင်း ၁၂၇ ဧကအတွက် ကျွန်းပျိုးပင် ၂၀၉၅၅ ပင် စုစုပေါင်း ၃၈၈၅၅ ပင်တို့အား ညောင်ခြေထောက်ပျိုးဥယျာဉ်ခြံနှင့် ဥသျှစ်ပင်ပျိုးဥယျာဉ်ခြံတို့တွင် ပျိုးထောင်ထားရှိကြောင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် ဖြန့်ဝေစိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



## ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသော မြန်မာနိုင်ငံသား ၁၆ ဦးအား မြဝတီတံတား အမှတ်(၂)မှတစ်ဆင့် ယနေ့တွင် လာရောက်လွှဲပြောင်းပို့ဆောင်

**မြဝတီ မေ ၁၃**

ထိုင်းနိုင်ငံ၌ ပြစ်ဒဏ်ကျခံရပြီးသော မြန်မာနိုင်ငံသား ၁၆ ဦးအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ လာရောက်လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးသည်။

ထိုင်းနိုင်ငံမှ ယခုကဲ့သို့ ပြစ်ဒဏ်ကျခံရသူများအား လာရောက်လွှဲပြောင်းပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က "ထိုင်းနိုင်ငံကို ရောက်ရှိပြီးတော့ အကြောင်းအမျိုးမျိုးကြောင့် အချုပ်ကျတာပါ။ ဒီနေ့မှာတော့ ပြစ်ဒဏ်တွေကျခံပြီးတဲ့ ၁၆ ယောက်ကို ထိုင်းလဝကတွေနဲ့ သက်ဆိုင်ရာဌာနတွေက နေပြီးတော့ မြန်မာဘက်ခြမ်းက တာဝန်ရှိတဲ့သူတွေဆီကို လာပြီးလွှဲပြောင်းပေးတာပါ။ အဲဒီလိုမလွှဲပြောင်းပေးခင်မှာ ထိုင်းနိုင်ငံဘက်က လွှဲဖို့ရှိတယ်ဆိုတာ ချိတ်ဆက်လာတယ်။ ပြီးခဲ့တဲ့ ခုနစ်ရက်က မြန်မာနိုင်ငံမှာရှိတဲ့ ကျန်းမာရေးဌာန ပါတယ်၊ လဝကပါတယ်၊ ရဲပါတယ်၊ သက်ဆိုင်ရာ ဆက်စပ်ဌာနတွေကနေ သွားစစ်ဆေးပြီးတော့ ဒီနေ့မှ အလွှဲအပြောင်းလုပ်တဲ့ ပုံစံမျိုးလုပ်တာဖြစ်ပါတယ်။ စစ်ဆေးတုန်းကလည်း ကျန်းမာရေးစစ်ဆေးတာအပါအဝင် လိုအပ်တာတွေ အကုန်စစ်တယ်။ ကျွန်တော်တို့နိုင်ငံသားလည်း ဟုတ်တယ်ဆိုတော့ လက်ခံခဲ့တာပါ" ဟု ပြောပြသည်။

**ပထမဆုံးအကြိမ်**

"မေ ၁ ရက်ကစပြီး ဒီနေ့ ၁၃ ရက်အထိဆို ပြန်လည်ဝင်ရောက်လာတဲ့သူက အားလုံးပေါင်း ၃၉၆ ဦးရှိသွားပါပြီ။ အချုပ်ကျတဲ့လူတွေ ပြန်လည်လက်ခံတာကတော့ ဒါပထမဆုံးအကြိမ်ပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယနေ့လာရောက်လွှဲပြောင်းသူများအနေဖြင့် ကရင်ပြည်နယ်မှ ၁၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး စုစုပေါင်း ၁၆ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## သရက်သီးနှင့်အတူ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်၍ ဈေးကွက်အတွင်း တွဲဖက်ရောင်းချနိုင်ရန် ကြိုးစားလုပ်ဆောင်သင့်

**မန္တလေး မေ ၁၃**

သရက်စိုက်တောင်သူများအနေဖြင့် သရက်ဈေးကွက်အတွင်း သရက်သီးနှင့်အတူ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်၍ တွဲဖက်ရောင်းချနိုင်ရန် ကြိုးစားလုပ်ဆောင်သင့်ကြောင်း မြန်မာနိုင်ငံ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောကြားသည်။

ယခုနှစ်သရက်သီးရာသီချိန်တွင် သရက်စိုက်တောင်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ပို့ဆောင်မှုအခက်အခဲများဖြစ်ပေါ်ကာ ဈေးနှုန်းကျဆင်းမှုများနှင့် ကြုံတွေ့နေရသဖြင့် ဈေးကွက်အခြေအနေကောင်းမွန်ခြင်းမရှိကြောင်း သိရသည်။

**အကြံပြု**

''ဒီနှစ် သရက်ဈေးကွက်က တင်ပို့မှုအခက်အခဲတွေကြောင့် အရင်နှစ်တွေက 16 Kg တစ်ခြင်းကို ပုံမှန် တရုတ်ဝမ်ငွေ ၁၆၀ ကနေ ၁၇၀ လောက်ရခဲ့ပေမယ့် ဒီနှစ်မှာတော့ တစ်ခြင်းကို ဝမ်ငွေ ၁၂၀ ကနေ ၁၄၀ လောက်နဲ့ပဲ ရောင်းနေရတယ်။ ဒါ့အပြင် မူဆယ်ရောက်ရင် ကားချိန်းပြီးမှ တရုတ်ပြည်ထဲအထိ တင်ပို့ရောင်းချနေရလို့ အခက်အခဲတွေကြုံတွေ့နေရပြီး လက်ရှိကာလမှာ တရုတ်ငွေဈေးကလည်း ကျဆင်းနေတဲ့အတွက် ဈေးကွက်အခြေအနေ မကောင်းဘူးလို့ ပြောလို့ရပါတယ်။ ဒါကြောင့် သရက်သီးကို အနှစ်ကနေ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တဲ့လုပ်ငန်းနဲ့ တွဲဖက်မလုပ်ဘူးဆိုရင် အရှုံးနဲ့ပဲ တောက်လျှောက်ရင်ဆိုင်နေရမှာပါ။ သရက်ဈေးကွက်မှာ ဒီလို အလားတူ အဖြစ်အပျက်တွေလည်း အများကြီးကြုံတွေ့ခဲ့ရပြီးဖြစ်တဲ့အတွက် ဝယ်လို့ရောင်းလို့ရတဲ့ အရည်အသွေးကောင်းအသီးတွေကို ရောင်းပြီး အရည်အသွေးမပြည့်မီတဲ့အသီးတွေကို သရက်ပျဉ်၊ သရက်ခြောက်နဲ့ အနှစ်တွေထုတ်ပြီး တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မယ်ဆိုရင် အမှိုက်ထဲက ရွှေဖြစ်လာမှာပါ။ ဒီလိုမလုပ်ထားရင် လွှင့်ပစ်ရမယ့်အနေထားမှာရှိပါတယ်။ ဒါကြောင့် သရက်သီးဈေးကွက်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တဲ့လုပ်ငန်းနဲ့တွဲဖက်ပြီး လုပ်ဆောင်ကြပါလို့ အကြံပြုချင်ပါတယ်'' ဟု ၎င်းက ပြောသည်။



ထို့ပြင် ယခုနှစ်တွင် သရက်သီးအား တရုတ်နိုင်ငံသို့ တင်ပို့ရန်အခက်အခဲများကြောင့် ပြည်တွင်းဈေးကွက်၌ သရက်သီးကို ဈေးနှုန်းချိုသာစွာဖြင့် သရက်သီးများအား ပေါများစွာ စားသုံးလာနိုင်သည့်အပြင် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် လူငယ်များ တီထွင်ဖန်တီးထားသည့် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသော အွန်လိုင်းဈေးကွက်စနစ်တစ်ခု ပေါ်ထွန်းလာခဲ့သည့်အတွက်လည်း လက်ခံကြိုဆိုပါကြောင်းနှင့် လက်ရှိတွင် လေယာဉ်ခရီးစဉ်များ ပိတ်ထားခဲ့သော်လည်း စင်ကာပူနှင့် တရုတ်နိုင်ငံအတွင်းပိုင်းသို့ သရက်သီးများကို ရေကြောင်းလိုင်းဖြင့် အဆင်ပြေစွာ တင်ပို့ရောင်းချမှုများရှိကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မြန်မာထွက်ကုန်သရက်သီးကို နိုင်ငံတကာဈေးကွက်သို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်၍ ယခင်နှစ်များက သရက်သီးအစုအဖွဲ့များ ပူးပေါင်းစီစဉ်ကျင်းပခဲ့သည့် သရက်သီးပွဲတော်ကိုလည်း လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ယခုနှစ်တွင် အဆိုပါပွဲတော်အား ကျင်းပရန် အစီအစဉ်မရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်သူ့နီတိအရေးကြီးသည်

## အောင်ခိုင်မြင့်(ပညာရေး)

ကျောင်းများတွင် ယခုအခါ စာရိတ္တနှင့် ပြည်သူ့နီတိ အပါအဝင် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို သင်ရိုးဝင်ဘာသာရပ်များအဖြစ် ပြဋ္ဌာန်းပြီး မသင်မနေရ သတ်မှတ်ထားပြီးဖြစ်ပါသည်။ ကလေးသူငယ်များ၏ အပြုအမူ၊ အပြောအဆိုများ ယခင်ကထက် ပိုမိုယဉ်ကျေးသိမ်မွေ့လာကြသည်။ နေထိုင်မှုပုံစံများ စနစ်တကျဖြစ်လာသည်။ အားကစားလုပ်ဆောင်မှုကို စိတ်ဝင်စားလာကြသည်။ ဂီတအနုပညာဘက်တွင် ဝါသနာပါလာကြသည်။ အထူးသဖြင့် ပြည်သူ့နီတိဆိုင်ရာ အလေ့အကျင့်ကောင်းများကို မိဘများ၊ လုပ်သားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အဖွဲ့အစည်းများက ပိုမိုစိတ်ဝင်စားလာခဲ့ကြသည်။ ပြည်သူ့နီတိဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ ပြိုင်ပွဲများ၊ လူငယ်တွေ့ဆုံပွဲများ၊ ပြည်သူ့နီတိစကားဝိုင်းများ ကျင်းပလာသည်ကို တွေ့ရှိရသည်။ နိုင်ငံ့သားကောင်းများ ပေါ်ထွန်းစေရေးအတွက် အခြေခံအကျဆုံးသော အလေ့အကျင့်မှာ ပြည်သူ့နီတိစိတ်ဓာတ်နှင့် လိုက်နာကျင့်သုံးရမည့် အပြုအမူကောင်းများပင် ဖြစ်သည်။ လူကြီးလူကောင်းများဖြစ်လာစေရန် လူငယ်လူကောင်းများ ဦးဆုံးဖြစ်ဖို့ အရေးကြီးပါသည်။

### ပြည်သူ့နီတိ

ပြည်သူ့နီတိဟူသည်အဘယ်နည်း။ **"ပြည်သူ"** ဟူသည့် မြန်မာဝေါဟာရနှင့် **"နီတိ"** ဟူသည့် ပါဠိဝေါဟာရတို့ တွဲဖက်ပေါင်းစပ်ထားခြင်းဖြစ်ကာ **"ပြည်သူ"**၏အဓိပ္ပာယ်မှာ **"ပြည်သူပြည်သား"**၊ **"နိုင်ငံသား"**ဟု ဖော်ညွှန်းပြီး **"နီတိ"**၏အဓိပ္ပာယ်မှာ **"လမ်းညွှန်ဆုံးမသောစကား"**၊ **"ကျမ်း"**ဟု ဖော်ညွှန်းပါသည်။ ပြည်သူ့နီတိကို မြန်မာအဘိဓာန်တွင် **"ပြည်သူများ လိုက်နာဆောင်ရွက်ရန် ကျင့်ဝတ်"** ဟု ဖွင့်ဆိုထားသည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်သူ့နီတိဆိုသည်မှာ ပြည်သူပြည်သားများ အကျိုးစီးပွားတိုးတက်စေရန် နိုင်ငံသားတိုင်း စောင့်ထိန်းရမည်တို့ကို လမ်းညွှန်ထားခြင်း ဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သင်ကြားရသည့် ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ချမှတ်ထားကြောင်း လေ့လာတွေ့ရှိရသည်-

- ကိုယ်ကျင့်တရားဆိုင်ရာ မှန်ကန်သောအသိ၊ အပြုအမူများကို စနစ်တကျဝေဖန်ပိုင်းခြားကျင့်သုံးတတ်ရန်၊
- လူ့အခွင့်အရေးများကို တန်ဖိုးထားလေးစားပြီး နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများကို လိုက်နာကျင့်သုံးတတ်ရန်၊
- နိုင်ငံ့သားကောင်းအဖြစ်သာမက ကမ္ဘာ့နိုင်ငံသားတစ်ဦးအဖြစ် တန်ဖိုးထားပြုမူနေထိုင်တတ်ရန်ဟူသည့် ရည်ရွယ်ချက်များ ဖြစ်သည်။

ကျောင်းသားလူငယ်များ၏ အသက်အရွယ်ဖွံ့ဖြိုးမှုများကို အခြေခံလျက်သင်ယူမှုနယ်ပယ် လေးရပ်ကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါနယ်ပယ် လေးရပ်မှာ-

**လူမှုကျင့်ဝတ်နယ်ပယ်၊**
**အခွင့်အရေးနှင့် တာဝန်နယ်ပယ်၊**
**စည်းကမ်းနှင့် ဥပဒေနယ်ပယ်၊**
**ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနယ်ပယ်များဖြစ်ကြသည်။**

လူမှုကျင့်ဝတ်နယ်ပယ်တွင် မိသားစုအတွင်း ယဉ်ကျေးသော အပြုအမူ၊ အပြောအဆိုများကို နားလည်လက်ခံပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာစေခြင်း၊ မိသားစုများအကြားတွင် အပြန်အလှန်ရိုသေလေးစားမှုများကို နားလည်သဘောပေါက်လာစေခြင်း၊ မိသားစုအတွင်း ရိုးသားဖြောင့်မတ်တည်ကြည်စွာ နေထိုင်ရမည်ကို သိရှိလာခြင်း၊ ရိုးသားဖြောင့်မတ်မှု အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်လေ့ကျင့်ပေးခြင်း၊ မိသားစုအချင်းချင်း ချစ်ခင်မြတ်နိုးတန်ဖိုးထားလေးစားတတ်သည့် အပြုအမူများကို လက်တွေ့ဘဝတွင် ကျင့်သုံးတတ်လာစေခြင်း စသည့် အလေ့အကျင့်ကောင်းများ ပါဝင်သည်။

အခွင့်အရေးနှင့် တာဝန်နယ်ပယ်တွင် အခွင့်အရေးနှင့် တာဝန်၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်ခြင်း၊ လူ့အဖွဲ့အစည်းဝင်တစ်ဦးအနေဖြင့်လည်းကောင်း၊ နိုင်ငံသားတစ်ဦးအနေဖြင့်လည်းကောင်း ဆောင်ရွက်ရမည့် တာဝန်နှင့် ရရှိမည့်အခွင့်အရေးများကို ကောင်းစွာနားလည်စေခြင်း၊ မိမိနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားပြီး ဘိုးဘွားအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်အပြည့်အဝရှိသည်ကို သိရှိနားလည်စေခြင်းနှင့် တာဝန်ယူလိုစိတ်များ ဖြစ်ပေါ်စေခြင်းတို့ပါဝင်သည်။

စည်းကမ်းနှင့်ဥပဒေနယ်ပယ်တွင် စည်းကမ်းနှင့် ဥပဒေတို့၏ အဓိပ္ပာယ်ကို သိရှိနားလည်စေခြင်း၊ အိမ်စည်းကမ်း၊ ကျောင်းစည်းကမ်း၊ အဖွဲ့အစည်းစည်းကမ်းများကို တန်ဖိုးထားလေးစားတတ်လာစေခြင်း၊ ဥပဒေ၏ သဘောသဘာဝကို သိရှိသဘောပေါက်ပြီး နိုင်ငံသားတစ်ဦးအနေဖြင့် ဥပဒေဘောင်အတွင်းနေထိုင်ခြင်း၊ ဥပဒေကို သိရှိလေးစားလိုက်နာကျင့်သုံးတတ်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးခြင်းတို့ ပါဝင်သည်။

ငြိမ်းချမ်းစွာအတူနေထိုင်ခြင်းနယ်ပယ်တွင် အပြုသဘောဆောင်သည့် အတွေးအခေါ်များ၊ အပြုအမူကောင်းများရရှိပြီး ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားတတ်စေခြင်း၊ မိသားစုအတွင်းဖြစ်လေ့ရှိသည့် အယူအဆမတူကွဲပြားမှုများ၊ လူ့အဖွဲ့အစည်းအတွင်း ဖြစ်လေ့ဖြစ်ထရှိသော အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်တတ်သည့်နည်းလမ်းများ၊ အလေ့အကျင့်ကောင်းများရရှိစေခြင်း၊ ငြိမ်းချမ်းစွာပညာသင်ကြားမှုကို မြတ်နိုးတန်ဖိုးထားတတ်လာစေခြင်းတို့ ပါဝင်သည်။

### အခြေခံကျင့်စဉ်

စတမ်းဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခ ဝီလျံဒါမွန်က "ဒီမိုကရေစီ အောင်မြင်ချင်လျှင် ပြည်သူ့နီတိသင်ရမည်" ဟုပြောကြားခဲ့သည်ကို မှတ်သားမိသည်။ ဒီမိုကရေစီလူ့ဘောင်တွင် တရားမျှတမှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ တန်းတူအခွင့်အရေးရှိမှု၊ မတူကွဲပြားမှုကို နားလည်လက်ခံမှု စသည့် အလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ငယ်ရွယ်စဉ်ကျောင်းသားဘဝကပင် ပြုစုပျိုးထောင်လေ့ကျင့်ပေးရမည် ဖြစ်သည်။ ပြည်သူ့နီတိတွင် သင်ကြားရသည့် စုပေါင်းလုပ်ဆောင်တတ်မှု၊ တစ်ဦးကိုတစ်ဦး နားလည်ပြီး တန်ဖိုးထားတတ်မှု၊ စည်းကမ်းကို ရိုသေလိုက်နာမှု၊ ဝန်းကျင်ကောင်းများ ဖန်တီးတတ်မှု၊ တာဝန်ယူတတ်မှု၊ ရပိုင်ခွင့်ကို ရှေ့တန်းမတင်မှု စသည်တို့သည် ဒီမိုကရေစီလူ့ဘောင်၏ အခြေခံကျင့်စဉ်များပင် ဖြစ်သည်။ အမှန်စင်စစ် ပြည်သူ့နီတိအလေ့အကျင့်ကောင်းများသည် ကျောင်းများတွင်သာမက ဌာနတိုင်း၊ အဖွဲ့အစည်းတိုင်း၊ ရပ်ရွာ၊ ကျေးလက်၊ မြို့နယ်တိုင်းတွင်လည်း ရှိကြရမည် ဖြစ်သည်။

အခြေခံပညာမူလတန်းကျောင်းမှသည် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်အထိ ပြည်သူ့နီတိအလေ့အကျင့်ကောင်းများ ရှိရမည်ဖြစ်သည်။ ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ဖြစ်ထွန်းစေနိုင်သည်။

အခြေခံကျသော ဝန်ထမ်းမှသည် ပြည်ထောင်စုဝန်ကြီးအထိ ပြည်သူ့နီတိကျင့်စဉ်ကောင်းများကို ကိုယ်စီကျင့်သုံးလိုက်နာပါက ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုယန္တရားတစ်ရပ် ဖြစ်ထွန်းစေနိုင်ပါသည်။

မိသားစုအဖွဲ့အစည်းမှသည် နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်အထိ ပြည်သူ့နီတိကျင့်စဉ်ကောင်းများ လိုက်နာကျင့်သုံးရမည် ဖြစ်သည်။ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းကို ဖြစ်ထွန်းစေနိုင်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းစီမှသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီအထိ ပြည်သူ့နီတိအလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းမွန်သည့် ပုံရိပ်များပေါ်ထွက်လာမည် ဖြစ်သည်။

ဆိုလိုသည်မှာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကမှ ပြည်သူ့နီတိကျင့်စဉ်များဖြင့် ကင်းကွာ၍ မရနိုင်ပေ။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကလည်း ဤသို့မိန့်ဆိုခဲ့ဖူးသည်။

"တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ခဲဆုံး ဖြစ်လေသည်။ ဒီမိုကရေစီစနစ်အောင်မြင်ရန် ပြည်သူပြည်သားတို့သည် ဆင်ခြင်တုံတရားလုံလောက်အောင် ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်"ဟု မိန့်ဆိုခဲ့ခြင်းကို မှတ်သားခဲ့ဖူးပါသည်။ "ဆင်ခြင်တုံတရား" ဟူသည့်စကားရပ်သည် ပြည်သူ့နီတိနှင့် များစွာဆက်စပ်မှုရှိနေသည်။ ပြည်သူ့နီတိဆိုင်ရာ အတွေးအခေါ်၊ အသိအမြင်၊ အလေ့အကျင့်များသည် ဆင်ခြင်တုံတရားပြည့်ဝမှု အရည်အသွေးကို ကောင်းစွာမြင့်မားစေပါသည်။ စဉ်းစားချင့်ချိန်ဝေဖန်ဆန်းစစ်တတ်သည့် အသိဉာဏ်ကိုလည်း ထက်မြက်စေပါသည်။ ပြည်သူတစ်ဦးချင်းစီက ပြည်သူ့နီတိအလေ့အကျင့်ကောင်းများကို ကိုယ်စီကျင့်သုံးလိုက်နာခြင်းဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေမည်ဟု ယုံကြည်ပါသည်။

> ☆ **"ဆင်ခြင်တုံတရား"ဟူသည့် စကားရပ်သည် ပြည်သူ့နီတိနှင့် များစွာဆက်စပ်မှုရှိ**
>
> ☆ **ပြည်သူ့နီတိဆိုင်ရာ အတွေးအခေါ်၊ အသိအမြင်၊ အလေ့အကျင့်များသည် ဆင်ခြင်တုံတရားပြည့်ဝမှု အရည်အသွေးကို ကောင်းစွာမြင့်မားစေ၊ စဉ်းစားချင့်ချိန် ဝေဖန်ဆန်းစစ်တတ်သည့် အသိဉာဏ်ကိုလည်း ထက်မြက်စေ**
>
> ☆ **ပြည်သူတစ်ဦးချင်းစီက ပြည်သူ့နီတိအလေ့အကျင့်ကောင်းများကို ကိုယ်စီကျင့်သုံးလိုက်နာခြင်းဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေမည်ဟု ယုံကြည်**

သို့ဖြစ်၍ ကျောင်းများတွင် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား ပြည်သူ့နီတိ စိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများကို ဦးနှောက်မှတစ်ဆင့် ရင်ထဲအသည်းထဲစွဲပြီး လက်တွေ့ကျင့်သုံးနိုင်ရေး လေ့ကျင့်ပေးရန်လိုအပ်ပါသည်။ ကျောင်းသား ကျောင်းသူများကလည်း ရိုသေလေးစားတတ်ခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ ကွဲပြားခြားနားမှုကို နားလည်လက်ခံတတ်ခြင်း၊ စည်းကမ်းနှင့် လွတ်လပ်မှု၊ တာဝန်နှင့် ရပိုင်ခွင့်တို့အား ခွဲခြားသိမြင်တတ်ခြင်း စသည့်အလေ့အကျင့်များကို ငယ်ရွယ်စဉ်ဘဝကပင် လိုက်နာကျင့်သုံးသွားတတ်ကြစေရန် လိုအပ်ပါသည်။ ပြည်သူပြည်သားတစ်ဦးချင်းစီသည်လည်းကောင်း၊ လူမှုအဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတော်အဖွဲ့အစည်းအသီးသီးက သော်လည်းကောင်း ပြည်သူ့နီတိဆိုင်ရာ အလေ့အကျင့်ကောင်းများကို ယခုထက် ပိုမိုကျင့်သုံးဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ပြည်သူ့နီတိစိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရင့်ကျက်လာခြင်းသည် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံကျသော၊ ခိုင်မာသောအင်အားတစ်ရပ်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# ခနုံးချောင်းမူလတန်းကျောင်းနှင့် ယိုးဒယားတက်လမ်း ပြင်ဆင်ထိန်းသိမ်းမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကျောင်းကုန်း မေ ၁၃**

၂၀၁၉ - ၂၀၂၀ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ခနုံးချောင်း အခြေခံပညာမူလတန်းကျောင်းဆောင်သစ်အား ARCHI WORLD ကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေမှုကို ယနေ့နံနက် ၉ နာရီတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကျောင်းကုန်းမြို့နယ် ကံကလေးအုပ်စု ခနုံးချောင်း အခြေခံပညာမူလတန်းကျောင်းသည် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ အဆောက်အဦဖြစ်ပြီး ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ကျုံဖားရိုးအုပ်စု ယိုးဒယားတက်လမ်း ကွန်ကရစ်အက်ကွဲကြောင်းများ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၅၄ ဒသမ ၉၆ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေမှုတို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်းနှင့် ဦးခင်မောင်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခင်ဇော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# ရောဝတီတိုင်းဒေသကြီးအတွင်း သတင်းစာလပေး မှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ သတင်းစာဖတ် ပြည်သူများအတွက် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးဇော်ဝင်း | ပုသိမ် | ၀၉-၂၅၃၁၅၆၂၁၆ |
| ၂။ | ဦးမိုးကျော်သူ | ငပုတော | ၀၉-၂၅၀၂၂၅၂၈၅ |
| ၃။ | ဦးမောင်ကြီး | သာပေါင်း | ၀၉-၄၂၂၄၉၉၆၀၀ |
| ၄။ | ဦးတင်လှ | ကန်ကြီးထောင့် | ၀၉-၃၁၁၅၉၂၈၂ |
| ၅။ | ဦးကျော်လွင် | ဒါးက | ၀၉-၂၅၀၃၂၂၄၆၅ |
| ၆။ | ဦးဒေးဗစ် | ကျောင်းကုန်း | ၀၉-၃၅၀၁၁၇၀၅၁ |
| ၇။ | ဦးအေးမြင့် | ပန်းတနော် | ၀၉-၇၅၅၃၅၃၇၂၉ |
| ၈။ | ဦးမြင့်သိန်း | ညောင်တုန်း | ၀၉-၂၅၀၈၅၃၀၀၃ |
| ၉။ | ဦးကံညွန့် | အသုတ် | ၀၄၆-၀၃၃၅၅ |
| ၁၀။ | ဦးသန်းထွန်း | ငါးသိုင်းချောင်း | ၀၉-၂၅၀၅၈၁၉၁၈ |
| ၁၁။ | ဦးတင်မင်း | ဓနုဖြူ | ၀၉-၇၈၄၇၈၄၆၇၉ |
| ၁၂။ | ဦးလှမြိုင် | အိမ်မဲ | ၀၉-၇၇၉၉၉၇၀၇၇ |
| ၁၃။ | ဦးညဏ် | ကျုံပျော် | ၀၉-၄၄၉၀၀၃၂၃၇ |
| ၁၄။ | ဦးမောင်တင် | ရေကြည် | ၀၉-၇၈၂၄၂၅၆၇၄ |
| ၁၅။ | ဦးဝင်းဆွေ | မြောင်းမြ | ၀၉-၄၂၂၅၂၉၃၂၉ |
| ၁၆။ | ဦးအုန်းရွှေ | မဲဇလီကုန်း | ၀၉-၄၂၂၅၀၉၇၇၇ |
| ၁၇။ | ဦးသန်းမြတ်စိုး | ဝါးခယ်မ | ၀၉-၂၅၁၁၆၇၃၉၅ |
| ၁၈။ | ဒေါ်ကြည်ကြည်ဆွေ | ကျိုက်လတ် | ၀၉-၇၆၄၇၃၆၅၆၀ |
| ၁၉။ | ဒေါ်ခင်လေးမြင့် | ဖျာပုံ | ၀၉-၄၂၂၄၅၃၀၀၆ |
| ၂၀။ | ဦးဝင်းကျော်မြင့် | လပွတ္တာ | ၀၉-၄၅၁၂၄၄၅၉၅ |
| ၂၁။ | ဒေါ်အုန်းသန်း | ဟသ်ာတ | ၀၉-၇၉၅၃၁၂၅၉၂ |
| ၂၂။ | ဦးဌေးမင်း | ကြံခင်း | ၀၉-၆၈၃၇၇၈၃၄၅ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၀၆၀ | ၁၈၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၇၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၉၈၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၆၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၀ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၃-၅-၂၀၂၀ ရက်၊ ည (၈)နာရီ


## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၄၁၁၃၃၉ | ၂၉၈၆၄၃ | ၈၃၅၆၄ |
| စပိန် | ၂၇၁၀၉၅ | ၁၈၃၂၂၇ | ၂၇၁၀၄ |
| ရုရှား | ၂၄၂၂၇၁ | ၄၈၀၀၃ | ၂၂၁၂ |
| ဗြိတိန် | ၂၂၉၇၀၅ | စိစစ်ဆဲ | ၃၃၁၈၆ |
| အီတလီ | ၂၂၁၂၁၆ | ၁၀၉၀၃၉ | ၃၀၉၁၁ |
| ဘရာဇီး | ၁၇၉၄၅၇ | ၇၂၅၉၇ | ၁၂၅၃၁ |
| ပြင်သစ် | ၁၇၈၂၂၅ | ၅၇၇၈၅ | ၂၆၉၉၁ |
| ဂျာမနီ | ၁၇၃၅၄၆ | ၁၄၈၇၀၀ | ၇၇၈၀ |
| တူရကီ | ၁၄၁၄၇၅ | ၉၈၈၈၉ | ၃၈၉၄ |
| အီရန် | ၁၁၂၇၂၅ | ၈၉၄၂၈ | ၆၇၈၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၅၃၄၆ | ၄၈၀၉ | ၂၁ |
| အင်ဒိုနီးရှား | ၁၅၄၃၈ | ၃၂၈၇ | ၁၀၂၈ |
| ဖိလစ်ပိုင် | ၁၁၆၁၈ | ၂၂၅၁ | ၇၇၂ |
| မလေးရှား | ၆၇၇၉ | ၅၂၈၁ | ၁၁၁ |
| ထိုင်း | ၃၀၁၇ | ၂၈၄၄ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၅၂ | ၀ |
| မြန်မာ | ၁၈၀ | ၇၉ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၁ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

facebook



## အချက်အလက်များခိုးယူခြင်းနှင့် စပမ်မေးလ်ပို့ခြင်း မပြုလုပ်ရ

ကျွန်ုပ်တို့၏ အဖွဲ့ဝင် (member) များ လက်ခံခြင်းမရှိဘဲ စီးပွားရေးအရ အရောင်းအဝယ်ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ၎င်းတို့အား ဆက်သွယ်ခြင်း မပြုလုပ်ရန် သင့်အား တားမြစ်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ဖို့နဲ့ရို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# လွှတ်တော်အစည်းအဝေးတက်ရောက်မယ့် ကိုယ်စားလှယ်တွေကို ကိုဗစ်-၁၉ စစ်ဆေးဖို့အတွက် နမူနာယူတာတွေ ဆောင်ရွက်နေပါတယ်၊ အစည်းအဝေးမစခင် နောက်အကျဆုံး ဒီလ ၁၇ ရက်မှာ ရောဂါ ရှိ၊ မရှိ အဖြေတွေကို သိရမှာဖြစ်ပါတယ်

**အမြဲတမ်းအတွင်းဝန် ဦးကျော်စိုး**

နေပြည်တော်　　မေ　　၁၃

**ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိသည့် Coronavirus Disease 2019 (COVID-19)ကြောင့် ဒုတိယအကြိမ် (၁၆)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းခဲ့ရပြီး မေ ၁၈ ရက်တွင် ပြန်လည်ကျင်းပတော့မည်ဖြစ်ရာ အစည်းအဝေးတက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နီးပါး ရောက်ရှိသတင်းပို့ထားပြီး ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

"ယခင်လွှတ်တော် အစီအစဉ်တွေ ထုတ်ပြန်ထားတဲ့အထဲမှာ ပုံမှန်အားဖြင့် ဧပြီ ၂၇ ရက်က စတင်ကျင်းပဖို့ လျာထားပြီး ဖြစ်ပါတယ်။ (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးပြီးတဲ့နောက်မှာ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဒီ(၁၆) ကြိမ်မြောက် အစည်းအဝေးကို မေ ၁၈ ရက်မှာ ကျင်းပဖို့ ရွှေ့ဆိုင်းခဲ့တာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးကျော်စိုးက ပြောသည်။

"ဒီအစည်းအဝေးမှာ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ရမယ့် ပြည်ထောင်စုရဲ့ ဖြည့်စွက်ရန်ပုံငွေကိစ္စ အပါအဝင် မဖြစ်မနေ ဆောင်ရွက်ရမယ့်ကိစ္စတွေကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ လွှတ်တော်ပြက္ခဒိန်ရေးဆွဲရာမှာလည်း ဒါတွေကို အခြေခံပြီးရေးဆွဲရတာ ဖြစ်ပါတယ်။ လက်ရှိ ကပ်ရောဂါ အခြေအနေကြောင့် သုံးပတ်ရွှေ့ဆိုင်းထားခဲ့ရပါတယ်။ လုပ်စရာရှိတဲ့ကိစ္စတွေက မဖြစ်မနေလုပ်ပေးရမယ့် အနေအထားမျိုး ဖြစ်လာတဲ့အတွက် မေ ၁၈ ရက်မှာ အစည်းအဝေးကျင်းပဖို့ စီစဉ်လိုက်ရတာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေကိစ္စ၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်ကချေးယူမည့် အမေရိကန်ဒေါ်လာ သန်း ၅၀ ကိစ္စအပါအဝင် ဦးစားပေးဆောင်ရွက်ရမည့် ဥပဒေကြမ်းများကို ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"အစည်းအဝေးကျင်းပဖို့ စီစဉ်တဲ့အခါ ပုံမှန်အစည်းအဝေးသဘောမျိုး အနေနဲ့ပဲ ၂၁ ရက် ကြိုပြီးတော့ ကြေညာခဲ့တယ်။ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအသီးသီးကို ရောက်နေတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေအတွက် ပထမဆုံးစဉ်းစားရပါတယ်။ သူတို့အတွက် ကျန်းမာရေးစစ်ဆေးမှုနဲ့ သွားရေးလာရေးကိစ္စတွေကိုပါ စီစဉ်ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း တစ်ပတ်ကြိုတင်ခေါ်ယူထားပြီး ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး စစ်ဆေးဖို့အတွက် သတ်မှတ်ထားတဲ့ ညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်နိုင်ဖို့ စီစဉ်ထားပါတယ်။

"လွှတ်တော် ကိုယ်စားလှယ်တွေကို ကိုဗစ်-၁၉ စစ်ဆေးဖို့အတွက် နမူနာယူတာတွေ ဆောင်ရွက်နေပါတယ်။ ဒီရက်ပိုင်းမှာ မရောက်တဲ့သူကိုတော့ အစည်းအဝေးမှာ တက်ခွင့်မပေးတော့ပါဘူး။ အစည်းအဝေးမစခင် နောက်အကျဆုံး ၁၇ ရက်မှာ ရောဂါ ရှိ၊ မရှိ အဖြေတွေကို သိရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ရောက်ရှိသတင်းပို့တဲ့ ကောင်တာမှာ ထိုင်မယ့်ဝန်ထမ်းတွေ၊ ကိုယ်စားလှယ်တွေဆီကို စာရွက်စာတမ်းတွေ ဖြန့်ဝေမယ့် ဝန်ထမ်းတွေ၊ လွှတ်တော်အစည်းအဝေးကာလအတွင်းမှာ ထိတွေ့ဆက်ဆံဆောင်ရွက်ရမယ့် ဝန်ထမ်းတွေကို ကိုဗစ်-၁၉ စစ်ဆေးဖို့အတွက် နမူနာယူပြီး ဖြစ်ပါတယ်"ဟု ဦးကျော်စိုး က ပြောသည်။

"အစည်းအဝေးကျင်းပဖို့ ပြင်ဆင်ထားမှုအပိုင်း အနေနဲ့လည်း ပြည်ထောင်စု လွှတ်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များတဲ့အတွက် အဓိက အခက်အခဲက အစည်းအဝေးခန်းမအတွင်း နေရာချထားမှု ဖြစ်ပါတယ်။ လက်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမထဲမှာပဲ နေရာချထားမှုကို သတ်မှတ်ထားတဲ့ Social Distancing အကွာအဝေးဖြစ်အောင် အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်။ ကိုယ်စားလှယ်တွေထိုင်တဲ့ အောက်ထပ်မှာ လက်ရှိ ရှိတဲ့ ထိုင်ခုံနေရာတွေအပြင် နောက်ဘက်တွေမှာ ထပ်ပြီးတော့ ယာယီနေရာတွေစီစဉ်ရတယ်။ ယာယီနေရာတွေ ထည့်သွင်းစီစဉ်ပေးမယ့် အောက်ထပ်မှာ လွှတ်တော်ကိုယ်စားလှယ် ၄၆၀ ပဲ ဝင်ဆံ့ပါတယ်။ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၁၂၀ အတွက် အပေါ်ထပ် လေ့လာရေး စင်မြင့်နေရာမှာ နေရာချထားဖို့ ပြင်ဆင်ထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စာမျက်နှာ ၉ သို့ »»




ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးကျော်စိုး



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။





ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးသွင်းရန် စီစဉ်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းပေးသွင်းရန် စီစဉ်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ရန် အပူချိန်တိုင်းတာသည့် စက်တပ်ဆင်ထားမှုကို တွေ့ရစဉ်။

»»» **စာမျက်နှာ ၈ မှ**

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမအောက်ထပ်၌ ထပ်မံပြင်ဆင်ထားသည့် နေရာများနှင့် လေ့လာရေးစင်မြင့် နေရာများတွင် အစည်းအဝေး တက်ရောက်ကြမည့် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန်ရှိပါက FM Mic ဖြင့်သာ ဆွေးနွေးရမည်ဖြစ်ပြီး Voting ကိုလည်း လက်ရှိ အစည်းအဝေးခန်းနေရာချထားမှုအရ E-Voting စနစ်အစား မတ်တပ်ရပ်၍ ဆန္ဒမဲပေးရန် စီစဉ်ထားပြီး အဆိုပါ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များအား ကြိုတင်အသိပေးပြီး ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် (၁၆)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးများကို သတ်မှတ်ရက်ထက် နောက်ကျကျင်းပရသော်လည်း အချိန်တိုအတွင်း ပြီးစီးအောင် စီစဉ်ထားပြီး အစည်းအဝေးပြီးဆုံးရက်ကို ယခင်သတ်မှတ်ထားသည့် ဇွန် ၅ ရက်ထက် နောက်မကျဘဲ ပြီးစီးနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတက်ဖို့ လွှတ်တော်ကိုရောက်တဲ့အခါ ယခင်ကလို တစ်နေရာတည်းမှာပဲ ကားတွေစုရပ်တာမျိုး မဟုတ်ဘဲ တပ်မတော်သားအစုအဖွဲ့အတွက် တစ်နေရာ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအတွက် တစ်နေရာ၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေ အတွက်တစ်နေရာဆိုပြီး ယာဉ်စုရပ်တွေကို နေရာခွဲထားပါတယ်။ ဒါ့အပြင် မော်တော်ယာဉ်များအပေါ်မှာလည်း သတ်မှတ်ထားတဲ့ အကွာအဝေးနဲ့ လိုက်ပါစီးနင်းနိုင်အောင် စီစဉ်ထားပါတယ်။ အစည်းအဝေးတက်ရောက်ကြောင်း သတင်းပို့တဲ့ ကောင်တာတွေကိုလည်း ယခင်လိုမဟုတ်ဘဲ ဖြန့်ခွဲထားပြီးစနစ်တကျ သတင်းပို့နိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ဒါ့အပြင် လိုအပ်တဲ့ လက်ဆေးရည်တွေ၊ လက်ဆေးဆပ်ပြာတွေကိုလည်း စီစဉ်ပေးထားပါတယ်။

**ကြိုတင်ပန်ကြားထား**

"သတင်းရယူဖို့နဲ့ စပ်လျဉ်းပြီး မီဒီယာတွေကိုလည်း ယခင်က သတင်းမီဒီယာဌာနတစ်ခုအတွက် နှစ်ယောက်၊ သုံးယောက် ခွင့်ပြုပေမယ့် ယခုအခါမှာ တစ်ဦးပဲ ခွင့်ပြုပေးပါတယ်။ ဒါ့အပြင် အစည်းအဝေးကာလ တစ်လျှောက် ခွင့်ပြုထားတဲ့ သတင်းမီဒီယာသမားတစ်ဦးကပဲ လာရောက်သတင်းယူဖို့နဲ့ လွှတ်တော်ဝင်းအတွင်းမှာ မီဒီယာများအနေနဲ့ ဘယ်လွှတ်တော်ကိုယ်စားလှယ်ကိုမှ မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်း သတင်းရယူတာ မလုပ်ဖို့ မီဒီယာများကိုလည်း ကြိုတင်ပန်ကြားထားပြီး ဖြစ်ပါတယ်။

"လွှတ်တော် အကြီးအမှူးလူကြီးတွေက နေပြည်တော်အတွင်း သတ်မှတ်ထားတဲ့ ဧရိယာအတွင်းမှာပဲ နေထိုင်ကြတာဆိုတော့ လောလောဆယ်မှာ သီးခြားကျန်းမာရေး စစ်ဆေးဖို့ အစီအစဉ်မရှိပါဘူး။ နေပြည်တော်နယ်မြေအတွင်းမှာ ရှိနေတာမဟုတ်ဘဲ အနယ်နယ်အရပ်ရပ်က လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ဦးစားပေးပြီး ကျန်းမာရေး စစ်ဆေးမှုတွေ ဆောင်ရွက်တာ ဖြစ်ပါတယ်"ဟု ဦးကျော်စိုးက ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးကျင်းပနေစဉ် ကာလအတွင်း နေပြည်တော် ပြင်ပသို့ မထွက်ခွာရန်နှင့် သတ်မှတ်နေရာ၌သာ နေထိုင်ကြပြီး လွှတ်တော်ဆိုင်ရာ အစည်းအဝေးကိစ္စများကို ဆောင်ရွက်ကြရန်ပန်ကြားထားကြောင်း၊ ယခု ကျင်းပမည့် လွှတ်တော်အစည်းအဝေးရက်များအတွင်း လေ့လာသူများ လာရောက် ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

လွှတ်တော် အစည်းအဝေးများ ကျင်းပနေသည့် ကာလအတွင်း လွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် မီဒီယာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များရှိ အစည်းအဝေးခန်းမဝင်ပေါက်အားလုံးတွင် အပူချိန်တိုင်းတာသည့် စက်များ တပ်ဆင်ထားပြီး နေ့စဉ် ကျန်းမာရေးစစ်ဆေးမှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ကြမည့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ၊ ၎င်းတို့၏ အုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့ ရုံးဝန်ထမ်းများ၊ စားရိပ်သာတာဝန်ကျဝန်ထမ်းများ၊ ယာဉ်မောင်းများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း - မျိုးမြင့်**
**ဟန်လင်းနိုင်၊ မျိုးသူဟိန်း**
**ဓာတ်ပုံ - ဟိန်းမင်းစိုး**

---

**❐ ကျောဖုံးမှ**

တက်ရောက်ရန် အခွင့်အရေးကောင်းနေခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် လက်ရှိကမ္ဘာ့ချန်ပီယံ ကျန်ယူဘိုအပါအဝင် ကမ္ဘာ့ချန်ပီယံဟောင်းများဖြစ်သည့် ယူဟိုင်ထောင်နှင့် လီဟိုင်ထောင်၊ အိုးပင်း ချန်ပီယံ လီဘိုတို့ကို အနိုင်ကစားထားသည်။

**နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်**

ဘုန်းမြင့်ကျော်သည် ပထမအဆင့် သုံးပွဲကစားရန် ကျန်ရှိသေးသော်လည်း ယခုတစ်ပတ် ကစားမည့် နှစ်ပွဲတွင် အနိုင်ရပါက နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ ပထမအဆင့်ပွဲစဉ်များအပြီး အမှတ်အများဆုံး ရရှိသည့် ထိပ်ဆုံးသုံးဦးမှာ ဒုတိယအဆင့်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အဆင့် (၄)နှင့် (၅)ရရှိသူနှစ်ဦးမှာ ပြင်ပမှ နှစ်ဦးနှင့် Play-off ကစားပြီး တစ်ဦးသာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည် ဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ယင်းပွဲစဉ်များယှဉ်ပြိုင်ရန် မေ ၁၃ ရက်က ဟန်ကျိုး မြို့မှ ပြိုင်ပွဲကျင်းပသည့် ချောင်ရန်မြို့သို့ ထွက်ခွာခဲ့သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - Ko Ar Ti Facebook**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင် မူးယစ်ဆေး**

---

## ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် မေ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




မေ ၁၆ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သတိအလွန်မေ့တတ်သော ကိုကိုနှင့် သူ၏အဖေအကြောင်းကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ကိုကိုညီညီ" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ ဗဟုသုတ တိုးပွား စေရန်အလို့ငှာ ထူးခြားငှက်အမျိုးအစား တချို့အကြောင်းကို တင်ဆက်ထားသည့် "ထူးခြားငှက်များအကြောင်း တစေ့တစောင်း" သုတဆောင်းပါး၊ ရွှေပိုး၏ သူတစ်ပါးအပေါ် အထင်သေးနှိမ့်ချပြုမူပြောဆိုမိရာက နောင်တရကာ နောင်တွင် ထိုကဲ့သို့ အမှားမပြုလုပ်မိစေရန် မိမိကိုယ်မိမိ သတိပြုမိပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ရွှေပိုး-လျော်ကြေး"နှစ်မျက်နှာကာတွန်း၊ စာကြည့်တိုက်ကို ခေါ်လာပေးသော သူငယ်ချင်းညီညီနှင့် စာစောင်ဖတ်ရန် စာစောင်ရွေးပေးသော စာကြည့်တိုက်မှူးတို့အပေါ် ကျေးဇူးတင်မိသော မောင်ထွေးအကြောင်းကို သရုပ်ဖော်ထားသည့် ဝတ္ထုကဏ္ဍတို့အပါအဝင် ရွှေသွေးအင်္ဂလိပ် စကားဝိုင်း၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။

**ကြေးမုံ**

---

## တိုက်စစ်မှူး ကျော်ကိုကို ထိုင်းလိဂ်-၂ ကလပ် ချင်းမိုင်ယူနိုက်တက်အသင်းသို့ ရောက်ရှိ

**ရန်ကုန် မေ ၁၃**

မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး ကျော်ကိုကိုသည် ပြီးခဲ့သည့်ရက်ပိုင်းက ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်းနှင့် လမ်းခွဲပြီးနောက် ထိုင်းလိဂ်-၂ ကလပ် ချင်းမိုင်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

ကျော်ကိုကိုသည် ယမန်နေ့က ဆေးစစ်ပြီးနောက် ချင်းမိုင်ယူနိုက်တက်အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုသည် ဆူခိုထိုင်းအသင်းနှင့် လမ်းခွဲပြီးနောက်ပိုင်း အေးဂျင့်ဖြစ်သူမှတစ်ဆင့် အသင်းရှာဖွေခဲ့သော်လည်း ချင်းမိုင်ယူနိုက်တက်အသင်းနှင့် ညှိနှိုင်းမှုအဆင်ပြေသောကြောင့် အပြောင်းအရွှေ့ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုသည် ၂၀၁၈ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ချင်းရိုင်ယူနိုက်တက်အသင်း၊ ၂၀၁၉ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ဆာမတ်ပရာခန်အသင်း၊ ၂၀၂၀ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်းတို့တွင် ပါဝင်ကစားခဲ့သည်။ ကျော်ကိုကိုသည် ဆူခိုထိုင်းအသင်းတွင် လပိုင်းသာကစားခဲ့ပြီး ကျန်သည့်အသင်းများတွင် တစ်ရာသီကြာ ကစားခဲ့သည်။ ကျော်ကိုကိုသည် ချင်းရိုင်ယူနိုက်တက်အသင်းတွင် ဒူးဒဏ်ရာပြင်းထန်စွာရပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသောကြောင့် နောက်ပိုင်းတွင် အကောင်းဆုံးပုံစံရရန် ရုန်းကန်နေရသည်။ ကျော်ကိုကိုသည် ၂၀၁၈ ခုနှစ်ကတည်းက ထိုင်းကလပ်များတွင် သွားရောက်ကစားခဲ့ပြီး လေးသင်းမြောက်အသင်းအဖြစ် ချင်းမိုင်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

၂၀၂၀ ရာသီတွင် မြန်မာကစားသမား ငါးဦး ထိုင်းကလပ်အသင်းများ၌ သွားရောက်ကစားနေပြီး ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်းတွင် ဇော်မင်းထွန်း၊ Trat အသင်းတွင် အောင်ကောင်းမာန်၊ ထိုင်းလိဂ်-၂ ကလပ် ချိုင်းနတ်အသင်းတွင် မြတ်ကောင်းခန့်၊ ချင်းမိုင်ယူနိုက်တက်အသင်းတွင် ကျော်ကိုကို၊ ထိုင်းလိဂ်-၃ ကလပ် မြောင်ကန်ယူနိုက်တက်အသင်းတွင် ဆွမ်လမန်တို့ ပါဝင်ကစားလျက်ရှိသည်။

**ရှိုင်းထက်ဇော်**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ MGS Breweries Co., Ltd. က ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်း



ပဲခူး မေ ၁၃

MGS Breweries Co., Ltd. က ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီခွဲက လာရောက်ထောက်ပံ့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှူဒါန်း**

အဆိုပါထောက်ပံ့မှုနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက သဘာဝဘေးနှင့် ကြုံတိုင်း စီးပွားရေးလုပ်ငန်းရှင်ကြီးများက လာရောက်လှူဒါန်းကြသလို စေတနာ့ ဝန်ထမ်းများကလည်း မည်သည့်အချိန်မဆို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အစိုးရအဖွဲ့ကလည်း စေတနာ့ဝန်ထမ်းများကို ပြန်လည်ကူညီထောက်ပံ့ပေးနိုင်ရေး မြို့နယ်အလိုက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက် ရှိကြောင်းနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် MGS Breweries Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသန့်ဇင်ထွန်းနှင့် ဦးနေမင်းထွန်းတို့က တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၅၀၊ ကိုဗစ်-၁၉ ကျန်းမာရေးအသိပညာပေးစာအုပ် ၁၅၀ နှင့် ဆန်အိတ် ၅၀ တို့ကို ထောက်ပံ့လှူဒါန်းရာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**ဟိန်းထက်(ပဲခူး)**

## တောင်ကျွန်းကျေးရွာ၌ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှင့် ဆီငါးပိဿာစီ ထောက်ပံ့လှူဒါန်း

မြင်းခြံ မေ ၁၃

မြင်းခြံမြို့နယ် တောင်ကျွန်းကျေးရွာရှိပြည်သူများ ကိုဗစ်-၁၉ ကာလတွင် စားနပ်ရိက္ခာအခက်အခဲ မဖြစ်စေရေး အလှူရှင်က ဆန်နှင့် ဆီများကို ယမန်နေ့ ညနေ ၄ နာရီက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ယင်းသို့ လှူဒါန်းမှုတွင် မန္တလေးမြို့နေ ဦးမန်းစိန်(လင်းထိုက် မြန်မာ ကုမ္ပဏီ)က တောင်ကျွန်း ကျေးရွာရှိ အိမ်ထောင်စု ၃၆၀ အတွက် အိမ်ထောင်စု (၁)စုလျှင် ဆန်တစ်တင်းခွဲအိတ် တစ်အိတ်နှင့် ဆီငါးပိဿာ တစ်ပုံးတို့ကို ပေးအပ်ခဲ့သည်။ ဆန်နှင့်ဆီထောက်ပံ့ ပေးအပ်ရာတွင် လူစုလူဝေးမဖြစ်စေရန်၊ တစ်ဦးနှင့် တစ်ဦး ပူးကပ်ခြင်းမရှိစေရန် စနစ်တကျနေရာ သတ်မှတ်ပေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်စေခြင်း၊ ဆပ်ပြာဖြင့် လက်ဆေးစေခြင်းများ ပြုလုပ်စေခဲ့ကြောင်း သိရသည်။ ထိုသို့ လာရောက်လှူဒါန်းသည့်အတွက် အလွန် ကျေးဇူးတင်ကြောင်း တောင်ကျွန်းကျေးရွာမှ ဦးကြယ်နီက ပြောသည်။

**ကျော်စွာ(မြင်းခြံ)**

## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အလှူရှင်များက အလှူငွေနှင့်နှာခေါင်းစည်းများ လာရောက်လှူဒါန်း

ရန်ကုန် မေ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး၊ ရောဂါကာကွယ်ရေးအတွက် အလှူငွေ၊ နှာခေါင်းစည်းများနှင့် လိုအပ်သည်များတွင် အသုံးပြုနိုင်ရန် ပစ္စည်းများ လာရောက်လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် အင်းစိန်(GTI) ကန့်သတ်စောင့်ကြည့်စင်တာတို့တွင် လာရောက်လှူဒါန်းခဲ့သည်။



လှူဒါန်းရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ကုသရေးလုပ်ငန်းစဉ်များတွင် သုံးစွဲနိုင်ရန်အတွက် ဈေးကုန်း အနောက်ရပ်ကွက် ဒေါ်ခင်ပြုံးဝင်း (မြမန်းမေခေါက်ဆွဲဆိုင်) က အလှူငွေ ကျပ်တစ်သိန်း၊ ဒဂုန်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်က နှာခေါင်းစည်း အခု ၅၀၀၀၊ စဉ့်ငူရပ်ကွက် ဦးအောင်အောင်(မိသားစု)က နှာခေါင်းစည်းအခု ၇၀၀၊ ဦးနေဇင်နှင့်ဝန်ထမ်းများက ရေသန့်ကတ် ၄၅၀၊ Royal-D ကတ် ၂၄၀၊ နှာခေါင်းစည်း ၃၀၀၊ လက်အိတ် ၂၀၀၊ မျက်နှာဖုံးအကာ ၁၅ ခု၊ Mask 4 Myanmar Group က အဝတ်နှာခေါင်းစည်းအခု ၁၀၀၀ တို့ကို အသီးသီး လာရောက်လှူဒါန်းရာ အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ အင်းစိန်ဆေးရုံအုပ် ဒေါက်တာမေစန်းချိုနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ပစ္စည်း (၄)မျိုး ထောက်ပံ့

လှည်းကူး မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအတွက် ပစ္စည်း(၄)မျိုး ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့မရပ်ကွက်ရှိ အိမ်ထောင်စု ၁၄၈ စုအား ငါးထပ်ကြီးဘုရားစောင်းတန်းတွင် လည်းကောင်း၊ ကျွန်းကလေးကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၁၃၀ အား လယ်ပေါ်ဘုန်းတော်ကြီးကျောင်းနှင့် အိမ်ထောင်စု ၇၀ အား ကပျဉ်ရိုးဓမ္မာရုံတွင်လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုကို အလှူရှင် ဦးငွေးနိုင် (World Local Traing Co.,Ltd.) က အိမ်ထောင်စု ၂၈၃ စုအား လည်းကောင်း၊ ဦးမိုးကိုဇော် (Lady Rose Floral)က အိမ်ထောင်စု ၁၀၀ အားလည်းကောင်း၊ မဝါဝါဦး (ပန်းစွယ်တော်) စားသောက်ဆိုင်က အိမ်ထောင်စု ၁၀ စုတို့အား လည်းကောင်း စုစုပေါင်း အိမ်ထောင်စု ၃၄၈ စုတို့အတွက် We Love Yangon သို့ ပေးအပ်လှူဒါန်းခဲ့ပြီး We Love Yangon ၏ ဦးဆောင်မှုဖြင့် အိမ်ထောင်စု (၁)စုလျှင် ဆန် (၆)ပြည်၊ ကြက်သွန်နီ (၁)ပိဿာ၊ ဆီ (၅၀) ကျပ်သား၊ ငရုတ်သီးမှုန့် (၅)ကျပ်သားထုပ်တို့အား ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အေးမြတ်သူ၊ We Love Hlegu နှင့် Hlegu (HPRT) တို့ ပူးပေါင်း၍ အသီးသီး ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**




## လှိုင်ကော်မြို့၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

လွိုင်ကော် မေ ၁၃

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီက ကန္တာရဝတီလမ်း နာရီစင်၊ သီရိမင်္ဂလာဈေး(တောင်ဈေး)၊ ဒေါဥခူမီးပွိုင့်၊ ထေးငှားလျှားကန်ထောင့်၊ မိုင်းလုံးမီးပွိုင့် စသည့်နေရာတို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ ကြက်ခြေနီသူနာပြုအဖွဲ့များ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့များက လမ်းသွား လမ်းလာပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သော တိုင်းရင်းသားဘာသာနှင့် မြန်မာဘာသာပါ အသိပညာပေး လက်ကမ်းစာစောင်များကို ပေးဝေခဲ့ကြကြောင်း သိရသည်။

**စိုးလှိုင်ငွေး(ပြန်/ဆက်)**

## လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးစစ်တမ်းကောက်ယူခြင်း ဆောင်ရွက်မည်

လှိုင်သာယာ မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးစစ်တမ်းကောက်ယူခြင်း(သို့) ကူးစက်ရောဂါရှာဖွေစုံစမ်းဖော်ထုတ်ခြင်း (Fever Surveillance)ကို မေ ၁၆ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူထံမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၁၀)ရပ်ကွက်၊ ချန်းရိစက်ရုံ၊ ညောင်ရွာ၊ ဒိုင်စုကျေးရွာ၊ အတွင်းပဒံကျေးရွာ၊ အပြင်ပဒံကျေးရွာ၊ ကုလားကြီးစုကျေးရွာတို့တွင် အစုအဖွဲ့ပေါင်း ၄၅၀ ဖြင့် ကျန်းမာရေးစစ်တမ်းကောက်ယူခြင်း (သို့) ကူးစက်ရောဂါ ရှာဖွေစုံစမ်းဖော်ထုတ်ခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြသန္တာဝင်း(ပြန်/ဆက်)**

## ရေလိုအပ်လျက်ရှိသော ရွာကိုင်းကောင်းကျေးရွာ၌ သောက်သုံးရေများ လှူဒါန်း

ပိုင်ကျုံ မေ ၁၃

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ရွာကိုင်းကောင်းကျေးရွာတွင် နွေရာသီအပူချိန်မြင့်မားမှုကြောင့် ရေရှားပါးလျက်ရှိပြီး သောက်သုံးရေများလိုအပ်လျက်ရှိရာ မေ ၁၂ရက် ညနေ ၆ နာရီက လှိုင်းဘွဲမြို့ (ခ)ရပ်ကွက် အာဇာနည်လမ်းမှ အလှူရှင် ဦးချာပလပ် မိသားစုက သောက်သုံးရေများ သွားရောက်လှူဒါန်း 0ခဲ့ကြောင်း သိရသည်။

ထိုသို့သောက်သုံးရေလှူဒါန်းရာတွင် လှိုင်းဘွဲမြို့နယ် သတင်းရဲတပ်ဖွဲ့က ဦးဆောင်၍ Rescue အဖွဲ့ဥက္ကဋ္ဌ ဦးဝေယံလင်းနှင့်အဖွဲ့ဝင်များက ရွာကိုင်းကောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာရှိ အိမ်ခြေ ၂၃၆ အိမ်အတွက် လီတာ ၂၀ ဝင် သောက်ရေသန့်ဘူး ၃၀၀ ကို အိမ်တိုင်ရာရောက် ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**စောpဖိုး(ပြန်/ဆက်)**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ဒေါ်လာ ၂၆၀ ဘီလီယံကျော်တန် စီးပွားရေးပြန်လည်ကုစားမှုအစီအစဉ် အိန္ဒိယဝန်ကြီးချုပ် မိုဒီ ကြေညာ



**နယူးဒေလီ မေ ၁၃**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသော နိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးကူညီရန် အမေရိကန်ဒေါ်လာ ၂၆၀ ဘီလီယံကျော်တန်ကြေးရှိ စီးပွားရေးပြန်လည်ကုစားမှု အစီအစဉ်တစ်ခုကို အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီက ကြေညာလိုက်သည်။

**ဖြေလျှော့မှုအချို့ ပြုလုပ်မည်**

မတ်လနှောင်းပိုင်းက ချမှတ်ခဲ့သည့် အိမ်တွင်းနေ အမိန့်ကို စည်းမျဉ်းသစ်များနှင့်အတူ သက်တမ်းတိုးမည် ဖြစ်သော်လည်း အတိုင်းအတာတစ်ခုအထိ ဖြေလျှော့မှုအချို့ ပြုလုပ်မည်ဟု ယမန်နေ့က နိုင်ငံသို့ပြောကြားသည့် ရုပ်သံ မိန့်ခွန်းတစ်ခုအတွင်း မိုဒီကဆိုသည်။ အိန္ဒိယနိုင်ငံ ဂျီဒီပီ (ပြည်တွင်းအသားတင်ထုတ်ကုန်)၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသည့် စီးပွားရေးအစီအစဉ်သစ်က အသွားအလာကန့်သတ်ချက်ကြောင့် အလုပ်အကိုင်ဆုံးရှုံးသူများနှင့် စီးပွားရေးလုပ်ငန်းများသို့ ရည်ရွယ်မည်ဟု ၎င်းက ပြောသည်။

အစိုးရက စည်းမျဉ်းသစ်များနှင့် အစီအစဉ်အသေးစိတ်ကို မကြာမီထုတ်ပြန်မည်ဟု မိုဒီက ဆိုသည်။ ကာလကြာရှည်နေပြီဖြစ်သော အသွားအလာကန့်သတ်ချက်ကြောင့် ပိုမိုဆိုးရွားလာသော စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထု၏ အမျက်ဒေါသကိုဖြေလျှော့ရန် မိုဒီက ကြိုးပမ်းနေရပုံပေါ်သည်။

သို့သော်လည်း စည်းမျဉ်းများဖြေလျှော့မှုက အတည်ပြုလူနာ ၇၀၀၀၀ ကျော်ပြီဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ရောဂါကူးစက်မှုကို ပိုမိုမြင့်တက်လာစေနိုင်သည်ဟု အချို့က စိုးရိမ်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



## ဂျပန်ဆူမို နပန်းသမားတစ်ဦး ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံး

**တိုကျို မေ ၁၃**

ဂျပန်နိုင်ငံတွင် အသက် ၂၈ နှစ်အရွယ် ဆူမိုနပန်းသမားတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ယနေ့သေဆုံးခဲ့သည်ဟု ဂျပန်ဆူမိုအဖွဲ့က အတည်ပြုပြောကြားသည်။

တာကာဒါဂါဝါ ဆူမိုနပန်းအဖွဲ့မှ ဆူမိုနပန်းကစားသမား ရှိုဘုရှိသည် ဂျပန်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးသေဆုံးသည့် ပရော်ဖက်ရှင်နယ် ဆူမိုနပန်းကစားသမားတစ်ဦးဖြစ်လာခဲ့သည်။

ဆူမိုနပန်းသမား ရှိုဘုရှိသည် အဖျားဝေဒနာနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများခံစားရပြီးနောက် ဧပြီ ၈ ရက်တွင် ဆေးကုသမှုခံယူခဲ့သည်။ ထို့နောက် ဆေးစစ်ချက်မှတ်တမ်းအရ ၎င်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။

ဧပြီ ၁၉ ရက်တွင် ၎င်း၏ကျန်းမာရေးအခြေအနေ အလွန်ဆိုးရွားလာခဲ့သည့်အတွက် ဆေးရုံရှိ ဆရာဝန်များက ၎င်းအား အထူးကြပ်မတ်ကုသမှုများ လုပ်ဆောင်ပေးခဲ့သည်။

သို့သော် မေ ၁၃ ရက်တွင် ဆူမိုနပန်းသမား ရှိုဘုရှိသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြင့် သေဆုံးခဲ့ကြောင်း ဆရာဝန်များက အတည်ပြုပြောကြားခဲ့သည်။

ဆူမိုနပန်းသမား ရှိုဘုရှိသည် ဂျပန်ဆူမိုနပန်းလောကတွင် အဆင့်လေးဆင့်မြောက် ပရော်ဖက်ရှင်နယ်နပန်းကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသူဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အသက် ၁၁၃ နှစ်အရွယ် စပိန်ဘွားဘွား ပြန်လည်သက်သာလာ

**မက်ဒရစ် မေ ၁၃**

စပိန်နိုင်ငံရှိ Santa Maria del Tura ဘိုးဘွားရိပ်သာတွင် နေထိုင်သော အသက် ၁၁၃ နှစ်အရွယ် မာရီယာဘရန်ရက်အမည်ရှိ နိုင်ငံ၏ အသက်အကြီးဆုံးအမျိုးသမီးသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုမှ ပြန်လည်သက်သာလာကြောင်း ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများက ပြောကြားသည်။

အခုဆိုရင် ၎င်းဟာ ရောဂါသက်သာလာကာ နေကောင်းနေပါပြီဟု အဆိုပါ ဘိုးဘွားရိပ်သာမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ ၎င်းအား ပြီးခဲ့သည့်သီတင်းပတ်က ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စစ်ဆေးမှုပြုလုပ်ခဲ့ရာ ရောဂါပိုးမရှိကြောင်း တွေ့ရှိရသည်ဟု ၎င်းပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ဆက်လက်ပြောကြားသည်။ မာရီယာဘရန်ရက်အား ၎င်း၏အခန်းထဲတွင် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံဝတ်ဆင်ထားသော ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြုစုစောင့်ရှောက်နေပုံကို ရုပ်မြင်သံကြားလိုင်းတစ်ခုဖြစ်သော TV 3 က ပြသခဲ့သည်။ ၎င်းအစီအစဉ်တွင် မာရီယာဘရန်ရက်က ၎င်းအား ပြုစုစောင့်ရှောက်နေသော ကျန်းမာရေးဝန်ထမ်းကို ကြင်နာတတ်ပြီး ဂရုစိုက်မှုရှိသည်ဟု ပြောကြားခဲ့သည်။ ယင်းဘိုးဘွားရိပ်သာတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသောကာလအတွင်း သေဆုံးမှုများရှိခဲ့သည်။

ပြီးခဲ့သောနှစ်များအတွင်း စပိန်မီဒီယာများက ဘရန်ရက်အား နိုင်ငံ၏အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် ရေးသားဖော်ပြခဲ့သည်။ ၎င်းအား ၁၉၀၇ ခုနှစ် မတ် ၄ ရက်တွင် ဆန်ဖရန်စစ္စကိုတွင်မွေးဖွားပြီး ဖခင်မှာ စပိန်နိုင်ငံမှ သတင်းစာဆရာတစ်ဦးဖြစ်သည်။ ၎င်းသည် မိသားစုနှင့်အတူ စပိန်နိုင်ငံသို့ ပထမကမ္ဘာ စစ်အတွင်း လှေဖြင့်ရောက်ရှိလာခဲ့ပြီး ၁၉၁၈-၁၉၁၉ ခုနှစ်အထိ စပိန်နိုင်ငံတွင်ဖြစ်ပွားသော အအေးမိတုပ်ကွေးကပ်ရောဂါဖြစ်ပွားနေချိန်တွင်လည်း စပိန်နိုင်ငံ၌ နေထိုင်လျက်ရှိသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**







## ရုရှားသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**မော်စကို မေ ၁၃**

ရုရှားသမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပတ်စကော့က မိမိတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ရုရှားနိုင်ငံပိုင် သတင်းအေဂျင်စီများအား မေ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

၎င်းအနေဖြင့် ပြီးခဲ့သောရက်များအတွင်း သမ္မတပူတင်နှင့် နှာခေါင်းစည်းများ မဝတ်ဆင်ဘဲ အစည်းအဝေးများ ပြုလုပ်ခဲ့ကြောင်း ပြောကြားသည်။ “ဟုတ်ပါတယ်၊ ကျွန်တော်နေမကောင်းပါဘူး။ အခု ဆေးကုသမှုခံယူနေပါတယ်”ဟု ပတ်စကော့ကပြောကြားသည်။ ပက်စကော့သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသော ရုရှားထိပ်တန်းတာဝန်ရှိသူများအနက် တစ်ဦးဖြစ်သည်။

လွန်ခဲ့သောလက ဝန်ကြီးချုပ် မီခေးလ်မီရှုစတင်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် တာဝန်မှအနားယူကာ ဆေးကုသမှုခံယူခဲ့ရပြီး ဝန်ကြီးနှစ်ဦးမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည်။ လွန်ခဲ့သော သီတင်းပတ်များအတွင်း ရုရှားတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများမြင့်တက်လာခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၃၀၀၀၀ ရှိပြီး အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယဖြစ်ပွားမှု အများဆုံးနိုင်ငံဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား-အင်န်ဘီစီ၊ ဘာသာပြန်-စိုးသူရ**

# လုံခြုံရေးနှင့် ပတ်သက်၍ နေတန်ယာဟုနှင့် ဆွေးနွေးရန် မိုက်ပွန်ပီယို အစ္စရေးသို့ ရောက်ရှိ



**ဂျေရုဆလင် မေ ၁၃**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် အနောက်ဘက်ကမ်းဒေသ အစိတ်အပိုင်းအား တိုက်ခိုက်သိမ်းယူရန် အစ္စရေးအစိုးရ၏ ရည်ရွယ်ချက်နှင့် ဒေသဆိုင်ရာလုံခြုံရေးကိစ္စများနှင့်ပတ်သက်၍ အစ္စရေးခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေးရန် အစ္စရေးနိုင်ငံသို့ ယနေ့ ရောက်ရှိခဲ့ကြောင်း သိရသည်။

မိုက်ပွန်ပီယိုသည် ၎င်း၏ အစ္စရေးခရီးစဉ်ကို ဂျေရုဆလင်မြို့ရှိ ဝန်ကြီးချုပ်အိမ်တော်၌ ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံခြင်းဖြင့် အစပြုခဲ့ကြောင်း သိရသည်။

အစည်းအဝေးအစပိုင်းတွင် ပွန်ပီယိုက အီရန်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ဟု မှတ်ချက်ပေးခဲ့သည်။

ထို့ပြင် ပွန်ပီယိုက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်နှင့် ပတ်သက်၍ ရှေ့ဆက်လုပ်ဆောင်ရန် ကျန်ရှိသေးကြောင်း ပြောကြားသည်။

ပွန်ပီယိုသည် အစ္စရေးအစိုးရသစ်တွင် ကာကွယ်ရေးဝန်ကြီးဖြစ်လာမည့် ဘလူးနှင့် ဝိုက်ပါတီခေါင်းဆောင် ဘင်နီဂန့်ဇ်၊ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာမည့် ဘလူးနှင့် ဝိုက်ပါတီ၏ ဥပဒေပြုလွှတ်တော်အမတ် ဂါဘီအက်ရှ်ကယ်နာဇီနှင့် အစ္စရေးထောက်လှမ်းရေးတပ်ဖွဲ့ အကြီးအကဲ ယိုဆီကိုဟင်တို့ကိုလည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

မိုက်ပွန်ပီယိုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုဖြစ်ပွားခဲ့ပြီး နှစ်လနီးပါးကြာပြီးနောက် တဲလ်အဗစ်မြို့အနီးရှိ ဘင်ဂူရီယံအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပထမအကြိမ် ဆိုက်ရောက်လာခဲ့ပြီး ဂျေရုဆလင်မြို့သို့ ခရီးဆက်သွားကြောင်း သိရသည်။ ပွန်ပီယိုသည် အစ္စရေးနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ပြဋ္ဌာန်းထားသည့် အသွားအလာကန့်သတ်မှုအစီအစဉ်မှ ကင်းလွတ်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

အမေရိကန်ထိပ်တန်းသံတမန် ပွန်ပီယိုသည် နေတန်ယာဟုနှင့် ဂန့်ဇ်တို့၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားမတိုင်မီ တစ်ရက်အလိုတွင် အစ္စရေးနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ နေတန်ယာဟုသည် သိမ်းပိုက်နယ်မြေအနောက်ဘက်ကမ်းဒေသ အစိတ်အပိုင်းဖြစ်သည့် ဂျော်ဒန်ချိုင့်ဝှမ်းကို တိုက်ခိုက်သိမ်းယူရန် ထပ်ကာတလဲလဲ ပြောဆိုလေ့ရှိသည်။ ပြီးခဲ့သည့် ဧပြီလက နေတန်ယာဟုနှင့် ဂန့်ဇ်တို့အကြား လက်မှတ်ရေးထိုးထားသော ညီညွတ်ရေးစာချုပ်အရ နေတန်ယာဟုသည် အဆိုပါ နယ်မြေသိမ်းယူမှုကို ယခုနှစ် ဇူလိုင်လတွင် စတင်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ နယ်မြေတိုက်ခိုက်သိမ်းပိုက်မှုသည် ထရမ့်၏ ငြိမ်းချမ်းရေးအစီအစဉ် အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း အမေရိကန်အနေဖြင့် ထောက်ခံမှုရှိ/မရှိ ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ပါလက်စတိုင်း၊ အာရပ်အဖွဲ့ချုပ်နှင့် ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာဖိုရမ်သည် အမေရိကန်၏ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအစီအစဉ်ကို နိုင်ငံတကာဥပဒေ ချိုးဖောက်ခြင်းပင်ဖြစ်သည်ဟုဆိုကာ ဆန့်ကျင်ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ



## အာဖဂန်နစ္စတန်နိုင်ငံရှိ သားဖွားဆေးရုံကို သေနတ်သမားများ တိုက်ခိုက်ရာ ၁၄ ဦး သေ၊ ၁၆ ဦး ဒဏ်ရာရ

**ကဘူးလ် မေ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ သားဖွားဆေးရုံတစ်ခုအား တိုက်ခိုက်မှုတွင် မွေးကင်းစကလေးများအပါအဝင် လူ ၁၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ယမန်နေ့က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီးနောက် ကဘူးလ်မြို့တော်ရှိ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) က ဖွင့်လှစ်ထားသော ဆေးရုံတစ်ခုကို သေနတ်သမားများက စီးနင်းတိုက်ခိုက်ခဲ့သည်။ မိခင်များ၊ ကလေးငယ်များနှင့် သူနာပြုများမှာ သေနတ်သမားများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြားတွင် ပိတ်မိသွားခဲ့ပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ဆေးရုံဝန်းကျင်၌ လူ ၁၀၀ ခန့်ရှိခဲ့ကြောင်း ဆေးရုံရှိ သတင်းရင်းမြစ်များက ပြောသည်။ လုံခြုံရေးတပ်ဖွဲ့က သေနတ်သမားသုံးဦးကို သုတ်သင်ခဲ့ကြောင်း သိရသည်။ တိုက်ခိုက်မှုအတွက် မည်သည့်အဖွဲ့ကမျှ တာဝန်ယူခဲ့ခြင်းမရှိပေ။ အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်အဖွဲ့နှင့် အိုင်အက်စ်အဖွဲ့တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏ ကြုံတွေ့ရသည်။

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့လျက်ရှိသော အာဖဂန်နစ္စတန်နိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများအပေါ် တိုက်ခိုက်မှုများက စိုးရိမ်မှုများကို မြင့်တက်လာစေသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ကျော်ထိုက်စိုး

## ဆေးရုံမီးလောင်မှုများနှင့် ဆက်နွယ်နေသည့် အသက်ရှူအထောက်အကူပြုကိရိယာများ အသုံးပြုမှုကို ရုရှား ဆိုင်းငံ့

**မော်စကို မေ ၁၃**

ကိုရိုနာဗိုင်းရပ်စ် ကုသရေးဆေးရုံများ၌ ခြောက်ဦးသေဆုံးခဲ့သည့် မီးလောင်မှုနှစ်ခုနှင့်ဆက်စပ်မှုရှိသော အသက်ရှူအထောက်အကူပြုကိရိယာများ အသုံးပြုမှုကို ရပ်ဆိုင်းကြောင်း ရုရှားနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့အစည်း ရို့ဇ်ဒရာဗ်နဒ်ဇော (Roszdravnadzor)က မေ ၁၃ ရက်တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

၎င်းအဖွဲ့အစည်းက ရိုစတက် (Rostec) စီးပွားရေးလုပ်ငန်းစု၏ အစိတ်အပိုင်းဖြစ်သည့် ယူရယ်လ်စ် (Urals) စက်ရုံက ဧပြီ ၁ ရက်မှစ၍ ထုတ်လုပ်ခဲ့သည့် အဗန်တာ-အမ်(Aventa-M) အသက်ရှူအထောက်အကူပြုကိရိယာများကို ရုရှားနိုင်ငံ၏ နယ်နိမိတ်အတွင်း အသုံးပြုမှုကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း မီးလောင်မှုများဖြစ်ပွားခဲ့သည့် မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့ရှိ ကိုရိုနာဗိုင်းရပ်စ်ရောဂါကုသရေးဆေးရုံများတွင် လူနာများကို ကုသရန်အတွက် ၎င်းကိရိယာများကို အသုံးပြုခဲ့ကြောင်း ယင်းအမိန့်ကြေညာချက်တွင် ဖော်ပြသည်။

ပြီးခဲ့သည့်သီတင်းပတ်က မော်စကိုမြို့ရှိ စပါဆိုကူကော့စကီးဆေးရုံမီးလောင်မှုတွင် လူတစ်ဦး သေဆုံးခဲ့ပြီး အင်္ဂါနေ့က စိန့်ပီတာစဘတ်မြို့ရှိ ဆေးရုံမီးလောင်မှုတွင် လူငါးဦး သေဆုံးခဲ့သည်။ စုံစမ်းစစ်ဆေးသူများက ဆေးရုံနှစ်ရုံ၌ မီးလောင်မှုဖြစ်ပွားရသည့် အခြေအနေများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကျန်းမာရေးစောင့်ရှောက်မှုကို ကြီးကြပ်ကွပ်ကဲသည့် ရုရှားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် တာရှာနာ ဂိုလီကိုဗာက မေ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်လူနာများကို ကုသရန်အတွက် အသက်ရှူအထောက်အကူပြုကိရိယာ ၆၇၁၁ ခုကို ၎င်းတို့၏ စက်ရုံများက ထုတ်လုပ်မည်ဖြစ်ကြောင်း ရိုစတက် (Rostec) စီးပွားရေးလုပ်ငန်းစုက ပြီးခဲ့သည့်လက ပြောကြားခဲ့သည်။ သို့သော်လည်း ၎င်းအသက်ရှူအထောက်အကူပြုကိရိယာများတွင် အဗန်တာ-အမ် (Aventa-M) မော်ဒယ် မည်မျှပါဝင်သည်ကို အသေအချာ မသိရသေးပေ။

ရုရှားနိုင်ငံက အမေရိကန်နိုင်ငံသို့ ဧပြီ ၁ ရက်က ပေးပို့ခဲ့သည့် ဆေးဘက်ဆိုင်ရာအကူအညီပစ္စည်းများတွင် အသက်ရှူအထောက်အကူပြုကိရိယာများလည်း ပါဝင်သည်။ သို့သော်လည်း အဆိုပါပစ္စည်းများကို လက်ခံရရှိခဲ့သည့် အမေရိကန်ပြည်ထောင်စု အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ၎င်းအသက်ရှူအထောက်အကူပြုကိရိယာများကို အသုံးပြုခဲ့ခြင်းမရှိကြောင်း တာ့စ်သတင်းအေဂျင်စီသို့ ပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - အောင်ဇော်လင်း

## အားကစားလုပ်ဆောင်စဉ် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းကို ရှောင်ကြဉ်ရမည်ဟု တရုတ်ပညာရေးဝန်ကြီးဌာန ပြောကြား

**ပေကျင်း မေ ၁၃**

စာသင်ကျောင်းများတွင် ကျောင်းသားကျောင်းသူများအနေဖြင့် နှာခေါင်းစည်းများဝတ်ဆင်ကာ ကိုယ်ကာယအားကစားပြုလုပ်ခြင်းကို ရှောင်ကြဉ်ကြရန် တားမြစ်ပိတ်ပင်သည့် အမိန့်စာတစ်ရပ်ကို တရုတ်ပညာရေးဝန်ကြီးဌာနက ယနေ့ထုတ်ပြန်ကြေညာခဲ့သည်။

ဧပြီလအတွင်းတွင် ဟူနန်၊ ဟီနန်နှင့် ရှီကျန်းမြို့များ၌ နှာခေါင်းစည်းဝတ်ဆင်ကာ ကိုယ်ကာယအားကစား လုပ်ဆောင်သော ကျောင်းသားသုံးဦး သေဆုံးခဲ့ပြီးနောက် အဆိုပါကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောင်းသားသုံးဦးသည် နှာခေါင်းစည်းများဝတ်ဆင်ကာ တာဝေးအပြေးပြိုင်ပွဲများနှင့် အခြားအားကစားပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယင်းကျောင်းသားများသည် အားကစားပြိုင်ပွဲများ ပါဝင်ဆင်နွှဲစဉ် N95 နှာခေါင်းစည်းများကို ဝတ်ဆင်ထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့ကြောင့် အားကစားလုပ်ဆောင်စဉ် နှာခေါင်းစည်းများ ဝတ်ဆင်ထားခြင်းကြောင့် အသက်ရှူပိတ်ကာ ကျောင်းသားသုံးဦး သေဆုံးခဲ့သည့်အတွက် ကိုယ်ကာယအားကစားလုပ်ဆောင်စဉ် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုလျော့ကျသွားသည့် တရုတ်နိုင်ငံဒေသအများအပြားရှိ အခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်ရန် နှာခေါင်းစည်းများ ဝတ်ဆင်ထားသော တရုတ်ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်၍ ဖီဂျီနှင့် ကနေဒါဝန်ကြီးချုပ်တို့ ဆက်သွယ်ဆွေးနွေး


ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုး


ဖီဂျီဝန်ကြီးချုပ် ဗိုရက်ခ်ဘိုင်နီမာရာမာ

**ဆူဗာ မေ ၁၃**
ဖီဂျီဝန်ကြီးချုပ် ဗိုရက်ခ်ဘိုင်နီမာရာမာသည် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ယခု သီတင်းပတ်အစောပိုင်းက ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးနှင့် တယ်လီဖုန်းဖြင့် ဆယ်သွယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**လက်ခံသဘောတူ**

ဗိုရက်ခ်ဘိုင်နီမာရာမာနှင့် ဂျက်စတင်ထရူးဒိုးတို့သည် ဆွေးနွေးစဉ်အတွင်း နိုင်ငံတကာညှိနှိုင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက်ဖလှယ်မှုသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးအတွက် အဓိကကျသောအချက်ပင်ဖြစ်သည်ဟု လက်ခံသဘောတူခဲ့ကြကြောင်း ဖီဂျီအသံလွှင့်ကော်ပိုရေးရှင်းက ယနေ့ ကြေညာသည်။

ဗိုရက်ခ်ဘိုင်နီမာရာမာနှင့် ဂျက်စတင်ထရူးဒိုးတို့သည် နှစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် ပြည်သူများ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဖလှယ်ခဲ့ကြသလို ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် ထိန်းချုပ်ရေးနယ်ပယ်၌ အားနည်းသော နိုင်ငံများအား အကူအညီပေးရန် လိုအပ်ပုံကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် စီးပွားရေးလုံခြုံမှုအပေါ် နှစ်နိုင်ငံ၏ ကတိကဝတ်ပြုမှုကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။

**ကောင်းမွန်လျက်ရှိ**

ဖီဂျီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈ ဦးရှိပြီး ၎င်းတို့အနက် ၁၄ ဦးသည် ပြန်လည်ကျန်းမာလာခဲ့ရာ လောလောဆယ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လေးဦးသာ ကျန်ရှိတော့ကြောင်း၊ သို့သော် အဆိုပါလူနာလေးဦးတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ယမန်နေ့ နေ့လယ်ပိုင်းအထိ ရရှိထားသည့် ကိန်းဂဏန်းများအရ ကနေဒါနိုင်ငံတွင် ကိုဗစ် -၁၉ ရောဂါ ကူးစက်ခံရသူ ၇၁၁၀၀ ရှိပြီး ၎င်းတို့အနက် ၅၀၀၀ ကျော်သည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ပြည်ပသို့ ဆန်တင်ပို့မှု ပြန်လည်စတင်ရန် ကုမ္ပဏီများကို ကမ္ဘောဒီးယားအစိုးရ ခွင့်ပြု

**ဖနောင်ပင် မေ ၁၃**
လာမည့် ရက်သတ္တပတ်မှစ၍ ပြည်ပသို့ ဆန်တင်ပို့မှု ပြန်လည်စတင်ရန်အတွက် ကုမ္ပဏီများကို ကမ္ဘောဒီးယားအစိုးရက ယနေ့ခွင့်ပြုသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်တွင်း၌ ဆန်ဖူလုံစေရန်အတွက် ပြည်ပသို့ ဆန်တင်ပို့ခြင်းကို တစ်လကျော်ကြာအောင် တားမြစ်ခဲ့ပြီးနောက် ယခုကဲ့သို့ ပြန်လည်ခွင့်ပြုခြင်းဖြစ်သည်။

နိုင်ငံအတွင်း၌ တစ်လအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသည့်လူနာအသစ် မတွေ့ရှိရသည့်နောက် ကမ္ဘောဒီးယား ဆန်စပါးအသင်းချုပ်၏ မေတ္တာရပ်ခံချက်အရ ပြည်ပသို့ ဆန်တင်ပို့ခြင်းကို ပြန်လည်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်၏ မေတ္တာရပ်ခံချက်အရ နိုင်ငံခြားမှ ဆန်မှာယူမှုအပေါ်မူတည်၍ ပြည်ပသို့ ဆန်တင်ပို့မှုကို မေ ၂၀ ရက်မှ စ၍ ပြန်လည်ခွင့်ပြုရန် အစိုးရက ဆုံးဖြတ်ခဲ့ကြောင်း စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး အွန်ပွန်မိုနီရော့သ်က ထုတ်ပြန်ကြေညာသည်။

ယခုနှစ် ပထမလေးလအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် ပြည်ပသို့ ဆန်တန်ချိန် ၃၀၀၂၅၂ တန် တင်ပို့ခဲ့ရာ ယခင်နှစ် အလားတူကာလကထက် ပြည်ပသို့ ဆန်တင်ပို့မှု ၄၀ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ အဝတ်အထည်ထုတ်လုပ်သူများ အဖွဲ့အစည်းသို့ ပေးပို့သည့် အခြားထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ပြည်တွင်း၌ အသုံးပြုရန်နှင့် ပြည်ပသို့ တင်ပို့ရန်အတွက် နှာခေါင်းစည်းများ၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် အကာအကွယ်ဝတ်စုံများကို ထုတ်လုပ်ကြရန် အစိုးရက စက်ရုံများကို အားပေးကြောင်း ဝန်ကြီးက ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ ကမ္ဘောဒီးယားနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၂၂ ဦးနှင့် ပြန်လည်ကျန်းမာလာသူ ၁၂၀ ဦးရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ဇော်လင်း**

# ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ထိန်းချုပ်မှု ရှေ့လတွင် အဆုံးသတ်မည်ဟု ဂျာမနီပြောကြား



ဂျာမနီပြည်ထဲရေးဝန်ကြီး ဟော့စ်ဆီ ဟိုဖာ

**ဘာလင် မေ ၁၃**
ဂျာမနီနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်း လျော့ကျလာခဲ့ရာ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် နယ်စပ်ဒေသ ထိန်းချုပ်မှုကို ဇွန်လ အလယ်ပိုင်းတွင် အဆုံးသတ်ရန် ရည်ရွယ်ကြောင်း အစိုးရက ယနေ့ ပြောကြားသည်။

ဂျာမနီနိုင်ငံသည် ဇွန်လလယ်မှစ၍ ဥရောပတိုက်တစ်ခုလုံးသို့ လွတ်လပ်စွာ ခရီးသွားလာနိုင်ရန် စီစဉ်ထားသလို အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဒေသများ၌ အသွားအလာကန့်သတ်မှုများကို ယခုသီတင်းပတ်မှစ၍ တဖြည်းဖြည်းချင်း ဖြေလျှော့သွားမည်ဖြစ်ကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီး ဟော့စ်ဆီ ဟိုဖာက သတင်းထောက်များအား ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ပြီးခဲ့သည့်နှစ်လခန့်က ဂျာမနီနှင့် လူဇင်ဘတ်နယ်စပ်အကြား ချမှတ်ထားသည့် အသွားအလာ ကန့်သတ်မှုများကို မေ ၁၅ ရက်မှ အဆုံးသတ်မည်ဖြစ်သလို ဩစတြီးယား၊ ဆွစ်ဇာလန်နှင့် ပြင်သစ်နယ်စပ်အကြား အသွားအလာကန့်သတ်မှုကိုလည်း မေ ၁၅ ရက်မှစ၍ တဖြည်းဖြည်းချင်း ဖြေလျှော့သွားမည်ဖြစ်ပြီး စီးပွားရေးခရီးစဉ်နှင့် မိသားစု အလည်အပတ်ခရီးစဉ်များကို စတင်လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါနိုင်ငံများနှင့် နယ်စပ်ထိန်းချုပ်မှုများကို ဇွန် ၁၅ ရက်တွင် အဆုံးသတ်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကိုလည်း ထိန်းချုပ်နိုင်တော့မည်ဟု ယူဆရကြောင်း ပြည်ထဲရေးဝန်ကြီးက ထပ်မံပြောကြားသည်။

နယ်စပ်ဂိတ်များ အဖွင့်အပိတ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတိုက်ဖျက်ရေးနယ်ပယ်၌ မိမိတို့အားလုံး၏ ကြိုးပမ်းလုပ်ဆောင်မှုအပေါ် မူတည်ကြောင်း၊ နယ်စပ်ဒေသထိန်းချုပ်မှု ဖြေလျှော့ရေးဆိုင်ရာ အစီအမံကို ပြီးခဲ့သည့်သီတင်းပတ်က ပြုလုပ်သည့် အိမ်နီးချင်းနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးစဉ် သဘောတူခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံကဲ့သို့သော ဥရောပမဟုတ်သည့် နိုင်ငံများသို့ ခရီးသွားလာမှုကိုမူ အနည်းဆုံး ဇွန် ၁၅ ရက်အထိ ဆက်လက်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန်- ဂျေတီ**

# အင်ဒိုနီးရှား လောင်စာဆီတင်သင်္ဘော မီးလောင်မှုတွင် ခုနစ်ဦးထက်မနည်း သေဆုံး



**မီဒန် မေ ၁၃**
အင်ဒိုနီးရှား လောင်စာဆီတင်သင်္ဘောတစ်စင်းပေါ်တွင် ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် တစ်ရက်အကြာတွင် ကယ်ဆယ်ရေးသမားများက မီးလောင်ကျွမ်းထားသော အလောင်း ခုနစ်လောင်းကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ပိတ်မိနေခဲ့**

မီးလောင်သေဆုံးသူများမှာ အင်ဒိုနီးရှားနိုင်ငံ၏ အလုပ်အများဆုံး ဆိပ်ကမ်းတစ်ခုဖြစ်သည့် မြောက်ဆုမားတြားကျွန်းရှိ ဘီလာဝမ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော မီတာ ၂၅၀ ရှိ လောင်စာဆီတင်သင်္ဘော Jag Leela ပေါ် ပိတ်မိနေခဲ့သည်။ ပြုပြင်မွမ်းမံရန် ဆိုက်ကပ်ထားသော အင်ဒိုနီးရှားနိုင်ငံအလံလွှင့်ထူထားသည့် လောင်စာဆီတင်သင်္ဘောပေါ်ရှိ မီးတောက်များ ငြိမ်းသတ်ရန် အခြားစက်လှေတစ်စင်းပေါ်ရှိ မီးသတ်သမားများက နာရီပေါင်းများစွာ ကြိုးပမ်းခဲ့ရသည်။ "သေဆုံးသူတွေက မီးလောင်ချိန်မှာ အပြင်ကိုထွက်တဲ့လမ်း မရှာဖွေနိုင်ဘဲ ပိတ်မိနေသူတွေဖြစ်ပါတယ်" ဟု ဒေသန္တရရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောသည်။

**ပျောက်ဆုံးနေ**

မီးလောင်သေဆုံးသူများ မည်သူမည်ဝါဖော်ထုတ်ရန် ဒီအင်န်အေစစ်ဆေးမှုများ လုပ်ဆောင်နေပြီး အမှုထမ်းအချို့ ပျောက်ဆုံးနေကြောင်း ၎င်းက ဆိုသည်။ မီးလောင်ကျွမ်းမှုကြောင့် ၂၂ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ပြီး ပေါက်ကွဲမှုနှင့် မီးလောင်ကျွမ်းရသော အကြောင်းရင်းကို မသိရသေးကြောင်း အာဏာပိုင်များက ဆိုသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# သဃ်နန်းကျွန်းနှင့် မိုးမိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၃ နာရီက သဃ်နန်းကျွန်းမြို့နယ် သုဝဏ္ဏ-၂၉ ရပ်ကွက် ကောက်စောလမ်းရှိ မသွင့်ဝါဝါဇော်(ခ)မဝါ၏ နေအိမ်တိုက်ခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ လှမျိုး(ခ)ဝေယံအားတွေ့ရှိရပြီး ဗီရိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၃ နာရီခွဲက တပ်မတော်မှ မိုးမိတ်မြို့နယ် စင့်ကင်ကျေးရွာ မြို့ရှောင်လမ်းတွင် လှငွေ မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ရွှေလေး မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရှာဖွေရန်တားဆီးစဉ် ရွှေလေးမှာ ဆိုင်ကယ်ကိုထား၍ ထွက်ပြေးသွားခဲ့ပြီး လှငွေအား ဖမ်းဆီးရမိကာ ဆိုင်ကယ်နှစ်စီးပေါ်မှ ငွေကျပ်သိန်း ၁၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ နှင့် လှငွေထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



လှငွေအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သစ်တန် ၄၀၀ ခန့် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ် ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မေ ၄ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၄၆ ဒသမ ၆၆၆ဝ တန်၊ သစ်မာ ၉၃ ဒသမ ၁၂၂၉ တန်၊ အခြား ၂၅၉ ဒသမ ၉၆၁၀ တန် စုစုပေါင်း ၃၉၉ ဒသမ ၇၅၀၀ တန်၊ ဖြစ်မှုကျူးလွန်သူ ၄၅ ဦး၊ ယာဉ်/ယန္တရား ၄၃ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# မတ္တရာမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**မတ္တရာ မေ ၁၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ကန်ကျေးရွာအုပ်စု မြေနီတောင်တွင် ယနေ့နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် တောင်စောင်းရှိ ညစောင့်လုံခြုံရေးတဲတစ်လုံး ပြုတ်ကျခဲ့သဖြင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား မတ္တရာမြို့မရဲစခန်းမှ စခန်းမှူးနှင့်အဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ တောင်ကန်ကျေးရွာ မြေနီတောင်ရှိ အယ်လ်ဖာဘီလပ်မြေစက်ရုံမှ ညစောင့် ဦးအုန်းစီနှင့် ဦးမြင့်တို့သည် ထရံကာ၊ သွပ်မိုးတဲထိုး၍ လုံခြုံရေးဆောင်ရွက်စဉ် ယနေ့ နံနက် ၃ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် အဆိုပါတဲမှာ တောင်အောက်သို့ ပြုတ်ကျခဲ့ရာ ဦးအုန်းစီမှာ သေဆုံးခဲ့ပြီး ဦးမြင့်မှာ ဒဏ်ရာများရရှိခဲ့သဖြင့် မတ္တရာမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



# ခြောက်ဘီးကားနှင့် ရထားတို့ တိုက်မိ၍ ရထားတိမ်းမှောက်

**ကောလင်း မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့အဝင်တွင် ခြောက်ဘီးကားနှင့် ကျောက်ရထားတို့ တိုက်မိသဖြင့် ရထားတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်က ကောလင်းမြို့အဝင် မြစ်ကြီးနား-မန္တလေးသွားရထားလမ်း မိုင်တိုင်အမှတ်(၅၃၆/၁၂) သံလမ်းကူးနေရာတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဒုရဲမှူးအောင်မင်းစိုးနှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ နေလင်းထွန်း မောင်းနှင်သော ခြောက်ဘီးယာဉ်သည် ရထားသံလမ်းအား ဖြတ်ကူးစဉ် သူရထွန်း မောင်းနှင်သည့် ကျောက်ရထားနှင့် တိုက်မိသဖြင့် ယာဉ်မှာ ရထားလမ်း၏ဝဲဘက်သို့ ထိုးကျသွားခဲ့ကြောင်း၊ ရထားစက်ခေါင်းမှာ ဘီးချော်ပြီး ရထားလမ်း၏ ယာဘက်အနီးရှိ ကုက္ကိုပင်အား တိုက်မိကာ တိမ်းမှောက်ခဲ့ကြောင်း၊ လူ၊ ပစ္စည်း ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နေလင်းထွန်းအား မီးရထားလုပ်ငန်းဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**

# အမ်းမြို့နယ်၌ နေအိမ်သုံးလုံး မီးလောင်

**အမ်း မေ ၁၃**

ရခိုင်ပြည်နယ် အမ်းမြို့နယ် တလိုင်းတောင်ကျေးရွာ၌ ယနေ့ နံနက် ၆ နာရီခန့်က နေအိမ်သုံးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုန့်တီဆိုင်၏ မီးကြွင်းမီးကျန်မှ ဖွဲမှုန့်ပုံသို့ ကူးစက်ကာ နေအိမ်များသို့ မီးကူးစက်လောင်ခဲ့ရာ စုစုပေါင်း နေအိမ်သုံးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ အမ်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးအောင်သန်းဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီး၊ မအီမြို့နယ်ခွဲ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ပူးပေါင်း မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**စိုးမင်းထွန်း(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**အထက်မင်းလှ မေ ၁၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြောက်မျှားကုန်းကျေးရွာအနီးတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က တရားမဝင်သစ်လုံးနှင့် သစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မင်းလှမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးရဲသူနှင့် ဝန်ထမ်းများ၊ လက်ပံတံခါးနယ်မြေရဲကင်းစခန်းမှူး ဒုရဲအုပ်သက်နိုင်ဦး၊ ရေနံမနယ်မြေစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နှင့် တပ်ဖွဲ့ဝင်များသည် လက်ပံတံခါးနယ်မြေအတွင်း တရားမဝင်သစ်များ ထုတ်လုပ်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေ



စစ်ဆေးရာ မြို့သစ်ကျေးရွာအုပ်စု မြောက်မျှားကုန်းကျေးရွာ၏အနောက်မြောက်ဘက် ၂ မိုင် ၃ ဖာလုံခန့်အကွာ၌ အခြားသားသစ် ဆိုဒ်စုံ ၃၈ လုံး(၁ ဒသမ ၉၁၅၄ တန်)၊ အင်ခွဲသား ဆိုဒ်စုံ ၄၅ ချောင်း (သုည ဒသမ ၄၈၇၈ တန်)၊ အခြားသစ်ခွဲသား ဆိုဒ်စုံ အချောင်း ၅၀(၁ ဒသမ ဝ၅ တန်) သိမ်းဆည်းရမိသဖြင့် သစ်ပိုင်ရှင်အား စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်ပါက အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့် နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

(၄) အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၉) အပူဒဏ်အန္တရာယ်ခံစားရသော လူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၃-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၇) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၈၇) ခု စုစုပေါင်း (၁၅၄)ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁)ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၁၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၈၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၃-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက်ပိုးမတွေ့ရှိသူ အသစ် (၃) ဦး (Case–35,147,150) ရှိသဖြင့် စုစုပေါင်း (၇၉) ဦးရှိပြီး ၎င်းတို့အနက် (၆၆)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၂-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၃-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၃) ဦး ရှိပါသည်။

(COVID-19) **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
(၁၃ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၃-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၇) ခု |
| (၁၃-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၇) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

COVID-19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
( ၁၃ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၁၈၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၇၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ဇယား–၁

COVID-19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
( ၁၃ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်ဒေသ | COVID–19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူခဲ့သည့် ဆေးရုံ | COVID–19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 181 | ၂၂ နှစ် | မ | [illegible] ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case -173) | မရှိပါ | [illegible] ဆေးရုံ | တွေ့ရှိ | [illegible] |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ပြင်ဦးလွင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ဆန်အိတ်များ လှူဒါန်း

ပြင်ဦးလွင် မေ ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ဆန်အိတ်များ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁) ရွှေစင်မင်းသီလရှင် (အမျိုးသမီး ) ပရဟိတပညာရေးကျောင်း၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အဆိုပါလှူဒါန်းပွဲတွင် ပြင်ဦးလွင်မြို့နယ်အတွင်း မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့တို့က ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် ပြင်ဦးလွင်မြို့ရှိ ရွှေစင်မင်းသီလရှင် (အမျိုးသမီး )ပရဟိတ ပညာရေးကျောင်းမှပညာသင်ကြားနေသော သီလရှင်အပါး ၃၀၀ ခန့်အား ရောဂါကြိုတင်ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၁၃၀၀ နှင့် အာဟာရဖြည့်စွက် ဆန်အိတ် ၁၂ ပြည်အိတ် ၇၅ အိတ်အား ရွှေစင်မင်းသီလရှင်ကျောင်းမှ တာဝန်ခံ ဒေါ်ဟေမာနန္ဒီထံသို့ ပေးအပ်လှူဒါန်းသည်။

ယခုလို ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် မိမိတို့ ရွှေစင်မင်းသီလရှင် (အမျိုးသမီး ) ပရဟိတပညာရေးကျောင်းသို့ အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းပေးခြင်းကြောင့် မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ တာဝန်ရှိသူများအားလုံး ကျေးဇူးတင်ရှိပါကြောင်း ရွှေစင်မင်းသီလရှင်ကျောင်း တာဝန်ခံက ပြောသည်။

**ဇော်မျိုးထိုက်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲစစ်ဆေးနိုင်သော Cobas စက်သစ်များ ထပ်မံရောက်ရှိပါက မန္တလေးမြို့အပါအဝင် မြို့သုံးမြို့၌ ထပ်မံတိုးချဲ့ထားရှိမည်



ရန်ကုန်မြို့ မော်ကွန်းတိုက်လမ်းရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို တွေ့ရစဉ်။

ရန်ကုန် မေ ၁၃

မြန်မာယူနန်အလှူရှင်အဖွဲ့က လှူဒါန်းမည့် ကိုဗစ်–၁၉ ရောဂါပိုး ဓာတ်ခွဲစစ်ဆေးနိုင်သော Cobas စက်သစ်များရောက်ရှိပါက မန္တလေးမြို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်း၌ Lab (ဓာတ်ခွဲခန်း) တစ်ခု တိုးချဲ့ခြင်းအပါအဝင် တောင်ကြီး၊ မော်လမြိုင်နှင့် လားရှိုးမြို့တို့၌ ဓာတ်ခွဲခန်းနေရာများ ထပ်မံတိုးချဲ့ကာ Cobas စက်များအား ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**ညှိနှိုင်းဆောင်ရွက်**

"ပြင်ပအလှူရှင်တွေ လှူဒါန်းမယ့် Cobas စက်သစ်တွေ ရောက်လာဖို့ရှိပါတယ်။ လေယာဉ်အခက်အခဲနဲ့ဆိုတော့ မရောက်လာသေးတာပါ။ အဲဒီစက်သစ်တွေ ထားဖို့နေရာတွေ ထပ်တိုးချဲ့ဖို့ရှိပါတယ်။ မန္တလေးမြို့မှာ NHL ရဲ့အခွဲတစ်ခုဖြစ်တဲ့ PHL ရှိပါတယ်။ အဲဒီမှာ Lab တစ်ခုတိုးချဲ့မယ်။ ပြီးတော့ တောင်ကြီး၊ မော်လမြိုင်နဲ့ လားရှိုးမြို့တွေမှာ နေရာတိုးချဲ့ပြီး Cobas စက်တွေကို တစ်မြို့တစ်လုံးစီထားရှိမှာ ဖြစ်ပါတယ်။ ဒီမြို့တွေက ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံနယ်စပ်ရဲ့ မြန်မာနိုင်ငံရဲ့ အရှေ့ဘက်ကြောတစ်ခြမ်းစီ ဖြစ်တဲ့အတွက်ကြောင့် အဲဒီဘက်ကလာတဲ့ Test များ၊ လူတွေကိုပို့ဆောင်ရာမှာ အချိန်ကြန့်ကြာမှုတွေကို လျှော့ချနိုင်လိမ့်မယ်" ဟု အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဌေးဌေးတင်က ပြောကြားသည်။

လာမည့်သုံးလအတွင်း Gene Xpert စက်နှင့် စစ်မည့် Reagent (ဓာတ်ပြုပစ္စည်း) များ ရောက်ရှိမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံမှ ယခုအသစ်ထုတ်လုပ်ထားသည့် အဆိုပါ Reagent များအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့တို့က ကူညီဝယ်ယူပေးမည်ဖြစ်ရာ အချိန်အနည်းငယ်စောင့်ရမည်ဖြစ်ကြောင်း၊ အဆိုပါမှာယူထားသည့် Reagent ပစ္စည်းများ စုံလင်စွာရောက်ရှိပြီဆိုပါက စစ်တွေ၊ ကျောက်ဖြူ၊ ကလေး၊ ဟားခါး၊ တနင်္သာရီနှင့် မြိတ်မြို့ကဲ့သို့သောနေရာများတွင်ပါ ကိုဗစ်–၁၉ ပိုး ဓာတ်ခွဲစစ်ဆေးနိုင်သော PCR စက်များ ထားရှိမည်ဖြစ်၍ မြန်မာနိုင်ငံမြေပုံအား ကွန်ရက်ဖြင့် ချိတ်ဆက်ကာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ထပ်လောင်းပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့ မော်ကွန်းတိုက်လမ်းရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါပိုးရှိ၊ မရှိ PCR နည်းပညာဖြင့် နမူနာဓာတ်ခွဲစစ်ဆေးပေးလျက်ရှိရာ တစ်ရက်လျှင် ဓာတ်ခွဲနမူနာ ၄၀၀ ပုံမှန်ထွက်ရှိနေပြီး ဆေးသုတေသနဦးစီးဌာနကလည်း ဝိုင်းဝန်းစမ်းသပ်စစ်ဆေးပေးနေရာ တစ်ရက်လျှင် ဓာတ်ခွဲနမူနာ ၅၀ နှင့် ၆၀ ကြား ပုံမှန်ထွက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

**သတင်း–ပွင့်သစ္စာ**
**ဓာတ်ပုံ–စိုးမြင့်အောင်**

# ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



**ထောက်ပံ့**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ လယ်ကုန်းဇီးအုန်၊ လယ်ကုန်းဇက်လင်နှင့် လယ်ကုန်းမလိယန် IDP စခန်းများနှင့် မိုးကောင်းမြို့နယ်ရှိ မပဟောင်နှစ်ခြင်း၊ မိုးကောင်းနှစ်ခြင်း IDP စခန်း စုစုပေါင်း IDP စခန်းငါးခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၇၄၂ ဘူး၊ ဆပ်ပြာ ၁၇၆၂ ခဲ၊ အဝတ်နှာခေါင်းစည်း ၂၈၂ ခု၊ လက်ဆေးစင် နှစ်ခု၊ အပူချိန်တိုင်းကိရိယာငါးခု၊ Hand Speaker နှစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုနှင့် ဗီနိုင်းနှစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အမျိုးသားကျောင်း၊ ကရချောင်း၊ မောသိကရုံ၊ ဝိဘဂ္ဂဝါဒီ၊ မုဒ္ဒေါမော်၊ ဓမ္မာရာမ၊ မဟာမုနိဗုဒ္ဓဝိဟာရ၊ နန်းရှေ့ဂူ၊ မဟာဇေယျသိဒ္ဓိပဋ္ဌာန်၊ မဏိရတနာ၊ ဆည်ကြီး၊ အလိုတော်ပြည့်၊ မဟာဝိဇယာရာမ၊ ဆုတောင်းပြည့်၊ ဒကွေါင်း၊ မဟာအောင်မြေဘုံ၊ တေဇရာမကမ္မဋ္ဌာန်း၊ သာသနဝံ့ဗိမာန်နှင့် မဟာသိမဝံသ ယာယီ တိုက်ပွဲရှောင်စုရပ်များ၊ ဘူးသီးတောင်မြို့နယ်ရှိ ဝရကျွန်းကျေးရွာနှင့်မြောင်းနား ယာယီတိုက်ပွဲရှောင်စုရပ်များ၊ မြောက်ဦးမြို့နယ်ရှိ မြောက်ဦးတိမ်ညို ယာယီတိုက်ပွဲရှောင်စုရပ်နှင့် အမ်းမြို့နယ်ရှိ ဒုက္ကံကျေးရွာဘက်စုံသုံးခန်းမ၊ ဈေးတောင်ရပ်ကွက်နှင့် မိုးလုံလေလုံအားကစားခန်းမ ယာယီတိုက်ပွဲရှောင်စုရပ် စုစုပေါင်း စုရပ် ၂၅ ခုသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၆၅၅၂ ခု၊ ဆပ်ပြာ ၈၄၅ တောင့်၊ လက်ဆေးစင်ကိုးခု၊ လက်သန့်ဆေးရည် ၁၈၇ ဘူး၊ အပူချိန်တိုင်းကိရိယာနှစ်ခု၊ ထုံးအိတ် ၄၅ အိတ်၊ ဗီနိုင်းခုနစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နှာခေါင်းစည်းတပ်ဆင်ရေး Mask Campaign ပြုလုပ် နှာခေါင်းစည်း ၁၃၀၀၀ ကျော် အခမဲ့ဖြန့်ဝေ

**ရန်ကုန် မေ ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ ဈေးကြီး ၁၅ ဈေးအတွင်း ယနေ့နံနက် ၈ နာရီမှစတင်၍ ကိုဗစ် -၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ we love Insein နှင့် စေတနာ့ဝန်ထမ်းများအဖွဲ့ ၁၅ ဖွဲ့ခွဲကာ ဈေးရောင်းသူ၊ ဈေးဝယ်သူ ပြည်သူများအား နှာခေါင်းစည်းတပ်ဆင်ရေး Mask Campaing ပြုလုပ်၍ နှာခေါင်းစည်း ၁၃၀၀၀ ကျော်ကို ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**






ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုရန်အတွက် Grand Wynn Enterprises Ltd. မှ ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ Mom's Choice Vegetable Oil နှင့် Rico & Rina ရေမွှေးများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ သွားရောက်ပေးအပ် လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး (၂) ဦးမိုးဟိန်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ **ကြေးမုံ**

# ဇေယျာသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများသို့ မြို့နယ်စစ်ဆေးရေးအဖွဲ့များစစ်ဆေး

**နေပြည်တော် မေ ၁၃**

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ဥတ္တရခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သည့် မြို့နယ်အဆင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများသို့ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။



စစ်ဆေးမှုတွင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာမောင်မောင်ချင်း ဦးဆောင်၍ အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ်အတွင်းရှိ အုတ်လုပ်ငန်း၊ သစ်စက်၊ ကျောက်ခွဲစက်၊ ဆန်စက်၊ စက်သုံးဆီဆိုင်၊ ကွန်ကရစ်လုပ်ငန်း၊ မုန့်တိုက်နှင့်ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ နေပြည်တော်ပုံနှိပ်တိုက်များသို့ သွားရောက်ကာ လက်ဆေးဘေစင်ထားရှိမှု၊ ဝန်ထမ်းများနှာခေါင်းစည်းတပ်ဆင်မှု၊ မျက်နှာအကာအကွယ်များတပ်ဆင်မှု၊ နှာခေါင်းစည်းများလုံလောက်မှု ရှိ၊ မရှိ၊ လက်အိတ်စွပ်ခြင်း၊ အဖျားတိုင်းကိရိယာများဖြင့် အဖျားတိုင်းတာခြင်းများ ရှိ၊ မရှိ ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်မှုမရှိစေရန် ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းခွင်ကြမ်းပြင်များအား ပိုးမွှားများကပ်တွဲမှုမရှိစေရန် ဆေးကြောသန့်စင်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းစသည့် ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းစသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ပူတာအိုရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက် သင်တန်းကျောင်းများတွင် ကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်

**ပူတာအို မေ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)နှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပူတာအို)တွင် ကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်အထိ ၇၅ ဦးကို အသွားအလာကန့်သတ်စောင့်ကြည့်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။



**ဆောင်ရွက်လျက်ရှိ**

"ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာရှိတဲ့ သင်တန်းကျောင်းတွေမှာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ် ထားရှိဆောင်ရွက်ခဲ့ပါ တယ်။ အဲဒီကန့်သတ်စောင့်ကြည့်ရေးစခန်းများမှာ ခရိုင်/မြို့နယ်လုပ်ငန်းကော်မတီများရဲ့ စီမံမှုနဲ့ကြီးကြပ်ရေးရုံးများ ဖွင့်လှစ်ပြီးတော့ အုပ်ချုပ်ရေးကိစ္စရပ်များ လွယ်ကူချောမွေ့စေရေးအတွက် ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိပါတယ်"ဟု နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို) ကျောင်းအုပ် ဦးသိန်းလှမောင်က ပြောသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)တွင် အသွားအလာကန့် သတ်စောင့်ကြည့်ခံရသူပေါင်း ယနေ့ထိ ၅၃ ဦးထားရှိခဲ့ရာ ယခုအခါ ၁၈ ဦးကျန်ရှိပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပူတာအို)တွင် အသွားအလာကန့်သတ်စောင့်ကြည့်ခံရသူပေါင်း ၂၂ ဦးထားရှိခဲ့ရာ ယခုအခါ ၅ ဦးသာ ကျန်ရှိကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိသင်တန်းကျောင်းများတွင် ကန့်သတ်စောင့်ကြည့်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်မှုများကို မေ ၁၂ ရက် နံနက်ပိုင်းက ခရိုင်အဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပူတာအိုမြို့နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့်ကော်မတီဝင်များ၊ ခေါင်လန်ဖူးမြို့နယ်အဆင့်လုပ်ငန်းကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းတို့က လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်အဆင့်လုပ်ငန်းကော်မတီဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူးက သတ်မှတ်စည်းကမ်းချက်နှင့်အညီ စနစ်တကျနေထိုင်သွားရေးနှင့် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

## မူဆယ်မြို့၌ တရုတ်နိုင်ငံဘက်သို့ သွားရောက်မည့် ကုန်တင်ယာဉ်မောင်းများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မူဆယ် မေ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နှင့် ၁၀၅ မိုင်ကြားတွင် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေကြသည့် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို ယနေ့ နံနက် ၁၀ နာရီက မူဆယ်ခရိုင် အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး၊ ဒုတိယရဲမှူးချစ်စိန် ဦးဆောင်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

"တရုတ်နိုင်ငံဘက်ကို ဝင်ရောက်မယ့် ကုန်တင်ယာဉ်တွေဟာ မူဆယ်မြို့ လမ်းကြောင်း တစ်လျှောက်မှာ ယာဉ်ကြောပိတ်ဆို့မှုတွေမဖြစ်ပွားဘဲ ယာဉ်သွားလာမှု စနစ်တစ်ကျဖြစ်အောင် ထိန်းသိမ်းပေးရသလို တစ်ဖက်ကလည်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် အသိပညာပေးလုပ်ငန်းတွေကို မူဆယ်မြို့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မူဆယ်မြို့ထဲကို ကုန်တင်ယာဉ်မောင်းတွေ ဝင်ရောက်လာတဲ့အခါမှာ နှာခေါင်းစည်းတွေ အဆင်သင့်တပ်ဆင်နိုင်ရန်အတွက် မြေပြင်မှာသွားရောက်ပြီးတော့ ဝေငှပေးရခြင်းဖြစ်ပါတယ်"ဟု ရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်က ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်မည့်ကုန်တင်ယာဉ်မောင်းများအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးရခြင်းအကြောင်းကို ပြောကြားသည်။

မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းမှ ကြိုတင်ကာကွယ်၊ တားဆီး ထိန်းချုပ်နိုင်ရန်အတွက် မူဆယ်ခရိုင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီများနှင့် အလှူရှင်များက ထောက်ပံ့ လှူဒါန်းပေးအပ်ထားသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို မူဆယ်မြို့ အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တစ်ဆင့် မြေပြင်တွင် ပြည်သူလူထုများအသုံးပြုနိုင်ရန်အတွက် လက်တွေ့ဖြန့်ဝေပေးခြင်းဖြစ်သည်။ ဆက်လက်ပြီး မူဆယ်မြို့ အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုက မူဆယ်မြို့တွင်း၌ နှာခေါင်းစည်းများအခမဲ့ဖြန့်ဝေပေးခြင်းနှင့် ရပ်ကွက်တချို့တို့တွင် အိမ်တိုင်ရာရောက် သွားရောက်၍ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်လျက်ရှိသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့်(၁၀၅)မိုင်ကြားတွင် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်ရန် ကုန်တင်ယာဉ်စုစုပေါင်းအစီး ၅၀၀ ခန့်စောင့်ဆိုင်းနေကြပြီး အဆိုပါကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းများကို မူဆယ်ခရိုင် အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ လေးရက်ကြာ အခမဲ့ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

## မုံရွာမြို့၌ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**မုံရွာ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ပြည်သူ့ကျန်းမာရေးရုံးမှဦးဆောင်၍ ဆောင်ရွက်နေသော တစ်အိမ်တက်ဆင်း ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို မုံရွာမြို့ပေါ်ရှိ ၂၃ ရပ်ကွက်တွင် စေတနာ့ဝန်ထမ်းများနှင့် လူငယ်များပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးဌာနမှ သူနာပြုများနှင့် လူငယ်ရေးရာကော်မတီမှ စေတနာ့ဝန်ထမ်းလူငယ်များက ဖျားနာလူနာများကိုစစ်ဆေးခြင်း၊ ကိုဗစ်-၁၉ ရောဂါလက္ခဏာရှိသူများအား ရှာဖွေဖော်ထုတ်ခြင်း၊ သွေးလွန်တုပ်ကွေးကာကွယ်ရန် ဆေးခတ်ခြင်းနှင့် ဖုံး-သွန်-လဲ-စစ် ပြုလုပ်ခြင်း၊ ယင်လုံအိမ်သာစစ်ဆေးခြင်း အစရှိသည့် လုပ်ငန်းများကို နံနက် ၇ နာရီမှ ၁၀ နာရီထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိ တစ်ကြိမ် တစ်ပတ်လျှင် ခြောက်ရက်လှည့်လည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းကို မေလကုန်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ အတွင်းရေးမှူး ဦးဝေမိုးနိုင်က ပြောသည်။

မွှေးကြူဇင်



## ဟဲဟိုးမြို့၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဟဲဟိုး မေ ၁၃**

ရှမ်းပြည်နယ် စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် လူစည်ကားရာ နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက်မှ အဖွဲ့ဝင်များဖြင့် ယနေ့နံနက် ၉ နာရီက ဟဲဟိုးလေဆိပ်၊ ဟဲဟိုးဈေး၊ ကျောက်ရေအိုးပရိယတ္တိစာသင်တိုက်၊ ကံတလိပရိယတ္တိစာသင်တိုက်၊ အထက(၄) စောင့်ကြည့်စစ်ဆေးရေးစခန်း၊ အမက(၆) စောင့်ကြည့်စစ်ဆေးရေးစခန်း၊ ရဲသင်တန်းကျောင်းကင်းစခန်းနှင့် မြို့နယ်ရဲစခန်းတို့တွင် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက် အဖွဲ့(၅)ဖွဲ့မှ အဖွဲ့ဝင် ၁၆ ဦးဖြင့် ဆေးဖျန်းစက်နှစ်လုံးကို အသုံးပြု၍ အလှည့်ကျဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက်မှ သိရသည်။

အေးအေးစိုး(ပြန်/ဆက်)

## ကမာရွတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကမာရွတ် မေ ၁၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၊ မြို့နယ်ထွေအုပ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် ရတနာအောင်ပရဟိတအဖွဲ့တို့ပူးပေါင်း၍ ယနေ့နံနက် ၁၁ နာရီမှစတင်ကာ ပြည်သူများ အသိပညာဗဟုသုတများရရှိစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာချက်များအား လှည့်လည်ကြေညာခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိလူစည်ကားရာလှည်းတန်းဈေး၊ လှည်းတန်းစင်တာ ကားဂိတ်တစ်လျှောက်သို့လှည့်လည်၍ ကိုဗစ်-၁၉ ရောဂါနှင့် သက်ဆိုင်သည့်ကြေညာချက်များ၊ မြို့နယ်ကော်မတီမှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လှည့်လည်ကြေညာပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ပိုစတာများ ချိတ်ဆွဲပြသထားရှိပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိမ်းလဲ့(ပြန်/ဆက်)

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**နေပြည်တော် မေ ၁၃**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၇ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၇ မြို့နယ်ရှိ နေရာ ၁၁၅ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၆၆ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၁ ကီလိုဂရမ်၊ ရေဂါလန် ၅၂၂၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပိုးသတ်ဆေးဖျန်း**

အလားတူ မေ ၈ ရက်တွင်လည်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၂ မြို့နယ်ရှိ နေရာ ၁၀၂ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၇၅ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ခုနစ် ကီလိုဂရမ်၊ ရေဂါလန် ၄၉၂၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်တွင် မေ ၈ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်တွင် မေ ၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မေ ၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ အလုံမြို့နယ်တွင် မေ ၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တွင် မေ ၈ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အမှတ်(၁)ရပ်ကွက်တွင် မေ ၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်ဖြူပညာရေးကောလိပ် စောင့်ကြည့်ရေးစခန်းတွင် မေ ၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာ ဗဟိုညွန့် (အလယ်) ကျောင်းတိုက်တွင် မေ ၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မြို့မစည်ပင်သာယာဈေးတွင် မေ ၇ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

## ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာတွင် ခေတ္တာဈေးသစ် ဖွင့်လှစ်ရောင်းချ

**ပုဗ္ဗသီရိ မေ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် သန့်ရှင်းသာယာမှုရှိစေရန်အတွက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာတွင် ခေတ္တာဈေးသစ်ကို ယနေ့ နံနက်ပိုင်းကစတင်၍ ဖွင့်လှစ်ရောင်းချခဲ့သည်။

ထိုသို့ဖွင့်လှစ်ရောင်းချရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ချမှတ်ထားသည့် စည်းကမ်းများနှင့်အညီ စနစ်တကျရောင်းချမှုရှိစေရေး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးထွန်းဦးနှင့် တာဝန်ရှိသူတို့က လိုက်လံစစ်ဆေးခဲ့သည်။ ယခင် ညောင်ပင်ကြီးစုကျေးရွာတွင်းဈေးနှင့် အောင်သုခကျေးရွာတွင်းဈေးမှ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်စသည့် စားသောက်ကုန်များရောင်းချသည့် ဈေးရောင်းသူများအား ခေတ္တာဈေးသစ်သို့ ယနေ့ နံနက်ပိုင်းကစတင်၍ ပြောင်းရွှေ့ရောင်းချစေခဲ့သည်။

အဆိုပါ ခေတ္တာဈေးသစ်တွင် ရောင်းချမည့် ဈေးရောင်းသူများအား နေရာသတ်မှတ်၍ ရောင်းချစေရာ စုစုပေါင်း ၄၃၂ နေရာ သတ်မှတ်ပေးထားပြီး ယခင်ကျေးရွာတွင်းဈေးများရှိ ဆေးဆိုင်များ၊ အထည်ဆိုင်များနှင့် အိမ်ဆိုင်များကို ကျေးရွာတွင်းဈေးများတွင်သာ ဆက်လက်ရောင်းချစေမည်ဖြစ်ကြောင်း သိရသည်။

**ကံချွန်(ပြန်/ဆက်)**



## ကယားပြည်နယ်၌ ငါးမြစ်ချင်းဆေးထိုးသားဖောက်ခြင်းများ ဆောင်ရွက်

**လွိုင်ကော် မေ ၁၃**

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်နယ်အတွင်း ငါးသယံဇာတများ တိုးပွားစေရေးအတွက် သဘာဝ ရေပြင်များဖြစ်သည့် ရေကန်များ၊ ချောင်းများနှင့် ဆည်တမံများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို လွိုင်ကော်မြို့ရှိ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးစခန်း မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးသားပေါက်စခန်းများမှ ရယူဆောင်ရွက်ပေးလျက်ရှိပါသည်။

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်မှူးနှင့် ဒုတိယပြည်နယ်မှူးတို့ ဦးဆောင်၍ လွိုင်ကော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရှိ တစ်ပိုင်တစ်နိုင်ငါးသားပေါက်ရုံတွင် ငါးမြစ်ချင်းငါးမျိုးအား ဆေးထိုးသားဖောက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရွှေဝါငါးကြင်းများကို သဘာဝနည်းဖြင့်လည်းကောင်း၊ ကျန်ငါးမျိုးများဖြစ်သည့် ထိုင်းငါးခုံးမကြီး၊ မြက်စားငါးကြင်း၊ ငါးမြစ်ချင်းတို့ကို ဆေးထိုးသားဖောက်ခြင်းဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်တွင် သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၉ ရက်တွင် ဒီးမော့ဆိုမြို့နယ် ကန်ခုနစ်ဆင့်နှင့် ငွေတောင်ဆည်တို့တွင် ငါးမျိုးစိုက်ထည့်မှုများ ဆောင်ရွက်ခဲ့ပြီး မေ ၁၅ ရက်တွင် လွိုင်ကော်မြို့နယ်ရှိ နောင်ယားကန်နှင့် ထေးငှားလျားကန်တို့တွင် ငါးမျိုးစိုက်ထည့်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးစိုက်ရာသီဖြစ်သည့် ယခုလမှစ၍ ဩဂုတ်လအထိ ကယားပြည်နယ်အတွင်းရှိ သဘာဝရေပြင်များတွင် ဆက်လက်၍ ငါးမျိုးများ စိုက်ထည့်သွားမည်ဖြစ်ကြောင်း ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးမှ သိရသည်။ **ထွန်းလေး (ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မုံရွာ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ယနေ့ နံနက် ၁၀ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၀) သို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးမှာလည်း ဗဟိုအဖွဲ့၏ လုပ်ငန်း(၁၁)ရပ်အပေါ်မှာ မူတည်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြည့်ပြည့်ဝဝ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ ယခုအခါတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိမှုမှာ ကလေးမြို့တွင် ခြောက်ဦးနှင့် စစ်ကိုင်းမြို့တွင် တစ်ဦးရှိလာပြီ ဖြစ်သဖြင့် ရောဂါပြန့်ပွားမှုအား ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အစီအမံကောင်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းပါဝင်ညှိနှိုင်းဆွေးနွေးပေးကြစေလိုကြောင်း၊ မိမိအနေဖြင့်လည်း လိုအပ်ချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်ပါက မိမိတို့ အထက်ဌာနသို့ တင်ပြရမည့် လမ်းညွှန်မှုခံယူရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း အထက်ဌာနသို့ တင်ပြပြီး လမ်းညွှန်မှု ခံယူသွားမည်ဖြစ်ကြောင်း တိုက်တွန်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီ ခြောက်ခုမှ မိမိတို့ကော်မတီများအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ပေးလိုသည့်အချက်များကို ဝိုင်းဝန်းဖြေရှင်းပေးစေလိုကြောင်း တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် အားလုံးပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် အချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## အနေ့ယာဉ်လုပ်သားများနှင့် လက်လုပ်လက်စား ပြည်သူများအား အခြေခံစားသောက်ကုန် ၁၀ မျိုး လှူဒါန်း

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အနေ့ယာဉ်လုပ်သားများနှင့် လမ်းဘေးဈေးရောင်းချနေသည့် လက်လုပ်လက်စား ပြည်သူများအား အခြေခံစားသောက်ကုန် ၁၀ မျိုးကို We Love Southokkalapa လူထုအခြေပြုပရဟိတအဖွဲ့က လိုက်လံ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။



ယင်းသို့ လှူဒါန်းမှုကို မေ ၉ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက်၊ (၉)ရပ်ကွက်၊ (၁၀)ရပ်ကွက်ရှိ အိမ်ထောင်စု ၂၀၂ စုတို့အား လည်းကောင်း၊ မေ ၁၂ ရက်တွင် (၅)ရပ်ကွက်၊ (၆)ရပ်ကွက်၊ (၇)ရပ်ကွက်ရှိ အိမ်ထောင်စု ၃၅၈ စုကိုလည်းကောင်း အိမ်တိုင်ရာရောက် လိုက်လံမျှဝေလှူဒါန်းခဲ့ပြီး ကျန်ရပ်ကွက်များရှိ အိမ်ထောင်စုများကိုလည်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

"We Love Southokkalapa အဖွဲ့က ရပ်ကွက်တွေထဲမှာ ဈေးလှည့်လည်ရောင်းချခြင်းအပြင် မျှဝေမယ်ဆိုတဲ့ အစီအစဉ်ကို ဆွဲလိုက်ပါတယ်၊ မျှဝေဖို့ပြင်ထားတဲ့အချိန်မှာပဲ အစိုးရက ပုံမှန်ဝင်ငွေမရှိတဲ့ အိမ်ထောင်စုတွေကို အခြေခံစားသောက်ကုန်တွေ ပေးဝေမယ်ဆိုတဲ့ အစီအစဉ်ဝင်လာတဲ့အတွက်ကြောင့် ခဏရပ်ထားလိုက်တာပါ၊ အစောကြီးကတည်းက ကျွန်တော်တို့ ဝေဖို့အစီအစဉ်ရှိပါတယ်၊ ကိုဗစ်- ၁၉ ရောဂါ စဖြစ်ကတည်းက စာရင်းတွေကောက်ထားတာပါ"ဟု တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျာဝင်းက ပြောသည်။

လိုက်လံမျှဝေလှူဒါန်းသည့် အခြေခံစားသောက်ကုန် ၁၀ မျိုးမှာ ဆန် (၂)ပြည်၊ ဆီ (၅၀) သားတစ်ဘူး၊ ကြက်သွန်နီ (၁)ပိဿာ၊ အချိုမှုန့် (၁)ထုပ်၊ ငါးခြောက် (၁)ထုပ်၊ ကြက်ဥ (၁၀) လုံး၊ ငရုတ်သီးအစိမ်းမှုန့် (၁)ထုပ်၊ အကျက်မှုန့် (၁)ထုပ်၊ ပဲ (၁)ဘူး၊ ငါးသေတ္တာ (၁)ဘူးတို့ဖြစ်ကြောင်း သိရသည်။

တောင်ဥက္ကလာပမြို့နယ်အတွင်း အိမ်ထောင်စုပေါင်း ၄၀၀၀၀ ကျော်နှင့် လူဦးရေ ၁၈၀၀၀၀ ခန့်ရှိပြီး ရပ်ကွက် ၁၃ ရပ်ကွက်ရှိကြောင်း တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**အေးမင်းသူ**

## စမ်းချောင်းမြို့နယ် ယာယီပျံကျဈေး၌ လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်း (တောင်)ရပ်ကွက် ယာယီပျံကျဈေးတွင် ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် လက်သန့်ဆေးရည်ဘူးနှင့် ပညာပေးလက်ကမ်းစာစောင်များ၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်မှုကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကဦးဆောင်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ယာယီပျံကျဈေးအတွင်း ဝင်ထွက်သွားလာနေသူများနှင့် ဈေးရောင်း/ဈေးဝယ်များ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေခဲ့ကြောင်းသိရသည်။ **ခင်ဆုသစ် (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ညနေ ၃ နာရီက ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်နိုင်စေရေးအတွက် ခရမ်းမြို့ ဘုရားလမ်းတစ်လျှောက်နှင့် ခရမ်းမြို့မဈေးကြီးနှင့် သံတံတားပျံကျဈေး၊ ကြို့ဆိုပါ၏ပျံကျဈေးများအား ပိုးသတ်ဆေးများ ဖျန်းခဲ့ကြသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းပက်ရာသို့ ရေတပ်သဘော်ကျင်းဌာနချုပ်အမှတ် (၂၂/၁၀၀ ) တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများ၊ ခရမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးများ ဖျန်းပက်ခဲ့ကြကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စု ခန်းမ၌ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၏ ပူးပေါင်းဆက်သွယ်ကူညီပေးမှုအရ မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များဖြစ်ကြသည့် Myanmar Shwe Nagar Agricultural Group Co.,Ltd. (မြန်မာ့ရွှေနဂါး) နှင့် China Merchants Group တို့ ပူးပေါင်း၍ ငွေကျပ် ၁၅၁၅သိန်းတန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၄၀၀၀၊ ကျန်းမာရေးသုံးမျက်မှန် အခု ၄၀၀၀၊ ကျန်းမာရေးတစ်ခါသုံး နှာခေါင်းစည်း အခု ၄၅၀၀၀ စသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။




အဆိုပါပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူလှူဒါန်းခဲ့ခြင်းဖြစ်ရာ Charity Organization of China Merchants Group နှင့် Sinotrans Cross-border E-commerce Logistics Co., Ltd.တို့မှလေကြောင်းဖြင့် တာဝန်ယူသယ်ဆောင်ပေးခဲ့ကြခြင်းဖြစ်သည်။

ယင်းလှူဒါန်းပွဲသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာသာထွန်းကျော်၊ Myanmar Shwe Nagar Agricultural Group Co.,Ltd. (မြန်မာ့ရွှေနဂါးကုမ္ပဏီ)ကိုယ်စား ဦးမင်းစည်သူ၊ မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ဒေါ်စိုးယုလှိုင်နှင့် ဒေါ်ဂျူဂျူးတို့ တက်ရောက်ခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာသာထွန်းကျော်က ဦးမင်းစည်သူအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာ့ရွှေနဂါးကုမ္ပဏီအနေဖြင့် နက်ရှိုင်းသောပေါက်ဖော်ချစ်ကြည်ရေးနှင့်တကွ အတူ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်စို့ ဟူသော ဆောင်ပုဒ်ပြု၍ အစိုးရ၊ ပြည်သူများနှင့်အတူတကွ ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအား ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ရာ ကိုဗစ်-၁၉ရောဂါကာလအတွင်း စုစုပေါင်းငွေကျပ် သိန်း၃၀၀၀ ကျော် တန်ဖိုးရှိပစ္စည်းများလှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

## ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားစေရေး သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ဆည် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ကိုဗစ်-၁၉ ရောဂါမပြန့်ပွားဖို့ မိမိကစ၍ကာကွယ်ကြစို့ သတင်းစကား လက်ကမ်းစာစောင်များကို ယနေ့ နံနက် ၈ နာရီက လူစည်ကားသည့် အေးမြကြည်လင်ဈေး၊ မြို့မဈေး၊ ဘူတာရုံနှင့် လမ်းဆုံများတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အဆိုပါစာစောင်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးရာတွင် ပြောကြားချက်မှ ကောက်နုတ်ချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စနစ်တကျလက်ဆေးနည်းများ၊ ကိုဗစ်-၁၉ရောဂါ ကူးစက်မှုကာကွယ်ရန် လိုက်နာရမည့်အချက်များ၊ ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ၊ ကူးစက်ပုံများ၊ သံသယဖြစ်ဖွယ်ရာ ရောဂါလက္ခဏာများ၊ ကူးစက်မှုကာကွယ်ရေးအတွက် လိုက်နာရမည့် အချက်များနှင့် ဂီတ၊ အနုပညာရှင်များ ပူးပေါင်းပါဝင်ထားသည့် အသိပညာပေး စကားသံများပါဝင်ကြောင်း သိရသည်။

**သက်မောင်(ပြန်/ဆက်)**

## သောက်သုံးရေများ လှူဒါန်း

**ဝေါ မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ ပူပြင်းသောနွေရာသီကာလတွင် ရေတွင်း၊ ရေကန်များ ခန်းခြောက်ကာ သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်နေသည့်အတွက် ယနေ့ နံနက်ပိုင်းက ဝေါမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ် ဦးစီးအရာရှိ ဦးသိန်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေအခက်အခဲကြုံတွေ့နေရသော ဝေါမြို့နယ် ကဒွတ်ကျေးရွာ၊ ဖိုးဦးစိန်ကျေးရွာ၊ တမာတကေကျေးရွာ၊ သရက်ချောင်းကျေးရွာတို့သို့ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၆၀၀၀ ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

## ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ဘောလခဲ**

ကယားပြည်နယ်အစိုးရအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ဘောလခဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘူးခူကျေးရွာတွင် ကျေးရွာနေပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစေရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစံမြနှင့် ဝန်ထမ်းများက စတုတ္ထအကြိမ် ရေဂါလန် ၆၀၀ ကို မေ ၁၂ ရက် နံနက် ၁၀ နာရီက ကျေးရွာအရောက် လှူဒါန်းပေးခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးရာတွင် ဘောလခဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဘူးခူကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်မှ လူဦးရေ ၂၇၅ ဦးတို့အတွက် ရေဂါလန် ၆၀၀ အား သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် အိမ်ထောင်စုများအလိုက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဘောလခဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီကာလသောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံမြ ဖုန်း ၀၈၃-၅၀၁၀၉ သို့ ဆက်သွယ်၍အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ငြိမ်းသူ(စလင်း)**

**မုဒုံ**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေသည့်ကျေးရွာများသို့ သောက်သုံးရေများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက ကျေးရွာများအရောက် လိုက်လံဖြန့်ဝေပေးလျက်ရှိရာ မေ ၁၃ ရက် နံနက် ၇ နာရီက ညောင်ကုန်းကျေးရွာနှင့် ပိုင်ကမာကျေးရွာများသို့ ရေများသွားရောက်ဖြန့်ဝေပေးခဲ့သည်။

မုဒုံမြို့နယ် မီးသတ်ဦးစီးမှူးဦးမြင့်ဦး ဦးဆောင်သည့် မီးတပ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသည်ယာဉ် တစ်စီးဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ကို ကျေးရွာနေပြည်သူများထံ အိမ်အရောက်လိုက်လံဖြန့်ဝေပေးခဲ့ပြီး အဆိုပါ ကျေးရွာများတွင် အိမ်ခြေစုစုပေါင်း ၁၆၀၀ ခန့်ရှိပြီး မုဒုံမြို့နယ်အတွင်း ယခုရက်ပိုင်းရာသီဥတုပူပြင်းမှုကြောင့် ကျေးရွာအချို့၌ ရေတွင်းရေကန်များခန်းခြောက်လာကာ ရေအခက်အခဲများနှင့်ကြုံတွေ့နေရသဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် ရေလိုအပ်သည့်ရွာများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်

**ဝါးခယ်မ မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များအတွင်း မိုးတွင်းကာလမတိုင်မီ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ယနေ့ နံနက် ၈ နာရီက ပတ္တမြားရပ်ကွက်၌ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပတ္တမြားရပ်ကွက်အတွင်းရှိ မြူရုံးလမ်း ဝဲ/ယာ၊ ဘုရားကြီးလမ်း ဝဲ/ယာ၊ နီလာလမ်း ဝဲ/ယာ၊ ကမ်းနားလမ်း ဝဲ/ယာ တို့မှ အဓိက ရေထွက်ပေါက်များ၊ ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များ၊ နုန်းများ၊ ရေဆိုးများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဆယ်ယူရှင်းလင်းပေးခဲ့ကြောင်း သိရသည်။ အလားတူပင် ကျန်ရှိသော ရပ်ကွက်များ၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စိုးနှင့် စည်ပင်သာယာရေး ကော်မတီဝင်များက ကြီးကြပ်ပြီး မိုးတွင်းကာလမတိုင်မီ အပြီးသတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**လွမ်းသီဟ (ပြန်/ဆက်)**

## IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့် နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူ အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများ ဇွန်လဆန်းတွင် မဲစနစ်ဖြင့် ရောင်းချမည်



**မန္တလေး မေ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်သည့် ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတိုက်ခန်း ၅၈၆ ခန်းအား ဝယ်ယူခွင့်ရရှိပြီးသူများအတွက် တိုက်ခန်းများကို ဇွန်လဆန်းတွင် မဲစနစ်ဖြင့် နေရာချထားကာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ တိုက်ခန်း ၅၈၆ ခန်းဝယ်ယူခွင့်အတွက် လျှောက်ထားသူများအား မတ် ၁၀ ရက်တွင် ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ပြီး အဆိုပါ ဝယ်ယူခွင့်ရရှိသူများအနေဖြင့် အာမခံ စပေါ်ငွေကျပ် သိန်း ၂၀ ကြိုတင်ပေးသွင်း၍ တိုက်ခန်းနေရာများအား မဲစနစ်ဖြင့် ရောင်းချပေးရန် ဆောင်ရွက်နေစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ယာယီရပ်ဆိုင်းထားခဲ့ပြီး ယခုအခါ လာမည့် ဇွန်လဆန်းတွင် ယင်းတိုက်ခန်းနေရာများအတွက် မြို့တော်ခန်းမတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျမဲနှိုက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

"တိုက်ခန်းဝယ်ယူခွင့်ရရှိသူတွေက မိမိတို့နေထိုင်ရမယ့် အခန်းနေရာအတွက် မဲနှိုက်ဝယ်ယူခွင့်ရရှိဖို့ သတ်မှတ်ထားတဲ့ စပေါ်ငွေကျပ်သိန်း ၂၀ ပေးသွင်းရန် ကျန်ရှိသူတွေ ပေးသွင်းနိုင်ဖို့ မေလ ၁၃ ရက်မှ ၂၅ ရက်အတွင်း ရတနာပုံဘဏ်က မြို့တော်ခန်းမမှာ လာရောက်လက်ခံပေးသွားမှာဖြစ်ပါတယ်။ မဲနှိုက်ရောင်းချပေးမယ့် အစီအစဉ်ကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းတွေနဲ့ ကိုက်ညီအောင် မြို့တော်ခန်းမအတွင်းမှာ စနစ်တကျ နေရာချထားပြီး ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် မဲနှိုက်ဖို့ လာကြသူတွေအနေနဲ့ အငြိမ်းစားဝန်ထမ်းကလွဲပြီး အခြားပုဂ္ဂိုလ်တွေ ခေါ်မလာကြဖို့ မေတ္တာရပ်ခံပါတယ်'' ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ တိုက်ခန်းနေရာအတွက် စပေါ်ငွေပေးသွင်းပြီးသူများအား မဲစနစ်ဖြင့် ရောင်းချရာတွင် လျှောက်ထားသူအမျိုးအစားအလိုက် ဇွန် ၁ ရက် တွင် နိုင်ငံ့ဝန်ထမ်းများအားလည်းကောင်း၊ ဇွန် ၂ ရက်တွင် အငြိမ်းစားဝန်ထမ်းများအား လည်းကောင်း၊ ဇွန် ၃ ရက်တွင် ပြည်သူလူထု လျှောက်လွှာများကို လည်းကောင်း၊ ဇွန်၄ ရက်တွင်ကုမ္ပဏီဝန်ထမ်းများအားလည်းကောင်း သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**



# လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသည့် ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် လူနေအိမ် ၄၇ လုံးတို့အတွက် ထောက်ပံ့ငွေပေးအပ်

**မိတ္ထီလာ မေ ၁၃**

မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းမြို့နယ်သုံးခု၌ မေ ၁၁ ရက်က မိုးသက်လေပြင်းကျရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူတစ်ဦး၊ အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် လူနေအိမ် ၄၇ လုံးတို့အတွက်ကူညီထောက်ပံ့ငွေစုစုပေါင်း ကျပ် ၂၄၅၂၁၀၀ကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပေးအပ်ကြောင်း သိရသည်။

"မိတ္ထီလာခရိုင်အတွင်းမှာ မေ ၁၁ ရက်က မိုးသက်လေပြင်းကျရောက်တိုက်ခတ်ခဲ့တာကြောင့် မိတ္ထီလာမြို့နယ်မှာ အိမ်ခြေ ၂၅ လုံး၊ ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးလန်ပျက်စီးပြီး မိုးကြိုးပစ်သေဆုံးသူတစ်ဦးရှိပါတယ်။ သာစည်မြို့နယ်မှာ အုပ်စုတစ်စုက ကျေးရွာတစ်ရွာက လူနေအိမ် ၂၁ လုံး အမိုးလန်ပျက်စီးခဲ့ပြီး ဝမ်းတွင်းမြို့နယ်က ကျေးရွာတစ်ရွာမှ လူနေအိမ်ခြေတစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး လေဘေးဒဏ်ခံစားခဲ့ရပါတယ်။ အဲဒီလေဘေးသင့်အိမ်ထောင်စုတွေမှာရှိတဲ့ လူဦးရေ ၂၀၆ ဦးအတွက်ဆန်ရိက္ခာအတွက် ကျပ် ၄၃၂၆၀၀၊ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၇၁၉၅၀၀၊ မိုးကြိုးပစ်သေဆုံးသူတစ်ဦးအတွက်ကျပ် ၃၀၀၀၀၀ စုစုပေါင်း ကျပ်၂၄၅၂၁၀၀ ကို ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက မေ ၁၂ ရက်မှာ အားလုံးအပြီး ထောက်ပံ့ပေးအပ်မှာဖြစ်ပါတယ်"ဟု ယမန်နေ့ နံနက်ပိုင်းက သွားရောက်တွေ့ဆုံမေးမြန်းရာတွင် အဆိုပါဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီချိုက ပြောသည်။

မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာမြို့နယ်၌ ရန်မျိုးအောင်၊ ကျီတော်ကုန်း၊ မြို့မ၊ ဝန်ဇင်း၊ နန်းတော်ကုန်း၊ ရပ်ကွက်များနှင့် ဇောင်ချမ်းကုန်း၊ကဖြူ၊ တောမ၊ ထမုန်ကန် နှင့် မကျီးစုကျေးရွာ၊ ဝမ်းတွင်းမြို့နယ်တွင် ငါးရံ့ကြီးကုန်းကျေးရွာ၊ သာစည်မြို့နယ်တွင် သမန်းကန်ကျေးရွာနှင့် ကြာကန်ကျေးရွာတို့၌ မေ ၁၁ ရက်က မိုးသက်လေပြင်းတိုက်ခတ်သည့် သဘာဝဘေးဒဏ်ကို ခံခဲ့ရခြင်းဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

# မြဝတီမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများအတွက် ထောက်ပံ့ငွေ ပေးအပ်

**မြဝတီ မေ ၁၃**

ကရင်ပြည်နယ် မြဝတီ မြို့နယ်အတွင်း ယမန်နေ့ မွန်းလွဲပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအချို့ရှိ လူနေအိမ်၊ ဘုန်းကြီးကျောင်းနှင့် သစ်ပင်များ လဲကျပျက်စီးမှုများ ဖြစ်ပွားခဲ့ရာ အဆိုပါပျက်စီးဆုံးရှုံးမှုများအတွက် မြဝတီခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် မြဝတီမြို့နယ်ကြက်ခြေနီ တပ်ဖွဲ့တို့က ယနေ့ မွန်းလွဲ ၂ နာရီတွင် မြို့နယ်စုပေါင်းရုံး၌ ထောက်ပံ့ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ မြဝတီခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးကျော်သူထိုက်၊ မြဝတီမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဦးအောင်နိုင်ဦးတို့က ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။



ထောက်ပံ့ပေးအပ်ရာတွင် မြဝတီမြို့ရှိ နဒီကျေးရွာ၊ မဲကနယ်ကျေးရွာနှင့် ထီးမယ်ဝါးခီးကျေးရွာတို့မှ အိမ်ထောင်စု ၁၃ စုနှင့် ဘုန်းကြီးကျောင်း နှစ်ကျောင်းအတွက် ဆန်ခုနစ်ရက်စာနှင့် ပြန်လည် ပြုပြင်ဆောက်လုပ်ရန်အတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၈၃၈၄၀၀၊ မြဝတီမြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ Hygiene kit တစ်ပုံး၊ စောင် နှစ်ထည်၊ ခြင်ထောင်တစ်လုံး၊ ယာယီအမိုး ဆောင်ရွက်နိုင်ရန် တာလပတ် တစ်ချပ်၊ ဖျာတစ်ချပ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရန်နှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မေ ၁၂ ရက်က ဒေးဒရဲမြို့ပေါ်ရှိ ဈေးများ၌ ဈေးသည်များနှင့် ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးစဉ်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

# သီပေါ၌ မိုးသက်လေပြင်းဒဏ်ကြောင့် သက်တမ်းရင့်သစ်ပင်ကြီး ပြိုလဲ

**သီပေါ မေ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ ယနေ့ နံနက် ၁၁ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်ခဲ့ရာ မန္တလေး -သီပေါ -လားရှိုး -မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၂၅ /၄) မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာ၌ သက်တမ်းရင့်ရေသင်းဝင်ပင်ကြီး ပြိုလဲကျသွားသည်။

မန္တလေး - မူဆယ် အစုန်၊ အဆန်မော်တော်ယာဉ်များ လမ်းပိတ်ဆို့မှု မရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ သွားရောက်ရှင်းလင်းဖယ်ရှားခဲ့သဖြင့် ယာဉ်များပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။



**စိုင်း(သီပေါ)**

# ငဖဲမြို့နယ်၌ ကော်ဖီစိုက်ဧက ၁၄၂၁ ဒသမ ၃၆ ဧက အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**ငဖဲ မေ ၁၃**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် တောင်ပေါ်ဒေသတွင်ကော်ဖီစိုက်ဧက ၁၄၂၁ ဒသမ ၃၆ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်တောင်ပေါ် (နတ်ရေကန်)ဒေသသည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၈၁၉ ပေတွင် တည်ရှိပြီး ကော်ဖီ၊ လက်ဖက်၊ ထောပတ်၊ ကမ္ဘလာ၊ ရှောက်ချို၊ ငရုတ်၊ ၄က်ပျော စသည့် နှစ်ရှည်သီးနှံပင်များကို အများဆုံးစိုက်ပျိုးကြသည်။ ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ နတ်ရေကန် (ကော်ဖီခြံ) တွင် အာရေဗီးကား (ဗီယက်နမ်)မျိုးကုန်းမြင့်ကော်ဖီ ၂၉ ဒသမ ၃၆ ဧကစိုက်ပျိုးထားပြီး တောင်ပေါ် ဒေသကျေးရွာများတွင် ပုဂ္ဂလိကစိုက်ဧက ၁၃၉၃ ဧကစိုက်ပျိုးထားသည်။

အရည်အသွေးမြင့် ရောင်းတန်းဝင်ကော်ဖီအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူနည်းပညာပေးသင်တန်း နှစ်ကြိမ်နှင့် ကွင်းသရုပ်ပြပွဲ သုံးကြိမ် သင်ကြားပြသပေးကြောင်း၊ နှစ်စဉ် ကော်ဖီစိုက်ဧကတိုးတက်ခဲ့ပြီး အထွက်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၄၅ တန်နီးပါးထွက်ရှိပြီး နှစ်စဉ် သိန်း ၁၅၀၀ ခန့် တောင်သူများဝင်ငွေရရှိကြောင်း၊ ကော်ဖီပင်နှင့် ဆက်စပ်၍ ထောပတ်၊ ဝဥ၊ လိုက်ချီး၊ လက်ဖက် နှစ်ရှည်သီးနှံပင်များ ကြားညှပ်စိုက်ပျိုးကြ၍ တောင်ပေါ်ဒေသခံ ပြည်သူများ မိသားစုစားဝတ်နေရေး အဆင်ပြေကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင် ဌာနအနေဖြင့် တစ်ပတ်လျှင် ကျေးရွာသုံးရွာမှ တောင်သူများအား တစ်ရက်လျှင် နှစ်ဦးနှုန်းခေါ်ယူ၍ ကော်ဖီမြေပြုပြင်ခြင်း၊ စိုက်ကျင်းတူးခြင်း၊ ရေခံတားကျင်းများ ဆောင်ရွက်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်နည်းများ သင်ကြားပြသပေးကြောင်း၊ ယခုနှစ်မိုးရာသီအမီ တောင်သူများ စိုက်ပျိုးနိုင်ရေးအတွက် ကော်ဖီခြံတွင် ကော်ဖီပင်နှင့် အခြားအရိပ်ရပျိုးပင်ပေါင်း ၆၀၀၀၀ ကျော် ပျိုးထောင်ထားရှိပြီး အချိန်မီ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းက ပြောသည်။

ငဖဲမြို့နယ် နတ်ရေကန်(ကော်ဖီခြံ)မှ တစ်နှစ်လျှင် ကော်ဖီစေ့ ၂ ဒသမ ၅ တန်နှင့် ပုဂ္ဂလိကစိုက်ခင်းများမှ ၄၂ ဒသမ ၅ တန် စုစုပေါင်း ၄၅ တန်ထွက်ရှိပြီး ယင်းကော်ဖီများကို ရွှာင်၊ ရေနံချောင်းနှင့် ပြင်ဦးလွင်မြို့နယ်ဈေးကွက်များသို့ တစ်တန်လျှင် သိန်း ၃၀ နှုန်းဖြင့် တင်ပို့ရောင်းချရကြောင်း သိရသည်။

**မယု**
**(ငဖဲ)**



မေ ၁၃ ရက်က ကြည့်မြင်တိုင်မြို့နယ်နေ သီဟသုဓမ္မဇောတိကဓဇ ဦးအောင်သန်းစိန်(အောင်ရတနာသက်န်းတိုက်) မိသားစုက ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်ကုသနိုင်ရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၁၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသို့ သွားရောက်လှူဒါန်းရာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က လက်ခံစဉ်။ **တင်ဝင်းတင်**

## သောက်သုံးရေရှားပါးသည့် ဘုန်းတော်ကြီးကျောင်းအား ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

**ညောင်ဦး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဥ့်ကူကျေးရွာအုပ်စု သာစည်ရပ်ကွက်ရှိ နဂါးရုံဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်၊ သံဃာတော်များနှင့် ကျောင်းသားကျောင်းသူများ သောက်သုံးရေသုံးစွဲရန် အခက်အခဲကြုံတွေ့နေကြောင်းသိရ၍ ယမန်နေ့ နံနက် ၇ နာရီခွဲက စဥ့်ကူနယ်မြေမီးသတ်စခန်းမှ တာဝန်ခံမီးသတ်ဦးစီးမှူး ဇော်မင်းသိန်းဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ဌာနရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းခဲ့သည်။

ညောင်ဦးမြို့နယ် စဥ့်ကူနယ်မြေမီးသတ်စခန်းအနေဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ ၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်ပါက ရဟန်းရှင်လူပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ဌာနရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်း၊ ယနေ့ နံနက်ပိုင်းက ညောင်ဦးမြို့နယ် စဥ့်ကူကျေးရွာအုပ်စု သာစည်ရပ်ကွက်ရှိ နဂါးရုံဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်နှင့် သံဃာများ၊ ကျောင်းသားကျောင်းသူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေဂါလန် ၁၆၀၀ အား ဘုန်းတော်ကြီးကျောင်းရှိ ရေလှောင်အုတ်ရေကန်အတွင်း ဖြည့်တင်းလှူဒါန်းခဲ့ကြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မိတ္ထီလာတွင် အသားတိုးဆိတ်မွေးမြူရေးလုပ်ငန်းများ အရောင်းအဝယ်ကျဆင်း

**မိတ္ထီလာ မေ ၁၃**

မိတ္ထီလာမြို့နယ် ဆူးဖြူကွက်ကျေးရွာ၌ အသားတိုးဆိတ်မွေးမြူရေးလုပ်ငန်းများ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပြည်ပဈေးကွက်မရှိဘဲ ပြည်တွင်းဈေးကွက်သာရှိ၍ အရောင်းအဝယ်ကျဆင်းလျက်ရှိကြောင်း ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

အသားတိုးဆိတ် မွေးမြူရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်မှစတင်၍ မွေးမြူပြီး အသားတိုးဆိတ်များ မွေးမြူရာတွင် တစ်နှစ်သားရှိသည့် ဆိတ်အထီးများကို ဝယ်ယူမွေးမြူသည်။ ထိုသို့ ဝယ်ယူပြီးနောက် ခြောက်လအထိ ခြံအတွင်း အစာကျွေးသည့်စနစ်ဖြင့် မွေးမြူသည်။ အစာကျွေးရာတွင် ကုလားပဲခွံ၊ ပဲမျိုးစုံ၊ ဆီးဖတ်၊ ဝါစေ့ဖတ်တို့ကို တစ်နေ့ လေးကြိမ်ကျွေးမွေးပြီး ဆိတ်များ အညောင်းမမိစေရန် ခြံအပြင်ဘက်ထုတ်၍ တစ်နေ့နှစ်ကြိမ် ရေတိုက်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ ၎င်းအပြင် ဆိတ်မွေးမြူရေးခြံများ သန့်ရှင်းသပ်ရပ်စေရန်အတွက်လည်း တစ်နေ့နှစ်ကြိမ် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ပေးရသည်။ ယင်းသို့ အသားတိုးဆိတ်များကို ခြောက်လအကြာ မွေးမြူပြီး ပြန်လည်ရောင်းချလျက်ရှိသည်။ ထိုသို့ ရောင်းချရာတွင်လည်း မူဆယ်၊ မြဝတီဘက်များမှ ဆိတ်ပွဲစားများက ကျေးရွာအရောက် အသားတိုးဆိတ်များကို လာရောက်ဝယ်ယူလျက်ရှိသည်။ ယင်းအသားတိုးဆိတ်များ ဝယ်ယူရောင်းချရာတွင် တစ်နှစ်သားဆိတ်အထီးတစ်ကောင်လျှင် ငွေကျပ် ၁၀၀၀၀၀နှုန်း ပေးဝယ်ရပြီး ပြန်လည်ရောင်းချရာတွင် ငွေကျပ် ၁၇၀၀၀၀ ရရှိရ၍ အသားတိုးဆိတ်မွေးမြူသည့်လုပ်ငန်းမှာ အဆင်ပြေ၍ ယခုဆိုလျှင် အလုပ်သမား ၃၀ ကျော်ဖြင့် အသားတိုးဆိတ်ကောင်ရေ ၁၁၂၀ ကို ခြံ ၁၄ ခြံဖြင့် မွေးမြူထားပြီး စီးပွားဖြစ်လုပ်ကိုင်နေသည့်အပြင် ကျေးရွာအတွင်းရှိ အိမ်ထောင်စုဝင်များ အလုပ်အကိုင်ရရှိစေရေး အသားတိုးဆိတ်များ မွေးမြူနိုင်စေရန် ငွေအရင်းအနှီးများ စိုက်ထုတ်ပေးလျက်ရှိသည်။

ယင်းသို့ အသားတိုးဆိတ်များ မွေးမြူလျက်ရှိရာမှ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် မူဆယ်၊ မြဝတီဘက် ပွဲစားများမှ အသားတိုးဆိတ်များ ဝယ်ယူခြင်းမရှိသောကြောင့် ပြည်ပဈေးကွက်မရှိဘဲ ပြည်တွင်းဈေးကွက်သာရှိ၍ အသားတိုးဆိတ်များ ရောင်းဝယ်သည့် လုပ်ငန်းများမှာ ကျဆင်းလျက်ရှိကြောင်း ဆူးဖြူကွက်ကျေးရွာမှ အသားတိုးဆိတ်မွေးမြူသူ ဦးမောင်မြင့်က ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တာမွေနှင့် လှိုင်သာယာမြို့နယ်တို့တွင် ကျန်းမာရေးစစ်တမ်းကောက်ယူမည်

**ရန်ကုန် မေ ၁၃**

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်တမ်းကောက်ယူမှုများကို ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာမြို့နယ်၌ မေ ၁၆ ရက်တွင်လည်းကောင်း၊ မေ ၁၇ ရက်တွင် တာမွေမြို့နယ်၌လည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ပြောကြားသည်။

"အဓိကရည်ရွယ်ချက်ကတော့ ပိုးတွေ့သူရဲ့ ကွင်းဆက်လိုက်တာပေါ့နော်၊ အင်းစိန်မှာလုပ်သလိုပဲ ဒါပေမယ့် ကျွန်တော်တို့အင်အားပိုသုံးမယ်၊ အင်အားပိုသုံးမယ်ဆိုတာကတော့ လှိုင်သာယာမှာက လူကပိုများတယ်၊ ချန်းရီဖိနပ်စက်ရုံမှာပဲလူကထောင်နဲ့ချီရှိတယ်၊ ၁၀ ရပ်ကွက်နဲ့ ၆ ရပ်ကွက် ကျန်စစ်သားအိမ်ရာမှာလည်း လူကသိန်းနဲ့ချီရှိမယ်လို့မျှော်မှန်းထားတယ်" ဟု လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောသည်။

အဆိုပါ ကျန်းမာရေးစစ်တမ်းကောက်ယူမှုကိုအင်အားတစ်ထောင်ခန့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဓိကအားဖြင့် ရောဂါလက္ခဏာ ရှစ်မျိုးနှင့် တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်တမ်းကောက်ယူခြင်းတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများနှင့် အနီးကပ်ထိတွေ့မှုရှိ/မရှိ၊ ပွဲလမ်းသဘင်များ၊ လူစုလူဝေးများသို့ သွားရောက်ဖူးခြင်းရှိ/မရှိ၊ ခရီးသွားရာဇဝင်ရှိ/မရှိတို့ကို တစ်အိမ်တက်ဆင်းမေးမြန်းခြင်း၊ ရောဂါလက္ခဏာများဖြစ်သည့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခြင်း၊ အနံ့အရသာပျောက်ခြင်းအစရှိသည့် လက္ခဏာများရှိ/မရှိမေးမြန်းခြင်းနှင့် ရောဂါလက္ခဏာများခံစားရပါက မိမိကိုယ်တိုင်သတင်းပေးပို့နိုင်ရေးရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

လှိုင်သာယာမြို့နယ်နှင့် တာမွေမြို့နယ်တို့တွင် ကျန်းမာရေးစစ်တမ်းကောက်ယူရန်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေး တိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ခန်းမ(၃)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

### ပါဝင်ဆောင်ရွက်

အင်းစိန်မြို့နယ်တွင် စစ်တမ်းကောက်ယူခြင်းကို မေ ၆ ရက်ကဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အင်းစိန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံကျန်းမာရေးပညာရှင်များ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ ပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျန်းမာရေးစစ်တမ်းကောက်ယူမှုကို အင်းစိန်မြို့နယ်ရှိ ရောဂါပိုးအများဆုံးတွေ့ရှိခဲ့သောရပ်ကွက်လေးခု၌ ဆောင်ရွက်ခဲ့ပြီး အိမ်ခြေ ၁၀၇၄၄ အိမ်ရှိ လူဦးရေ စုစုပေါင်း ၄၇၆၅၃ဦးအား စစ်ဆေးမေးမြန်းခဲ့ရာ ရောဂါလက္ခဏာရှိသူ၊ ခရီးသွားရာဇဝင်ရှိသူနှင့် ရောဂါပိုးရှိသူနှင့် အနီးကပ်ထိတွေ့မှုရှိခဲ့သူ သုံးဦးအား အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ ထူးခြားလက္ခဏာရှိသူ ၁၆ ဦးကို Quarantine center သို့လည်းကောင်း ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။



**သတင်း-ဇာနည်မောင်၊ အေးမင်းသူ**
**ဓာတ်ပုံ-ဝေဖြိုးဟန်**

## ချောင်းဦးမြို့နယ်အတွင်း ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်းများ စတင်ဆွတ်ခူးကာ ဈေးကွက်သို့ပို့ဆောင်

**ချောင်းဦး မေ ၁၃**

မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်း ဧက ၁၀၀၀၀ကျော် စိုက်ပျိုးထားသည့် မိုးကြိုပဲတီစိမ်းအသီးများစတင်ဆွတ်ခူးကာ ဈေးကွက်သို့ ပို့ဆောင်နေပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

"ချောင်းဦးမြို့နယ်ထဲက ကျေးရွာ ၂၀ ကျော်မှာ မိုးကြိုပဲတီစိမ်းဧက ၁၀၀၀၀ကျော်ကို စိုက်ထားတာ အခု အသီးဆွတ်ပြီး ဈေးကွက်ပို့နေပါပြီ။ စိုက်တဲ့တောင်သူတွေ မျိုးကောင်းမျိုးသန့်စိုက်နိုင်ဖို့ စိုက်ပျိုးရေးဌာနက မျိုးသန့်ခြံတွေနဲ့ ချိတ်ဆက်ပြီးရေသွင်း(၁၁) နဲ့ ရေသွင်း(၁၄) မျိုးတွေ ဖြန့်ဖြူးပေးခဲ့ပါတယ်"ဟု ဒေါ်ခင်မြတ်မြတ်ဦးက ပြောသည်။



မိုးကြိုပဲတီစိမ်း ဧက ၁၀၀၀၀ ကျော်ကို မြေအောက်ရေသုံးကာ စိုက်ပျိုးကြခြင်းဖြစ်ပြီး အထွက်နှုန်းကောင်းစေရန် ပန်းစပွင့်ချိန်နှင့် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တို့တွင် ယူရီးယားလက်ချားအသုံးပြုနိုင်ရန် တောင်သူများအား ပညာပေးခြင်းနှင့်အလွယ်တကူ ဝယ်ယူရရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဖေဖော်ဝါရီလကုန်ကစပြီး ပဲတီစိမ်း စိုက်တာပါ။ ပထမတစ်ကြိမ် ကောက်ပြီးပြီ။ တစ်ဧကကို ၁၀ တင်း လောက်ရကြတယ်။ တွင်းရေကိုစက်နဲ့မောင်းရတာဆိုတော့ ဒီဇယ်ဆီသုံးကြရတယ်။ ဒီနှစ်တော့ ဆီဈေးက တစ်ဂါလန်ကိုကျပ် ၂၀၀၀ ဝန်းကျင်ပဲရှိတော့ အတော်သက်သာပါတယ်" ဟု ရွှေဒါကျေးရွာမှ တောင်သူဦးအောင်နိုင်ဦးက ပြောသည်။

**မျိုးဝင်းထွန်း**
**(မုံရွာ)**



## ဒီးမော့ဆိုမြို့နယ်၌ မိုးရာသီကာလတွင် ပျိုးပင်ပေါင်း ၃၅၆၅၈ ပင် ဖြန့်ဝေမည်

**ဒီးမော့ဆို မေ ၁၃**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောပြုန်းတီးမှုကြောင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချသွားနိုင်ရန်ရည်ရွယ်၍ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျေးရွာပြည်သူလူထုများထံ ပျိုးပင်ပေါင်း ၃၅၆၅၈ ပင် ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၉-၂၀၂၀ မှာ သစ်တောဦးစီးဌာနရဲ့ အစီအစဉ်အနေနဲ့ နိုင်ငံတော်ပိုင်စိုက်ခင်း (၁/၂၀၂၀ ရေဝေရေလဲစိုက်ခင်း) ဧက ၁၅၀ကို ဒေါရောက်ခူဒေသမှာ ပျိုးပင်ပေါင်း ၃၀၀၀၀ စိုက်ပျိုးသွားမှာဖြစ်ပြီး လူထုဖြန့်ဝေတဲ့အနေနဲ့ ပျိုးပင်ပေါင်း ၃၅၆၅၈ ပင်ကို သစ်မျိုး ၁၃ မျိုးနဲ့ ပျိုးထောင်ထားပြီဖြစ်ပါတယ်၊ ဒီအပင်တွေကို လာမယ့်မိုးရာသီကာလမှစပြီး မြို့နယ်ရှိဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျေးရွာပြည်သူလူထုများထံ အခမဲ့ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစွမ်းထက်ကိုက ပြောသည်။

ဒီးမော့ဆိုမြို့နယ်တွင် ယခင်နှစ်က လူထုဖြန့်အနေနှင့် ပျိုးပင်ပေါင်း ၁၀၀၀၀၀ ဖြန့်ဝေစိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် လျာထားချက်အရ ကျွန်း ၇၅၀၀၊ မန်ကျည်းရှား ၂၅၀၀၊ ရေသင်းဝင် ၃၀၀၀၊ မဲဇလီ ၃၀၀၀ ၊ ကံ့ကော် ၅၀၀၊ ပနားမားငု ၂၀၀၀၊ လျှော်ဖြူ ၅၀၀၀ ၊ စိန်ပန်းနီ ၆၅၈ ပင်၊ ပျဉ်းကတိုး ၁၀၀၀၊ ထင်းရှူး ၁၀၀၀၀ နှင့် ပိတောက် ၅၀၀ ပျိုးပင်စုစုပေါင်း ၃၅၆၅၈ ပင်ကို ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ ရပ်ဆိုင်းထားမည်

**ရန်ကုန် မေ ၁၃**

Japan Foundation (ရန်ကုန်)နှင့် Myanmar Association of Japan Alumni (MAJA) တို့က ဇူလိုင် ၅ ရက်တွင်ကျင်းပမည့် ဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲ (JLPT Exam) ကို ရပ်ဆိုင်းထားမည်ဖြစ်သည်။ ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်ကို လိုက်နာသည့်အနေဖြင့် စာမေးပွဲကို ရပ်ဆိုင်းရခြင်းဖြစ်ကြောင်း MAJA မှ အထွေထွေအတွင်းရေးမှူး ဆရာမ ဒေါ်မိုမိုစံထံမှ သိရသည်။

စာမေးပွဲဖြေဆိုမည့်သူများသည် မေလတွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်ဖြစ်သော်လည်း လက်ရှိအခြေအနေအရ ပြင်ဆင်မှုများပြုလုပ်ရန် မဖြစ်နိုင်သည့်အတွက် ရပ်ဆိုင်းရခြင်းဖြစ်သည်။ ဇူလိုင်တွင် ရန်ကုန်၊ မန္တလေး၊ ပဲခူးမြို့များတွင် ကျင်းပမည့် အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံမှဝင်ရောက်ဖြေဆိုမည့်သူ ၅၀၀၀၀ ကျော်ရှိသည်။ နိုင်ငံပေါင်း ၈၀ ကျော်ရှိ စာဖြေဌာန ၂၉၀ ကျော်တွင် တစ်ရက်တည်း တစ်ပြိုင်နက်ကျင်းပသည့် စာမေးပွဲဖြစ်သည်။

ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT Exam ) ရပ်ဆိုင်းမည်ဖြစ်သောကြောင့် ဖြေဆိုခွင့်လျှောက်ထားသူများအား လျှောက်လွှာကြေးမပါဘဲ စာမေးပွဲကြေးပြန်ထုတ်ပေးခြင်း သို့မဟုတ် မိမိဆန္ဒအလျောက်ပြန်မထုတ်လိုသူများအတွက် အနီးဆုံး စာမေးပွဲတစ်ခုတွင်လျှောက်ထားခဲ့သည့် Level နှင့် Test Site အတိုင်းပြန်လည်ဖြေဆိုခွင့်လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

**အောင်သူရ**



## မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနမှ အရိပ်ရအလှသစ်ပင်နှင့် နှစ်ရှည်သီးနှံပျိုးပင် ၇၄၂၀၀ ပျိုးထောင်ထားရှိ

**မိုင်းဖြတ် မေ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၀ပြည့်နှစ်မိုးရာသီကာလတွင်သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဌာနဆိုင်ရာနှင့် ပြည်သူများသို့ ဖြန့်ဝေပေးနိုင်ရန် အရိပ်ရအလှသစ်ပင်နှင့် နှစ်ရှည်သီးနှံပျိုးပင်ပေါင်း ၇၄၂၀၀ ကို ပျိုးထောင်ထားရှိကြောင်း ယမန်နေ့က မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ဌာနဆိုင်ရာနှင့် ပြည်သူများအား အခမဲ့ ဖြန့်ဝေပေးပြီး မိုးရာသီသစ်ပင်စိုက်နိုင်ရန်အတွက် မိုင်းဖြတ်မြို့နယ်သစ်တောဦးစီးဌာနရှိ ပျိုးဥယျာဉ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မဲဇလီ ၇၇၀၀၊ နှစ်ရှည်သီးနှံ ပျိုးပင်များဖြစ်သည့် တညင်း၊ ပိန္နဲ၊ ထောပတ်အပင် ၁၆၅၀၀နှင့် လူထုဖြန့်ဝေမှုအနေဖြင့် ကျွန်း ၈၅၀၀၊ အခြားပျိုးပင်များဖြစ်သည့် မဲဇလီ၊ မန်ကျည်းရှား၊ ခရေ၊ စိန်ပန်းနီ၊ ငုစပ် ၄၁၅၀၀ ပျိုးပင်စုစုပေါင်း ၇၄၂၀၀ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။

ယခုပျိုးထောင်ထားရှိသည့် ပျိုးပင်များကို ဇွန်လ ပထမပတ်တွင် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် ပြည်သူများအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ဝါးအုပ်ဆောင်းလုပ်ငန်းလုပ်ကိုင်သူများ ကိုဗစ် -၁၉ ကာလအတွင်း အရောင်းမထွက်၍ မိသားစုဝင်ငွေအခက်အခဲဖြစ်နေ

**ရွှေဦး မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မြင်းပေါက်ကျေးရွာတွင် ဝါးအုပ်ဆောင်းပြုလုပ်သူ လုပ်ငန်းရှင်များ ကိုဗစ်-၁၉ ကာလအတွင်း ဈေးရောင်းမထွက်ရ၍ မိသားစုဝင်ငွေအခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။



ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးကာလအတွင်း အုပ်ဆောင်းတစ်လုံးမှ မရောင်းရသည့်အတွက် မိသားစုဝင်ငွေအခက်အခဲ ကြုံတွေ့နေရမှုနှင့် ပတ်သက်၍ " မြင်းပေါက်ကျေးရွာမှာ ဝါးအုပ်ဆောင်းရက်တဲ့လုပ်ငန်းလုပ်ကိုင်သူ ၆၀ ခန့်ရှိပြီး ကျေးရွာထုတ်ကုန်တစ်မျိုးအဖြစ် တန့်ဆည်၊ ဒီပဲယင်း၊ ခင်ဦး၊ ရွှေဘိုနယ်အထိ ဖြန့်ဖြူး ရောင်းချလျက်ရှိပါတယ်၊ နှစ်စဉ် ဒီကာလမှာ အုပ်ဆောင်းလုပ်ငန်းက အဆင်ပြေနေတဲ့ကာလပါ၊ ရောင်းကောင်းတယ်၊ တစ်ရက်ကို ဝင်ငွေ ကျပ် ၂၀၀၀၀ ခန့်ရှိတယ်၊ ကလေးတွေ ကျောင်းထားစရိတ် ပူစရာမလိုဘူး၊ ဒီနှစ်မှာတော့ ဖောက်သည်ယူ နယ်လှည့်ရောင်းတဲ့သူတွေ မလာကြတဲ့အတွက် မိသားစုဝင်ငွေ ပြတ်သလိုဖြစ်လာပြီ၊ အလားတူ နယ်လှည့်ရောင်းတဲ့ ဈေးသည်မိသားစုတွေလည်း ဝင်ငွေမရှိ အခက်အခဲဖြစ်နေကြမှာပါပဲ"ဟု အုပ်ဆောင်းလုပ်ငန်းရှင် ဒေါ်ရွှေဝါက ပြောကြားသည်။

**သန်းထိုက်(ရေဦး)**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၃**


စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဇလ**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## ရွှေ့နေကြီးပယ်ရီမေဆင်နှင့် ကချေသည်မအမှု

စာရေးသူ မောင်ဝံသ ဘာသာပြန်ဆိုစီစဉ်ရေးသားသည့် ရွှေ့နေကြီး ပယ်ရီမေဆင်နှင့် ကချေသည်မအမှုစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အတိုက်ခံရသော ကားတစ်စီးထဲမှ ငှက်မွေး ယပ်တောင်တစ်စုံ၊ ပျောက်ဆုံးနေသော မြင်းတစ်ကောင်ကို လိုက်ရှာနေသော လူတစ်စု၊ ဟိုတယ်အခန်းတစ်ခုထဲ၌ ဖြစ်ပွားသော လူသတ်မှု၊ နာမည်တစ်ခုတည်းနှင့် ကချေသည်မနှစ်ယောက်၊ လူသတ်လက်နက် ဂျပန်ဓားရှည်ကြီးတစ်လက်၊ အငှားတရားခံလုပ်ချင်သော အချစ်ရူး တစ်ယောက်၊ လူဆွဲပြခန်းထဲမှ လှည့်ကွက်ကလေးတစ်ခု၊ လွတ်လမ်းမရှိသောတရားခံကို ရွှေ့နေကြီးပယ်ရီမေဆင်ကယ်တင်ခဲ့ရပုံတို့ကို ရေးသားထားသည်။

စာအုပ်ကိုဒေါင်းစာပေ၊၁၁၃/၃၃လမ်း(အလယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၇၃၂၁၀နှင့် ၀၉ ၅၁၆၂၀၆၄တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။



## မြန်မာနိုင်ငံ အဂတိပြဿနာ ရင်ဖွင့်အံ

စာရေးသူ ဦးအောင်ကြည်ဝင်း BA(Eco) (SAS) AG ရုံးစာရင်းစစ်အရာရှိ (ငြိမ်း) စီစဉ်ရေးသားသည့် မြန်မာနိုင်ငံ အဂတိပြဿနာရင်ဖွင့်အံ စာအုပ် ထွက်ရှိလာသည်။

အဂတိတိုက်ဖျက်ဖို့ဆိုလျှင် ဥပဒေပြဋ္ဌာန်းချက်၊ ရည်ရွယ်ချက်၊ ဆိုလိုရင်း၊ အနှစ်သာရသိဖို့လိုသည်။ အဂတိဥပဒေပြဋ္ဌာန်းလျှင် ယခင်ပြဋ္ဌာန်း ဥပဒေမှ ကောင်းနိုးရာရာဥပဒေများကို ဆက်ယူသင့်သည်။ အစိုးရ ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများသည် ဥပဒေကို လက်တစ်လုံးခြား ပြု၍ မျက်လှည့်မပြဖို့လိုသည်။ အဂတိတိုက်ဖျက်မည်ဆိုလျှင် လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားကင်းစင်အောင် ထိရောက်စွာ အပြစ်ပေး အရေးယူဖို့လိုကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

စာအုပ်ကို အောင်ဇမ္ဗူစာပေ၊ အမှတ်-၈၊ ၅-လွှာ(အေ)၊ မိုးမခလမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၄၂၃၅၇မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။



## ကွန်ပျူတာဆရာလက်စွဲ(၂) (လက်တွေ့စုစည်းမှုများ)

စာရေးသူ နေလင်းထက်(အိုင်တီလမ်းညွှန်) စီစဉ်ပြုစုသည့် ကွန်ပျူတာဆရာလက်စွဲ(၂) (လက်တွေ့စုစည်းမှုများ)စာအုပ် ထွက်ရှိလာသည်။

စာရေးသူသည် နည်းပညာပေါင်းမြောက်မြားစွာထဲမှ ကွန်ပျူတာနည်းပညာကို လေ့လာလိုက်စားခဲ့ကာ သူ၏ ဘဝအတွက် မှတ်တိုင်လည်းဖြစ်၊ ကွန်ပျူတာနည်းပညာကို လေ့လာသူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ အွန်လိုင်းပေါ်တွင် ကွန်ပျူတာပညာရပ်များကို သင်ကြားပြသပေးခဲ့သော ဆရာပေါင်းများစွာထဲမှ နည်းလမ်းများကိုအခြေခံကာ စာရေးသူလေ့လာမှတ်သားခဲ့သည်များကိုပေါင်းစပ်၍ စုစည်းဖော်ပြထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ဖြင့် ဖြန့်ချိသည်။



## ဘာသာဗေဒအခြေပြ

စာရေးသူ မောင်သာနိုး စီစဉ်ရေးသားသည့် ဘာသာဗေဒအခြေပြ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဘာသာဗေဒဆိုတာ၊ ဘာသာစကားဆိုတာ ပြောတာ၊ ရေးက ဘာသာစကား လေ့လာခဲ့ကြပုံနဲ့ အခု၊ ဘာသာစကားကိုဘယ်ကစ လေ့လာမလဲ၊ အသံအကြောင်း၊ စကားလုံးက စကားလုံးစု ဝါပုဒ်စု၊ ပုဒ်စုကနေ ဝါကျ၊ အနက်အဓိပ္ပာယ်၊ ဘာသာစကားကိုအသုံးပြုပုံ၊ ဘာသာစကားနဲ့ လူ့အဖွဲ့အစည်း၊ စိတ္တဘာသာဗေဒ၊ ဝါကျဖွဲ့ထုံး နားလည်ခြင်း၊ ဘာသာစကားနဲ့ဟန်၊ ဘာသာစကား အပြောင်းအလဲ၊ ဘာသာစကား နှိုင်းယှဉ်မှု စသည့်အကြောင်းအရာ ၂၄မျိုးကို ဖော်ပြထားသည်။

စာအုပ်ကိုဒေါင်းစာပေ၊၁၁၃/၃၃လမ်း(အလယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၇၃၂၁၀နှင့် ၀၉ ၅၁၆၂၀၆၄တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။

# မြိတ်မြို့၌ ငါးဖမ်းရာသီရပ်နားချိန် နေရပ်ပြန် ပြည်တွင်းငါးဖမ်းရေလုပ်သားများနှင့် ကျွန်းစုမြို့နယ် နေရပ်ပြန်များအတွက် ကန့်သတ်စောင့်ကြည့်စခန်း ကြိုတင်ပြင်ဆင်

**မြိတ် မေ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ငါးဖမ်းရာသီရပ်နားချိန် ပြန်လည်ရောက်ရှိလာမည့် တိုင်းဒေသကြီးပြင်ပ ပြည်တွင်း ငါးဖမ်းကွက်များတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်နေကြသော နေရပ်ပြန် ရေလုပ်သားများနှင့် ကျွန်းစုမြို့နယ်အတွင်းသို့ နေရပ်ပြန်များအား မြိတ်မြို့တွင် ခေတ္တနားမည့် ကန့်သတ်စောင့်ကြည့်စခန်းကို မြိတ်မြို့တွင် ကြိုတင်ပြင်ဆင် လျက်ရှိသည်။

ငါးဖမ်းရာသီရပ်နားချိန် ပြန်လည်ရောက်ရှိလာမည့် တိုင်းဒေသကြီးပြင်ပ ပြည်တွင်းငါးဖမ်းကွက်များတွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေကြသော နေရပ်ပြန်မည့်ရေလုပ်သားများအား အထက(၅)တွင် ကန့်သတ်စောင့်ကြည့်ထားရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျွန်းစုမြို့နယ်သို့ပြန်လာကြမည့် နေရပ်ပြန်များ မြိတ်မြို့တွင် ခေတ္တနားရန် သံဃာ့ဆေးရုံ၌ ကန့်သတ်စောင့်ကြည့်စခန်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ သိရသည်။

"ကျွန်းစုနေရပ်ပြန်များက လေကြောင်းလိုင်း၊ ကားလိုင်းတို့နဲ့ မြိတ်မြို့ကို ရောက်ရှိလာကြတဲ့အခါ နေရပ်ပြန်တစ်ဦးလာရင် တစ်ခေါက်သွားပို့နေရတော့ ကုန်ကျစရိတ်များနဲ့ ပြန်မယ့်သူတွေရဲ့ ခတ်ခွဲနမူနာပို့ဖို့ Speed Boat ဖိုး၊ ဆီဖိုးရှိပြီး စရိတ်တွေများနေတော့ ဒီနေရပ်ပြန်တွေ စုပြီးမှ လမ်းကြောင်းတူများကို တစ်ခေါက် ပို့ဆောင်ပေးမှာဖြစ်တယ်။ ခတ်ခွဲနမူနာယူရမယ့်သူဆိုရင်လည်း ခတ်ခွဲနမူနာ ရယူပြီးမှ ပို့ဆောင်မှာဖြစ်တယ်။ အဓိက ကုန်ကျစရိတ် သက်သာအောင် သံဃာ့ဆေးရုံ ကန့်သတ်စောင့်ကြည့်စခန်းမှာ ခေတ္တထားမှာပါ" ဟု ကျွန်းစုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်းက ပြောကြားသည်။



နေရပ်ပြန် ပြည်တွင်းငါးဖမ်းရေလုပ်သားများနှင့် ကျွန်းစုမြို့နယ်သို့ နေရပ်ပြန်များအတွက် ကန့်သတ်စောင့်ကြည့်ထားရန် သံဃာ့ဆေးရုံနှင့် အထက (၅)တို့ကို ကန့်သတ်စောင့်ကြည့်စခန်းနေရာအဖြစ် ဆောင်ရွက်ရန် မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက ကျွန်းစုမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဥက္ကာမင်းနှင့် ခရိုင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်လွင်လွင်မွန်နှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြပြီး ကန့်သတ်စောင့်ကြည့်စခန်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။

ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် သံဃာ့ဆေးရုံတွင် နေရပ်ပြန် ၄၀ ထားရှိဆောင်ရွက်နိုင်မည်ဖြစ်ပြီး အထက (၅) နောက် လယ်ကျောင်း ပေ ၁၃၀၊ ပေ ၃၀ နှစ်ထပ် စာသင်ဆောင်နှင့် ပေ ၁၂၀၊ ပေ ၃၀ နှစ်ထပ် စာသင်ဆောင်နှစ်ဆောင်တို့တွင် နေရပ်ပြန် ၁၀၀ ထားရှိနိုင်မည်ဖြစ်ကာ အဆိုပါနေရာများတွင် ကန့်သတ်စောင့်ကြည့်စခန်းဖွင့်လှစ်ရန် သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ်အနေဖြင့် နေရပ်ပြန်များအတွက် ကန့်သတ်စောင့်ကြည့်စခန်း ဖွင့်လှစ်ရန် နေရာ ၃၅ ခုနှင့် စခန်းများတွင် ဝင်ဆံ့သည့်ဦးရေ ၁၁၄၆ ဦး လျာထားကာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရေ၊ မီး၊ မိလ္လာပြည့်စုံမှုရှိစေရန် ကန့်သတ်စောင့်ကြည့်စခန်းများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**




မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

# ဂွါဒီယိုလာအား ဘာစီလိုနာနည်းပြအဖြစ် ပြန်လာရေး လာပေ့ါတာ မျှော်လင့်



© PA

လာပေ့ါတာဟာ ဘာစီလိုနာအသင်းရဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရပါက ဂွါဒီယိုလာအား ဘာစီလိုနာအသင်းနည်းပြအဖြစ် ပြန်လာရေး မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။

လာပေ့ါတာဟာ ၂၀၀၃ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိ ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းရဲ့ ၂၀၂၁ ခုနှစ်မှာပြုလုပ်မယ့် အသင်းဥက္ကဋ္ဌရွေးချယ်ပွဲမှာ ရွေးချယ်ခံဖို့လည်း ရည်ရွယ်ထားတာဖြစ်ပါတယ်။

လာပေ့ါတာအနေနဲ့ ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ်အချိန်အတွင်း ဂွါဒီယိုလာကို ဘာစီလိုနာ ဒုတိယအသင်းရဲ့ အသင်းနည်းပြအဖြစ်ခန့်အပ်ခဲ့တာဖြစ်ပြီး ၂၀၀၈ ခုနှစ်မှာ ဘာစီလိုနာ ပထမအသင်း နည်းပြအဖြစ် တိုးမြှင့်ခန့်အပ်ခဲ့တာ ဖြစ်ပါတယ်။

အသက် ၄၉ နှစ်အရွယ်ရှိ ဂွါဒီယိုလာဟာ ဘာစီလိုနာအသင်းနည်းပြအဖြစ်ကနေ လမ်းခွဲပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းနဲ့ မန်စီးတီးအသင်းတို့မှာ တာဝန်ယူခဲ့တာဖြစ်ပြီး အဲဒီနှစ်သင်းစလုံးမှာ အောင်မြင်မှုရရှိနေသူလည်းဖြစ်ပါတယ်။ ဂွါဒီယိုလာဟာ ၂၀၁၆ ခုနှစ်မှာ မန်စီးတီးအသင်းနည်းပြဖြစ်လာခဲ့ပြီး မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ လာမယ့်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။

ဒါကြောင့် လာပေ့ါတာအနေနဲ့ ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရပါက မန်စီးတီးအသင်းနဲ့ သက်တမ်းကုန်ချိန်တွင် ဂွါဒီယိုလာကို ဘာစီလိုနာအသင်းဆီ ပြန်လာစေချင်တယ်လို့ စပိန်ရုပ်မြင်သံကြားသတင်းဌာန TV3 နဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ပြောကြားခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ဘာစီလိုနာအသင်းကလည်း ဂွါဒီယိုလာကို နည်းပြအဖြစ်နဲ့ ပြန်လာစေချင်သလို ဘာစီလိုနာအသင်းပရိသတ်တွေကလည်း ဘာစီလိုနာအသင်းနည်းပြအဖြစ်နဲ့ ပြန်လာဖို့ မျှော်လင့်နေတယ်လို့ သိရပါတယ်။ နည်းပြဂွါဒီယိုလာဟာ ဘာစီလိုနာအသင်းနည်းပြအဖြစ် တာဝန်ယူချိန်မှာ ဆုဖလား ၁၄ လုံးအထိ ရယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

# နယူးကာဆယ်အသင်းက ဂါရတ်ဘေးလ်ကို ပေါင် ၅၃ သန်းနဲ့ ခေါ်ယူဖို့ အသင့်ရှိနေ

ငွေကြယ်
ရေးသားသည်


ရီးယဲလ်မက်ဒရစ်အသင်းမှ ဝေးလ် တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ အခုနှစ်နွေရာသီ အပြောင်းအရွှေ့ ကာလအတွင်းမှာ ပရီမီယာလိဂ်ကို ပြန်လည် ခြေချမယ်ဆိုတဲ့သတင်းတွေထွက်ပေါ်နေတဲ့အပြင် လက်ရှိအချိန်မှာလည်း နယူးကာဆယ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၅၃ သန်းနဲ့ ခေါ်ယူဖို့ အသင့်ရှိနေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ လက်ရှိ ကလပ်ရီးယဲလ်မက်ဒရစ် အသင်းမှာ မပျော်မရွှင်ဖြစ်နေတာကြောင့်အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်မှာ ဘာနေဗျူးကနေ ထွက်ခွာဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။ ဖိုးဖိုးတူ အားကစားသတင်းဌာနရဲ့ ဖော်ပြချက်အရ တိုက်စစ်မှူး ဂါရတ်ဘေးလ် ကို ကလပ်အသင်းသုံးသင်းက ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်လျက်ရှိတာဖြစ်ပြီး အဲဒီအသင်းတွေထဲမှာ နယူးကာဆယ်အသင်းလည်း ပါဝင်နေတာ ဖြစ်ပါတယ်။

မေဂျာလိဂ်ကလပ်အသင်းဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်းရဲ့ အင်တာမီယာမီအသင်းက ဂါရတ်ဘေးလ်ကို ခေါ်ယူဖို့ ပြင်ဆင်နေတဲ့အပြင် အသင်းဟောင်း စပါးအသင်းကလည်း တိုက်စစ်မှူး ဂါရတ်ဘေးလ်ကို မြောက်လန်ဒန်ဆီ ပြန်လည်ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့လည်း သတင်းထွက်ပေါ်နေပါတယ်။

ဂါရတ်ဘေးလ်ဟာ ၂၀၁၃ ခုနှစ်က စပါးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းမှာ ခုနစ်နှစ် ကြာဖြတ်သန်းခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းဟာ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်လာတဲ့ အသင်းရဲ့ဘဏ္ဍာရေးအခက်အခဲကိုဖြေရှင်းဖို့ ဂါရတ်ဘေးလ်နဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ် အပါအဝင် ဈေးကြီးတဲ့ ကစားသမားတချို့ကို ရောင်းချဖို့ ပြင်ဆင်နေတာ ဖြစ်ပါတယ်။

## အနုပညာ



# အီတေးဝန်က ကလပ်ကို သွားရောက်ခဲ့မိတဲ့အတွက် နောင်တရကြောင်း ဂျူရီပြောကြား

ကေပေ့ါ်ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျူရီဟာ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ KARA ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ပါတယ်။ သူဟာ လတ်တလောမှာ အီတေးဝန်မှာရှိတဲ့ ကလပ်တစ်ခုကို သွားရောက်ခဲ့ရာမှာ နှာခေါင်းစည်း ဝတ်ဆင်ခဲ့ခြင်းမရှိပါဘူး။ အဲဒီအပေါ် ဒေသတွင်း မီဒီယာတွေက သတင်းရေးသား ဖော်ပြခဲ့ကာ ပေ့ါပ်ကြယ်ပွင့်အနေနဲ့ ဝေဖန်ခံနေပါတယ်။ ဂျူရီက သူ့ရဲ့အပြုအမူအပေါ် အတော်လေး နောင်တရမိကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပွဲခ်ဂျူရီဟာ လတ်တလောမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း အီတေးဝန်မှာရှိတဲ့ ကလပ်တစ်ခုကို နှာခေါင်းစည်း ဝတ်ဆင်ခြင်းမရှိဘဲ သွားရောက်ခဲ့ပါတယ်။ သူ့ရဲ့ အပြုအမူအတွက် တောင်းပန်ကြောင်းနဲ့ တကယ့်ကို နောင်တရမိကြောင်း မေ ၁၁ ရက်မှာ သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

တာဝန်ရှိသူတွေက မိုဘိုင်းဖုန်းမှ အချက်အလက်များ၊ အကြွေးဝယ်ကတ်၊ စီစီတီဗွီ စတဲ့အရာတွေကို ခြေရာခံကာ ကလပ်ကို လာရောက်ခဲ့ကြသူတွေကို ရှာဖွေဖော်ထုတ်မှုတွေ ပြုလုပ်ခဲ့ပြီးနောက်မှာ ဂျူရီအနေနဲ့ ယခုလို တောင်းပန် စကားကို ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျူရီဟာ အသွားအလာကန့်သတ်ကာ ခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းတွေ ထုတ်ပြန်ထားဆဲဖြစ်တဲ့ မေ ၂ ရက်မှာ အီတေးဝန်က ကလပ်တစ်ခုကို သွားရောက်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာ ဒေသတွင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အသစ်တွေ့ရှိရကြောင်း၊ ကူးစက်ခံရသူတွေမှာ အီတေးဝန်က ကလပ်တစ်ခုကို သွားရောက်ခဲ့ရာမှ ကူးစက်ခံခဲ့ရတာဖြစ်ပြီး အစုလိုက် ကူးစက်မှုတွေ ဖြစ်လာကြောင်း အာဏာပိုင်တွေက ထုတ်ပြန်ကြေညာခဲ့ပါတယ်။

**အေးပြည့်**


**ကြော်ငြာစာ**
**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၂၀ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၇**
**ကွယ်လွန်သူ ဦးသန်းအေး၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်**
**စပ်လျဉ်းသည့်အမှု**

ဒေါ်နက်တလီဆိုင် — လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၆)လမ်းမြောက်၊ အမှတ်(၅၄၂)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းအေး၏ ကျန်ရှိရစ်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၆)လမ်းမြောက်၊ အမှတ်(၅၄၂)ဟုခေါ်တွင်သည့် မြေကွက်အမှတ် (၆၇၇)၊ မြေရေိယာ အလျားx အနံ ပေ(၂၅ x၇၀) ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နက်တလီဆိုင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၀ ခုနှစ်၊ မေလ ၂၉ ရက်၊ (၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းအေး၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဆိုင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၂၀ ခုနှစ်၊ မေလ ၂၉ ရက်၊ (၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်) နံနက် ၁၀ နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်နက်တလီဆိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၂၀ ခုနှစ်၊ မေလ ၁၁ ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မောင်မောင်အေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**



**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃/၁၀၅/၁၀၇)၊ မြေကွက်အမှတ်(၃၉ တ/၃၉ ဏ)၊ ဇေယျာသုခလမ်းနှင့် အောင်တံခွန်လမ်းထောင့်၊ (က)ရပ်ကွက်၊ အိမ်အမှတ်(၁၀၅/၁၀၇)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် Basement+8½ (၆)ခန်းတွဲတိုက် အဆောက်အဦရှိ အခန်းအမှတ်(၃/F)၊ တတိယထပ်အခန်း၊ အကျယ်အဝန်း(၁၂၆၆ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးအောင်ထွန်း[၁၂/ဒဂတ(နိုင်)၀၁၈၂၇၇]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို**
**(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၂၆၈)**
**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆**



**ဥတုရာသီ တောကိုမှီ၏**



**အများသိစေရန်ကြော်ငြာခြင်း**

Quicken Trust Microfinance Company Limited သို့ ဦးကျော်ဝင်းသိန်း[၉/လဝန(နိုင်)၀၀၈၇၅၈]အား ဒါရိုက်တာအဖွဲ့ဝင်အသစ်အဖြစ် ၁-၄-၂၀၂၀ရက်တွင် စတင်ဝင်ရောက်ကြောင်းကို ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၈ရက်စွဲပါ စာအမှတ်-ငကစ/ကက-၆(၇၄/ ၂၀၁၅)အရ အများပြည်သူသိစေရန်နှင့် Quicken Trust Microfinance မှ ငွေကြေးဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့် အသင်းသားများ သိရှိစေရန်ကြော်ငြာအပ်ပါသည်။

**Quicken Trust Microfinance Co.,Ltd.**



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇ ဘီ၊ မြေကွက်အမှတ်- ၂၉ (ဘီ)တွင် ဆောက်လုပ်ထားသော (၈)ထပ်တိုက်၊ အမှတ်(၁၅/က)မြေညီထပ်(ယာ)ဟုခေါ်တွင်သော ရေမီးစုံနေအိမ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးခင်မောင်ဦး [၁၂/လသန(နိုင်)၀၁၇၉၈၁]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၁၂-၅-၂၀၂၀ရက်စွဲပါ ''နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်စရန်ပေးကတိစာချုပ်''ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယုတင် (LL.B,D.B.L) (စဉ်-၆၂၃၀)**
**ဒေါ်ဖြူသွယ်ယု (LL.B,D.B.L) (စဉ်-၁၁၂၀၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၅)၊ မြေညီထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၈၀၉၀၈၊ ၀၉-၄၂၀၇၄၆၀၂**



**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၅)၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ်(၁၆၇)၊ မြေအကျယ်အဝန်း (၄၁ပေ×၆၀ပေ) ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ RC(၂)ထပ်တိုက် နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် ဦးဝင်းစိန် (ခ) လော်ဝင်းစိန် (၁၂/ဥကတ(နိုင်)၀၀၀၄၁၃)အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီးအမည်ပေါက် ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန် ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ယဉ်ယဉ်ကြည် (**LL.B**) ၊ (စဉ်-၁၁၄၀၆)
**တရားလွှတ်တော်ရှေ့နေ**
အမှတ် (၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၄၃၁၁၄၆၅၄ ၊ ၀၉-၇၉၅၆၀၁၈၆၃ ၊ ၀၉-၇၉၆၃၀၈၀၂၁

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ ရွှေဝါရောင် စိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီမှ ဆန် Export လိုင်စင်အမှတ် (YGNELA 1920 01314 20/01/2020) (YGNELA 1920 01302 20/01/2020)မှာ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၁-၆၈၆၁၅၈၊ ၀၁-၆၈၀၈၀၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝန သိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၁၄၆)ဧက၊ မြေကွက်အမှတ်(ဥ-၆၂၉၁)၊ ဦးစန်းဝေ အဖအမည် ဦးထွန်းကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ကြင်ငွေးရီ(ခ)ထက်ထက်အောင် [၁၂/ကမတ(နိုင်)၀၄၈၂၁၀] အဖအမည် ဦးတင်စိန်မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၆၀/၂၀၁၉ (၂၇-၆-၂၀၁၉) တင်ပြ၍ ဦးစိုးနိုင် [၁၃/မယတ(နိုင်)၀၀၀၅၃၁]အဖအမည်ဦးသန်းလှိုင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

သစ်
တော
နဲ့
သစ်ပင်
ချစ်
ခင်
တဲ့
လူမျိုး
သစ်
ပင်
ကို
နှစ်စဉ်
စိုက်
ရွှေတိုက်
ကိုစိုး

# ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးတင်ဖေ(အုန်းနဲ)
# အသက်(၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲရွာနေ(ဦးလှဖေ-ဒေါ်ဖွားတင်)တို့၏ သား၊ ဒေါ်တင်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ Dr.သိန်းဇော်(SHWE ဘဏ်)-ဒေါ်ခင်မြင့်ကြည်၊ ဦးမြင့်ခိုင်(KBZဘဏ်)-ဒေါ်အေးအေးမြင့်၊ ဦးအောင်မြတ်ဇော်တို့၏ဖခင်၊ ဗိုလ်ကြီးကျော်ကျော်လင်း(လေ) - ဒေါ်သက်သက်အောင်၊ မေသက်ခိုင်(CB ဘဏ်)၊ မေဦးဇော်(SMBC စင်ကာပူ)၊ Dr.သီရိဇော်(SMBC စင်ကာပူ)၊ ရဲရင့်လင်း(KBZ ဘဏ်)၊ အိသဉ္ဇာကျော်တို့၏ ဘိုးဘိုးကြီးသည် ၁၁-၅-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၁၀:၂၀နာရီတွင် မြင်းမူမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀နာရီတွင် မြင်းမူမြို့ရှိ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

## အထူးဝမ်းနည်းကြေကွဲခြင်း
### အဘ-ဆရာဦးခင်မောင်သိန်း
### စွမ်းအင်နှင့်ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)

မိဘသဖွယ် ရှိသေချစ်ခင်လေးစားရသော အဘ-ဆရာဦးခင်မောင်သိန်း ကွယ်လွန်ကြောင်း သိရှိရပါ၍ ဖော်မပြနိုင်အောင် ဝမ်းနည်းကြေကွဲ ခံစားနေရပါကြောင်း။

**မောင်မောင်(လျှပ်စစ်)-ဆွေဆွေသန်း(မန္တလေး)**
**မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ ရန်ကုန်တိုင်းအမှုဆောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးခင်မောင်သိန်း
### စွမ်းအင်ဝန်ကြီးနှင့် ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
### အသက် (၈၆)နှစ်

သူငယ်ချင်း ဦးမောင်မောင်သိန်း-ဒေါ်တင့်တင့်အောင်တို့၏ မွေးသဖခင် ကျေးဇူးရှင်ဖြစ်သည့် စရည်းပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့နေ ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၂)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးခင်အောင်ဗိုလ် အသက်(၈၁)နှစ်

**ဒုညွှန်မှူး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ငြိမ်း)အခြေခံပညာဦးစီး(၁)**
**(GTI)၊ ဆရာအတတ်သင်(ကန်တော့ခံဆရာကြီး)**
**မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ (အရန်အဖွဲ့ဝင်)**
**နှစ်ကျိပ်ရှစ်ဆူစေတီတော် (နာယက)**

မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့(ဥက္ကဋ္ဌ) ဆရာကြီး ဦးခင်အောင်ဗိုလ်သည် ၁၃-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့**
**ဆရာ၊ ဆရာမများနှင့်တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးခင်အောင်ဗိုလ် (ရန်ကုန်)

**မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ အရန်အဖွဲ့ဝင်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့**
**အသက် (၈၀)**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ အရန်အဖွဲ့ဝင် ဆရာကြီး ဦးခင်အောင်ဗိုလ် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့)သည် ၁၃-၅-၂၀၂၀ ရက် ၇:၀၅ နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့**
**အနုပညာဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးမြင့်သန်း(ငြိမ်း)
### တပ်မတော်မှတ်တမ်းရုံး(ကကတမ်း)
### အသက်(၆၇)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိ၊ နဝဒေးရပ်ကွက်နေ ဆရာမ ဒေါ်သန်းသန်းအေး၏ခင်ပွန်း ဗိုလ်ကြီးမြင့်သန်း(ငြိမ်း)သည် ၁၂-၅-၂၀၂၀ ရက် ညနေ ၆:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်ကြပ်ကြီး/စာရေးသင်တန်း**
**အမှတ်စဉ်(၅၉)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)
### ဦးဆောင်ညွှန်ကြားရေးမှူး (M.E.P.E-ငြိမ်း)
### စွမ်းအင်ဝန်ကြီး(ငြိမ်း)၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး(ငြိမ်း)
### အသက်(၈၆)နှစ်

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင်၊ နာယကကြီးနှင့် သက်ကြီးကန်တော့ခံပုဂ္ဂိုလ်ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)သည် ၁၂-၅-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ အမှတ်(၂၂၆)၊ စရည်းပင်လမ်းနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)သည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**CB Bank(PLC)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြင့်မြင့်ရှင်(ထားဝယ်)
### အသက်(၈၁)နှစ်

ထားဝယ်မြို့(ဦးဘရှင်-၁၉၂၀ တက္ကသိုလ်ကျောင်းသားသပိတ်ခေါင်းဆောင်)-(ဒေါ်ခင်စိန်)တို့၏သမီး၊ ဖြူးမြို့(ဦးဖိုးချို)-(ဒေါ်ခင်ရွှေ)တို့၏ သမီးချွေးမ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၁) လမ်း၊ အမှတ်(၁၁/၄လွှာ) နေ (ဦးအောင်ကြည်-မဟာသိပ္ပံ)၏ ချစ်လှစွာသော ဇနီး၊ မောင်ကျော်စွာအောင်-မဇင်မာဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်လင်းသစ်အောင်၏ ချစ်လှစွာသော အဘွားသည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာဘုံဘဝသို့ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ**
**Myanmar Pioneer Star Group of Companies**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဝေ(ကြို့ပင်ကောက်) နာယက၊ ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) အသက်(၇၁)နှစ်သည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ဒေါက်တာမျိုးသန့်-ဒေါ်ယုဇော်**
**ဇာနှင့်ဇာ ကုမ္ပဏီလီမိတက်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)
### စွမ်းအင်ဝန်ကြီး(ငြိမ်း)
### ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
### အသက်(၈၆)နှစ်

အမှတ်-၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)၊**
**လျှပ်စစ်စွမ်းအားဝန်ကြီး(ငြိမ်း)**
**ဒေါ်တင်တင်ညွန့်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)
### ကြည်း ၈၂၅၄, B.Sc(Engg:)
### ကကထုတ်
### ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)
### စွမ်းအင်ဝန်ကြီး(ငြိမ်း)
### ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
### အသက်(၈၆)နှစ်

အမှတ်-၂၂၆၊ စရည်းပင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ် နေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ အငြိမ်းစားများ လူမှုရေးအသင်း၏ နာယကကြီး ဖြစ်သူ ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)သည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့၊**
**အငြိမ်းစားများလူမှုရေးအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဦးခင်မောင်သိန်း အသက်(၈၆)နှစ်
### ဝန်ကြီး(ငြိမ်း)
### စွမ်းအင်ဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
### ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်း၊ အမှတ်(၂၂၆)နေ ဒေါ်စုစုသိန်း၏ခင်ပွန်း၊ အင်ကြင်းဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်၊ မန်နေးဂျင်းဒါရိုက်တာ ဦးစိုးမင်းအောင်-ဒါရိုက်တာ ဒေါ်မွေးသီတာသိန်း၏ဖခင် ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၆:၀၀ နာရီတွင် လူကြီးရောဂါဖြင့်ကွယ်လွန်ပြီး ၁၄-၅-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် (၉:၀၀)နာရီမှ ၁၀:၀၀ နာရီအတွင်း ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်ဒါရိုက်တာ၊ ဒါရိုက်တာများနှင့် ဝန်ထမ်းများ**
**အင်ကြင်းဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နန်းအေးရီ
### အသက်(၈၂)နှစ်

ဦးကြည်ဇင်ထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)၏ မိခင်ဖြစ်သူ ဒေါ်နန်းအေးရီ အသက်(၈၂)နှစ်သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၌ ၁၂-၅-၂၀၂၀ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ငွေတိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဝေ(ကြို့ပင်ကောက်) နာယက၊ ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) အသက်(၇၁)နှစ်သည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**
**အလုပ်အမှုဆောင်အဖွဲ့**
**အသင်းသား/သူများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး ဒေါက်တာထွေးထွေးစမ်း အသက်(၆၃)နှစ်

**Director, Aung Kyun Thar Co.,Ltd**

ရန်ကုန်တိုင်းဒေသကြီး(သနပ်ပင်)နေ (ဦးစိုးမောင်-ဒေါ်ကျင်စိန်)တို့၏သမီး၊ (ဦးသန်းမြင့်)-ဒေါ်တင်တင်လှတို့၏ချွေးမ၊ ရန်ကုန်မြို့နေ ဦးစုလင်း-ဒေါ်ကျောင်စိုး၊ ဦးမြင့်စိန်-ဒေါ်နုနု၊ ဒေါ်အေး၊ ဦးစိုးကြင်-ဒေါ်ခင်မမ၊ ဒေါ်ကြည်ကြည်အေး၊ ဦးအောင်သင်း-ဒေါ်စန်းစန်းအေးတို့၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ အမှတ်(၄)စျေးမြောက်လမ်း Condo AG-(1)နေ ဒေါက်တာဝေဖြိုးသန့်၊ မောင်ဟိန်းထက်တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာမျိုးသန့်၏ဇနီး (ဒေါက်တာထွေးထွေးစမ်း)သည် ၁၂-၅-၂၀၂၀ ရက် ညနေ ၅:၄၉ နာရီတွင် Grand-Hantha ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း ဒေါက်တာထွေးထွေးစမ်း

**Director, Aung Kyun Thar Co, Ltd.**

**အသက်(၆၃)နှစ်**

အောင်ကျွန်းသာကုမ္ပဏီ၏ ဒါရိုက်တာ ဒေါက်တာထွေးထွေးစမ်းသည် ၁၂-၅-၂၀၂၀ ရက် ညနေ ၅:၄၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board Of Director**
**Aung Kyun Thar Co. Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း ဒေါက်တာထွေးထွေးစမ်း

**Director, Aung Kyun Thar Co, Ltd.**

**အသက်(၆၃)နှစ်**

အောင်ကျွန်းသာကုမ္ပဏီ၏ ဒါရိုက်တာ ဒေါက်တာထွေးထွေးစမ်းသည် ၁၂-၅-၂၀၂၀ ရက် ညနေ ၅:၄၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Aung Kyun Thar Co. Ltd.**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း ဦးအောင်ကြီး(ကမာရွတ်)

**အသက် (၉၆)နှစ်**

သူငယ်ချင်း ဒုဗိုလ်မှူးကြီး မြင့်သိန်း(ငြိမ်း)၏ဖခင် ဦးအောင်ကြီး အသက် (၉၆)နှစ်သည် ၁၃-၅-၂၀၂၀ ရက်နေ့ ၂:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း သိစေအပ်ပါသည်။

**OTS ၄၅**
**ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း (ငြိမ်း)

**ဘဏ္ဍာ/အခွန်ဝန်ကြီး (ငြိမ်း)**
**စွမ်းအင်ဝန်ကြီး (ငြိမ်း)**
**ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/TSC/EPC) (ငြိမ်း)**
**အသက် (၈၆) နှစ်**

အမှတ်(၂၂၆)၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## အထူးဝမ်းနည်းကြေကွဲခြင်း ဦးခင်မောင်သိန်း

**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC) (ငြိမ်း)**
**အသက်(၈၆)နှစ်**

အစ်မရင်းကဲ့သို့ လေးစားချစ်ခင်ရသော မမစု (ဒေါ်စုစုသိန်း)၏ ချစ်လှစွာသောခင်ပွန်း ကျေးဇူးရှင် ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့)နံနက် ၆ နာရီ၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့်**
**[ရန်ကုန်တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ(ငြိမ်း)]**
**ဒေါ်မြမြဝင်း (မဇ္ဈိမရွာ)**

## ရဟန်းဒါယိကာမကြီး ဒေါ်နှင်းအေး (ကြည့်မြင်တိုင်၊ အေးရွာ) (၉၃) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ သရက်တော (၄)လမ်း၊ အမှတ်(၉၉)နေ (ဦးအုန်းမောင်-ဒေါ်အုန်းမေ)တို့၏သမီး၊ (ဦးဖေသင်)၏ဇနီး၊ ဒေါ်တင်စောမူ (ကျောင်းအုပ်ကြီး-ငြိမ်း)၏အစ်မ၊ ဒေါ်ဌေးဌေးဝင်း(ကြည့်မြင်တိုင်မြို့နယ်ပညာရေးမှူး-ငြိမ်း)၊ ဒုတိယရဲမှူးကြီးအောင်နိုင် (ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ဇီးပင်ကြီး)-ဒေါ်စိုးစိုးရွှေ(အထက-၇၊အလုံ)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဇေလင်းနိုင်(Famous Group Co.,Ltd)၊ မောင်နေဇင်ကို (2nd Commeree)၊ မောင်ကောင်းငြိမ်းဆက်(Grade-VI၊ ထ-၁၊ ဒဂုံ)တို့၏ ဘွားဘွားကြီးသည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ (သောကြာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ရှင် (ထားဝယ်)

**အသက် (၈၁) နှစ်**

ထားဝယ်မြို့နေ [ဦးဘရှင် (၁၉၂၀ တက္ကသိုလ်ကျောင်းသားသပိတ်ခေါင်းဆောင်)-ဒေါ်ခင်စိန်]တို့၏ သမီး၊ ဖြူးမြို့နေ (ဦးဖိုးချို-ဒေါ်ခင်ရွှေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း (၁)လမ်း၊ အမှတ်(၁၁)၊ လေးလွှာနေ [ဦးအောင်ကြည် (မဟာသိပ္ပံ)]၏ချစ်လှစွာသောဇနီး၊ မောင်ကျော်စွာအောင်-မဇင်မာဝင်းတို့၏ချစ်လှစွာသောမိခင်၊ မောင်လင်းသစ်အောင်၏ချစ်လှစွာသောအဘွား၊ (ဦးအောင်မြင့်)-ဒေါ်ကြူကြူ၊ (ဦးအောင်ညွန့်-ဒေါ်သိန်းကြင်)၊ (ဦးအောင်ထွေး-ဒေါ်ကြည်မေ)၊ ဦးတင်ထွတ်၊ (ဦးဇော်သိန်း)-ဒေါ်ခင်ကြည်၊ ဦးစန်းတင့်အောင်-ဒေါ်မာရီ၊ ဦးကိုကိုကြီး-(ဒေါ်ခင်ရီ)၊ (ဦးမောင်မောင်သိန်း-ဒေါ်လှတင်)၊ (ဒေါ်တင့်တင့်ရှင်)တို့၏ချစ်လှစွာသောညီမ၊ (ဦးတင့်ဝေ)-ဒေါ်စုစုရှင်၊ ဦးအောင်လေး-ဒေါ်စန်းစန်းလှတို့၏ ချစ်လှစွာသောအစ်မ၊ (ဦးသောင်းတင်-ဒေါ်ခင်ချို)၊ (ဦးချစ်စိန်)-ဒေါ်ဝေဝေလွင်၊ (ဦးချစ်ဆွေ-ဒေါ်ခင်သန်းဝင်း)တို့၏ ချစ်လှစွာသောအစ်မ၊ ဒေါ်ချိုဦး၏ချစ်လှစွာသောအဒေါ်၊ ဒေါက်တာဇာနည်ဖြိုးဝေ-မမီမီကေ၊ မောင်ကျော်မင်းရိန်တို့၏ ချစ်လှစွာသောကြီးတော်သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မအေးနန္ဒာမိုး (၃၆) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဂေါင်းနီကွင်းကျေးရွာနေ ဦးမြင့်အောင်-ဒေါ်တင်တင်ဝင်းတို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ဘလွဲကျေးရွာနေ ဦးမြင့်ထွန်း-ဒေါ်သန်းလှတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ဦးကြင်ဥ (၂)လမ်း၊ အမှတ်(၉၂၁/ခ)နေ ဦးချမ်းမင်းဇော်၏ဇနီး၊မယွန်းယမုံချမ်း၏မွေးသမိခင်သည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၀(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း ဦးပြည့်စုံကျော်

**အသက် (၃၉) နှစ်**

ဗုဒ္ဓစာပေအဖွဲ့ စာဒါယကာကြီး ဦးကျော်ညွန့်၏သား ဦးပြည့်စုံကျော်သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ **ဗုဒ္ဓစာပေအဖွဲ့**

## ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း (ငြိမ်း)

**ကြည်း-၈၂၅၄၊ B.Sc (Engg)**
**ကကထုတ်**
**ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/TSC/EPC) (ငြိမ်း)**
**စွမ်းအင်ဝန်ကြီး (ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး (ငြိမ်း)**
**အသက် (၈၆) နှစ်**

မန္တလေးမြို့၊ စိန်ပန်းရပ်နေ (ဦးဘသောင်-ဒေါ်လှ)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့နေ (ဦးကျော်ဇံ-ဒေါ်မြမေ)တို့၏သားသမက်၊ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသော်တာသိန်း-ဒေါ်လှမြတ်ခိုင်၊ ဦးဒေဝါသိန်း-ဒေါ်ခင်စန္ဒာဖေ၊ ဦးမောင်မောင်သိန်း-ဒေါ်တင့်တင့်အောင်၊ ဒေါ်မာလာသိန်း-ဦးထွန်းထွန်း၊ ဒေါ်မွေးသီတာသိန်း-ဦးစိုးမင်းအောင်၊ ဒေါက်တာခင်ရတနာသိန်း-ဒေါက်တာကျော်ကျော်ဝေသိမ်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ထက်ခိုင်သိန်း၊ မောင်ကျော်ဒေဝါ၊ မဟေမာန်ဒေဝါ၊ ဒေါက်တာမြတ်ကြည်လဲ့သိန်း၊ မောင်အောင်ဇင်ဖြိုးသိန်း၊ မောင်ကျော်ဇေယျအောင်၊ မယမုံနာအောင်၊ မောင်ဝေလျှံအောင်၊ မဗေရယ်သိန်းတို့၏ ချစ်လှစွာသောအဘိုး ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် အမှတ်(၂၂၆)၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှတစ်ဆင့် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်အောင်ဗိုလ်

**ဒုညွှန်မှူး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ငြိမ်း)၊ အခြေခံပညာဦးစီး(၁)**
**GTI ၊ ဆရာအတတ်သင် (ကန်တော့ခံဆရာကြီး)၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ (ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ (အရန်အဖွဲ့ဝင်)၊ နှစ်ကျိပ်ရှစ်ဆူစေတီတော် (နာယက)**
**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဥ ဒေါင်း(၂)လမ်း၊ အမှတ်(၆၈၆)နေ (ဦးခင်-ဒေါ် စန်းမြိုင်)တို့၏သား၊ (ဦးကျင်-ဒေါ်စန်းတင်)တို့၏ သားသမက်၊ ဒေါ်လှလှရွှေ (ဗဟိုတရားရုံးချုပ်-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးစိုးထွန်း-မခင်မျိုးအေးဗိုလ်(ခ) ဗိုလ်သီရိခေတ်၊ မောင်သန်းထွန်းအောင်ဗိုလ်-မချယ်ရီထွန်း၊ မောင်စံရွှေဗိုလ်၊ မခင် စန္ဒာဗိုလ်တို့၏ဖခင် ဦးခင်အောင်ဗိုလ်သည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇:၀၅ နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးခင်မောင် (ငြိမ်း)

**ကြည်း-၁၁၄၅၆၊ OTS (38)**

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ (၂/ခ) ရပ်ကွက်၊ အမှတ်(၂၁၄)နေ ဒေါ်နန်းရွှေအိမ်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နန်းစောကလျာခင်၊ ဦးခွန်စောမြစန်း၊ ဦးခွန်စောအောင်သီ-ဒေါ်အေးယုမာ၊ ဦးခွန်စောအောင်ဟိန်း-ဒေါ်အေးချမ်းဖြူတို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ မဖူးပွင့်ခိုင်သီ၊ မရှင်းအိဖြူတို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၁၀ နာရီတွင် (၉၆) ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၅-၅-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ (၂/ခ) ရပ်ကွက်၊ အမှတ်(၂၁၄)နေ ဒေါ်နန်းရွှေအိမ်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း ဒေါ်ဝင်းဝင်းမြင့်

**(Mrs.Collen Bacon)**
**အယ်ဒီတာ (ငြိမ်း)၊**
**မြန်မာ့သတင်းစဉ် (နိုင်ငံခြား)**
**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ် (၁၂၅၈)နေ [ဦးကျော်ဇင်(ခ) ဦးဖေခင်(ဒုစာရင်းကိုင်ချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)]၏ဇနီး၊ ဦးကျော်စွာလင်း (မြန်မာ့ရေနံ/ကြယ်ငါးပွင့်-ငြိမ်း)-ဒေါ်မြမြရီ (မြန်မာ့အာမခံ-ငြိမ်း)၊ (ဦးသန်းအောင်)-ဒေါ်ဥမ္မာခင်(ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန-ငြိမ်း)၊ အရာခံဗိုလ်စည်သူအောင် (တပ်မတော်-လေ၊ မိတ္ထီလာ)၊ ဒေါ်စန္ဒာခင် (ဘိုကလေး-မြင်းကကုန်း)၊ ဦးနန္ဒအောင် (ခေတ္တ-စင်ကာပူ)-ဒေါ်မျိုးမျိုး၊ ဦးဂျင်မီ-ဒေါ်နီလာခင် (ခေတ္တ-စင်ကာပူ)တို့၏ မိခင်၊ မြေး ၁၁ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၁၀-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သွေးသည် အသက်

သွေးသည် အသက်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်သင်းကြူ

**အသက် (၉၁)နှစ်**

(ဦးဘရင်-ဒေါ်အေးမေ)တို့၏ သမီး၊ (ဦးနီ)၏ ဇနီး၊ ဦးကြီးမောင်-ဒေါ်အေးနွဲ့၊ (ဦးမြင့်အောင်)-ဒေါ်မူယာ၊ ဒေါ်ခင်အေးလွင်၊ ဦးတင့်အောင်-ဒေါ်မေနှင်း၊ ဦးစိုးမြင့်- (ဒေါ်ရင်ရင်မေ)တို့၏ မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွား ဒေါ်သင်းကြူသည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် အောင်ရတနာဆေးရုံကြီး၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၅-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေးဝေအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဝေ(ကြို့ပင်ကောက်)၊ နာယက၊ ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) အသက်(၇၀)နှစ်သည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းလွင်-ဒေါ်လဲ့လဲ့ဝင်း**
**ရွှေသမင်ဆေးတိုက်**
**မိသားစု**

## ဦးတင့်ဆွေ

### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၇၁၅) နေ (ဦးသိန်းမောင်-ဒေါ်အေးရင်)တို့၏သား၊ [ဒုဗိုလ်မှူးကြီးစိန်ညွန့်(ငြိမ်း)-ဒေါ်မမကြီး]တို့၏မောင်၊ (ဒေါ်ခင်နွဲ့)၏ခင်ပွန်း၊ ဦးမင်းနွယ်စိုး-ဒေါ်ခင်ဆွေဦးတို့၏ မွေးသဖခင်၊ ဒေါက်တာသိန်းဝင်း-ဒေါက်တာခင်ဆွေလွင်(ပြည်)၊ (ဦးကျော်ဇေယျ)-ဒေါ်စုစုလင်း၊ ဒေါ်မေဦးခိုင်(ခေတ္တ-USA)တို့၏ဦးလေး၊ မြေးတစ်ယောက်၏အဘိုးသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီးအေးသောင်း (ငြိမ်း)

### OTS (30)

### အသက် (၈၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အမှတ်(၆၅၂)၊ ပထမလမ်းနေ (ဦးကျန်ရှုန်း-ဒေါ်သိန်းတင်)တို့၏သား၊ ဦးသောင်းမြင့်၏အစ်ကို၊ (ဒေါ်လှမြိုင်)၏ခင်ပွန်း၊ ဒေါ်နွယ်နွယ်အေး၊ ဦးလှထွဋ်အေး၊ ဒေါ်မွှေးမွှေးသောင်း၊ ဦးရဲထွဋ်အေးတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၂-၅-၂၀၂၀ ရက် ညနေ ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၃-၅-၂၀၂၀ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ ရက်တွင် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကောင်းမှုကုသိုလ်ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းရွှေ (ထားဝယ်)

### အထက်တန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း)

### တာမွေ အ.ထ.က (၁၀)၊ စစ်တွေ အ.ထ.က (၂)

### အသက် (၇၉) နှစ်

အမှတ်(70/B)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးတင်ညွန့်)၏ဇနီး၊ ဒေါ်အေးမီညွန့်- Patrick Muller တို့၏မိခင်၊ Julian နှင့် Gabriel Muller တို့၏အဘွား ဒေါ်သိန်းရွှေ အသက် (၇၉)နှစ်သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) ည ၁၁:၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်စွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

အနိစ္စ

## ဦးမြတ်သူရ (အီစာ)

### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၇)၊ ဗားကရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးတင်ဦး-ဒေါ်ထိပ်တင်မ)တို့၏သား၊ ဦးဘိုဘိုမြင့်-(ဒေါ်ခင်ဆွေဝင်း)၊ ဒေါ်ဝေဝေမြင့်-ဦးလှသန်း၊ (ဒေါ်နီနီမြင့်)၊ ဒေါ်သီတာဦး-ဦးမျိုးမြင့်သောင်း၊ (ဦးမောင်မောင်အေး)-ဒေါ်သီတာသိန်း၊ ဒေါ်ဇီဝါဦး-ဦးမင်းနွယ်တို့၏ ညီ/မောင်၊ ဦးမြတ်သီဟ-ဒေါ်ဖြူဖြူမာ၊ ဒေါ်ခိုင်ခိုင်ဦး-ဦးအောင်အေးတို့၏ အစ်ကို ဦးမြတ်သူရ(အီစာ)သည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၄-၅-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၀ ရက်တွင် အမှတ်(၇/D)၊ တိုက်(၅/က)၊ သရက်တောလမ်း၊ ၈/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးခင်မောင်သိန်း

### ဘဏ္ဍာ/အခွန်ဝန်ကြီး (ငြိမ်း)

### စွမ်းအင်ဝန်ကြီး (ငြိမ်း)

### ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/TSC/EPC) (ငြိမ်း)

### အသက် (၈၆) နှစ်

အမှတ်(၂၂၆)၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ကျေးဇူးရှင် အမေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကျေးဇူးရှင် ဆရာသမား အဘ ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးညွန့်တင်-ဒေါ်နန်းရွှေမြင့် မိသားစု**

## ဒေါ်ခင်ဝင်းကြည်

### အသက် (၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်း-ဒေါ်စာ)တို့၏ သမီး၊ (ဦးရွှေထွန်း)၏ ဇနီး၊ (ဦးဆန်းလွင်ဦး)-ဒေါ်သက်သက်နွယ်၊ ဦးသက်နိုင်ဦး-ဒေါ်မိုးမိုးသန်း၊ (ဦးစောဟန်)-ဒေါ်ကေသီဦး၊ ဦးသီဟတင်စိုး (ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်ဇင်မာဦး(ရုပ်ရှင်သရုပ်ဆောင်)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်၊ မြစ်ကိုးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် (၉၆) ပါးသောရောဂါဖြင့် ၁၃-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသောကြောင့် ကျန်ရှိနေသော ရုပ်ကလာပ်ကို ၁၅-၅-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် (၆၆၉)၊ ရတနာပုံ (၃)လမ်း၊ (၁၀) မြောက်၊ သာကေတမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးစံလွင် (၇၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်နေ (ဦးမောင်ပန်-ဒေါ်အေးကြည်)တို့သား၊ (ဦးတင်အောင်-ဒေါ်ကြီးရွှေ)တို့၏ မောင်၊ ဦးကျော်မြင့်-ဒေါ်စန်းမြင့်တို့၏ အစ်ကို၊ ဦးအောင်ကြည်လွင်(North Star Co.,Ltd)-ဒေါ်မြင့်မြင့်အေး၊ ဦးမြသောင်း-ဒေါ်ယဉ်ယဉ်ကြည်၊ ဦးအတွတ် (North Star Co.,Ltd)-ဒေါ်ခင်ဝါဝါသန့်၊ ဦးစိုးမျိုးသူ-ဒေါ်လွယ်လွယ်၊ ဒေါ်လင်းလင်း (ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဦးနိုင်ငွေး(လ/ထကြီးကြပ်ရေးမှူး-၁)(အကျဉ်းဦးစီးဌာန)-ဒေါ်ဇွန်ပွင့်လွင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၁ ယောက် တို့၏ အဘိုး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ လားရှိုးလမ်း၊ အမှတ်(၃၃၄)နေ ဒေါ်သိန်းညွန့်(ခ)အကြည် ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၈:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအရ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ခြင်း၊ ရက်လည်ဆွမ်းကျွေးတရားတော်နာယူခြင်းများအား မိသားစုဝင်များဖြင့်သာ အကျဉ်းချုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## Daw Sharda Patel

### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ လမ်း(၅၀)၊ အမှတ်(၁၂၅)၊ အခန်း(၁၂)နေ (ဦးGP.Patel-ဒေါ် Jamana)တို့၏ သမီး၊ [ဦးသန်းမြင့်(ခ) Baskar Nathan]၏ ချစ်ဇနီး၊ ဦးမောင်မောင်(ခ)Naresh Kumar ၏ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်သည် ၁၂-၅-၂၀၂၀ ရက် ည ၈:၁၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၃-၅-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးအေးလွင်

### ခရိုင်-ငါးလုပ်ငန်းဦးစီးမှူး(ငြိမ်း)

### အသက် (၆၇)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငယ်ရပ်နေ (ဦးတင်စိန်-ဒေါ်ညွန့်ညွန့်)တို့၏သား၊ (ဦးဘသိန်း-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဦးကြင်တိုး-ဒေါ်နီနီချို၊ ဦးခင်မောင်ထွေး-(ဒေါ်ညိုညို)၊ ဦးဇော်နိုင်ဝင်း-ဒေါ်သီတာဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊မာလာမြိုင်(၆)လမ်း၊အမှတ်(၈၂/B)၊ လေးလွှာနေ မနှင်းစန္ဒီဦး၊ မောင်ဝေယံအေးလွင်-မသက်ထားမွန်(UPVC ပြတင်း၊ တံခါးလုပ်ငန်း၊ မြောင်းမြမြို့)တို့၏မွေးသဖခင်၊ ဒေါ်ခင်မြတ်၏ ချစ်လှစွာသောခင်ပွန်း ဦးအေးလွင်သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းနိုင်

### အသက် (၅၃) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ (၁၄)အိမ်စု (၃)လမ်း၊ အမှတ်(၈၀၂)နေ ဒေါ်စန်းစန်းမြင့် (ဒုကြီးကြပ်ရေးမှူး/တိမွေးကု-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ပြည့်ဖြိုးဦး(Forever Group)-မရွှေစင်ဝင်းကို (မြန်မာ့မီးရထား-ရန်ကုန်)၊ မသင်းသော်တာနိုင် (KPMG)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ရဲတိုးအောင်၏ ဦးလေး၊ မောင်ဇင်မင်းမြတ်ဇော်၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လှ (ခ) အန်းမကြီး

### အသက် (၁၀၀)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉) ရပ်ကွက်၊ အမှတ်(၆၈)၊ အနော်ရထာလမ်းနေ (ဦးစွန်ရှုပ်-ဒေါ်စင်းမား)တို့၏သမီး၊ (ဦးဖက်တီး)၏ဇနီး၊ (ဦးမောင်မောင်)-ဒေါ်သန်းသန်းအေး၊ ဦးစိုးလွင်-ဒေါ်တင်လှ၊ (ဦးသိန်းမြင့်)-ဒေါ်ဝင်းကြည်၊ ဦးနီ-ဒေါ်ခင်မာလွင်၊ ဦးမောင်မောင်မြင့်-ဒေါ်မြမြဝင်းတို့၏ မိခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်ခင်လှသည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြီး (ကမာရွတ်)

### အသက် (၉၆) နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၉)၊ ရန်ကုန်-အင်းစိန်လမ်း(ဇေယျာသီရိလမ်း)နေ (ဦးကျောင်းတန်-ဒေါ်သန်း)တို့၏ သား၊ (ဒေါ်တာ)၊ (ဦးမောင်မောင်-ဒေါ်ခင်ကြည်)တို့၏မောင်/ညီ၊ (ဒေါ်စိန်ကြည်)၏ခင်ပွန်း၊ ဒုဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)-ဒေါ်မိမိလွင်၊ ဒေါ်အိအိခင်-ဦးကျော်ကျော်ဝင်း၊ ဦးမြင့်အောင်-ဒေါ်အေးအေးသန့်၊ ဒေါက်တာခင်မှတ်အောင်၊ ဒေါ်ထွေးထွေးသန်းတို့၏ ကျေးဇူးရှင်ဖခင်၊ ကိုကျော်ဇေယျာ-မမြင့်မြတ်မြတ်မူ၊ ကိုသော်သော်-မနန်းနောင့်နောင့်၊ မဂျူမီအောင်-ကိုရဲမင်းအောင်၊ ဒေါက်တာငွေထွန်း၊ ကိုလွှမ်းမိုး၊ မမိုးမိုးအောင်တို့၏အဘိုး၊ မြစ် ခြောက်ယောက်တို့၏ ဘိုးဘိုးကြီး ဦးအောင်ကြီးသည် ၁၃-၅-၂၀၂၀(ဗုဒ္ဓဟူးနေ့) ၂:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကိုကိုကြီး

### ဒုအရာခံဗိုလ်(ငြိမ်း)၊ (ကပ-ဘီ/၂၆၃၀၁)၊

### တပ်မတော်မှတ်တမ်းရုံး၊ ရန်ကုန်

### အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇) ရပ်ကွက်၊ ရွှေဂုံသီရိလမ်း၊ အမှတ်(၄၆၅)နေ (ဦးထွန်းလင်း-ဒေါ်မြဇင်)တို့၏သား၊ ဒေါ်မြင့်မြင့်ငွေး(YESC-ငြိမ်း)၏ခင်ပွန်း၊ ဦးကိုကိုဇော်(ဂျပန်သံရုံး)-ဒေါ်အေးနုအောင်၊ ဦးသန်းထွဋ်-ဒေါ်ခင်ခင်ထွေး(ဦးစီးအရာရှိ-ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့)၊ ဦးအောင်နိုင်ထွန်း-Dr.ညိမ်းညိမ်း(မြန်မာစာဌာန)တို့၏ဖခင်ကြီး၊ မောင်မြတ်သာဦး၊ မောင်ထူးအောင်၊ မသီရိသန္တာသိမ့်(YCDC)၊ မောင်မြတ်သီဟ၊ မောင်မွန်မြတ်သန့်စင်တို့၏အဘိုးသည် ၁၂-၅-၂၀၂၀(အင်္ဂါနေ့) ညနေ ၆:၄၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇) ရပ်ကွက်၊ ရွှေဂုံသီရိလမ်း၊ အမှတ်(၄၆၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစောလူစိန်(စိန်ပန်းအမှုန့်ကြိတ်စက်)

### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ သဃ်န်းကျွန်းလမ်း၊ ခြံအမှတ်(၁၁၁)နေ (ဦးစူဝါး-ဒေါ်ကြည်)တို့၏သား၊ (ဦးတီရန်-ဒေါ်ပု)တို့၏သားသမက်၊ ဒေါ်ခင်တီ၏ခင်ပွန်း၊ ဦးကျော်ငွေး-Ms. Jennie Su၊ ဒေါ်အေးအေးတီ၊ ဒေါက်တာစောကြည်ကြည်စိန်၊ ဒေါ်အေးအေးမွန်-Mr.Tan Wei Kang Eddie၊ ကိုလှဝေ-မနွယ်နီစုလှိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီတွင် ခြံအမှတ်(၁၁၁)၊ သဃ်န်းကျွန်းလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစောလူစိန်(စိန်ပန်းအမှုန့်ကြိတ်စက်)

### အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ သဃ်န်းကျွန်းလမ်း၊ ခြံအမှတ်(၁၁၁)နေ (ဦးတင်မြင့်)-ဒေါ်နီ၊ ဦးကျော်စိုးလင်း-ဒေါ်ကျင်အေး၊ (ဦးသိန်းဝင်း)၊ ဦးသိန်းညွန့်-ဒေါ်တင်တင်အေး၊ ဦးစိန်ဝင်း-Dr.ဒေါ်မေလွင်၊ ဦးညီညီတိုးတို့၏ညီ/အစ်ကို၊ (ဦးအီဟုတ်-ဒေါ်ကျင်ဝှါ)၊ (ဦးယုဆိုင်)-ဒေါ်ခင်အေး၊ ဦးအင်ကြိုင်-ဒေါ်နု၊ ဦးစိန်မြင့်-ဒေါ်ငွေးငွေး၊ ဦးခင်ထွန်း-ဒေါ်အေးအေးထွေးတို့၏အစ်ကို/မောင်သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကြေးမုံ ယနေ့ ဖတ်စရာ

ပြည်သူ့နီတိအရေးကြီးသည်
စာမျက်နှာ » ၆

ဂျပန်ဆူမိုနပန်းသမားတစ်ဦး ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံး
စာမျက်နှာ » ၁၁

ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ထိန်းချုပ်မှု ရှေ့လတွင် အဆုံးသတ်မည်ဟု ဂျာမနီပြောကြား
စာမျက်နှာ » ၁၃

နယူးကာဆယ်အသင်းက ဂါရတ်ဘေးလ်ကို ပေါင် ၅၃ သန်းနဲ့ ခေါ်ယူဖို့ အသင့်ရှိနေ
စာမျက်နှာ » ၂၅


# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုဆေးပစ္စည်းများ ထပ်မံရောက်ရှိ



**နေပြည်တော် မေ ၁၃**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးပြုသည့် အထောက်အကူပြုဆေးပစ္စည်းများ တင်ဆောင်လာသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(လေ)မှ လေယာဉ်သည် ယမန်နေ့ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသည်။

### လွှဲပြောင်းပေးအပ်

အဆိုပါလေယာဉ်နှင့်အတူ ပါရှိလာသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသည့် PPE ဝတ်စုံ ၁၀၀၀၀ ကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကိုယ်စား တရုတ်စစ်သံမှူး Senior Colonel Xiong Shaowei က လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက လက်ခံရယူသည်။

ယင်းနောက် အဆိုပါဆေးပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်သည် ညပိုင်းတွင် ပြန်လည်ထွက်ခွာရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာ့တပ်မတော်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးရန်အတွက် ရန်ကုန်မြို့၌ ရောက်ရှိနေသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ Dr. Bai Chong ဦးဆောင်သည့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ခြောက်ဦး ပြန်လည်လိုက်ပါသွားသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

အဆိုပါ တရုတ်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဆေးအဖွဲ့သည် မြန်မာနိုင်ငံတွင် နှစ်ပတ်ကြာ နေထိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆိုင်ရာ ကိစ္စရပ်များအား မြန်မာ့တပ်မတော်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ဆောင်ရွက်ခြင်းနှင့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## Chinese 8 Ball ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ဘုန်းမြင့်ကျော် (ခ) မောင်မောင် မေ ၁၅၊ ၁၆ ရက်တွင် ပွဲများ ထပ်မံယှဉ်ပြိုင်ရမည်

ရန်ကုန် မေ ၁၃

**Chinese 8 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ဘုန်းမြင့်ကျော် (ခ) မောင်မောင် (ခ) အားတီသည် မေ ၁၅၊ ၁၆ ရက်တွင် ပထမအဆင့်ပွဲစဉ်များ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။**




ဘုန်းမြင့်ကျော်သည် မေ ၅ ရက် ပွဲစဉ်အပြီး တစ်ပတ်ကျော်ကြာမှသာ ပြန်လည်ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး နောက်တစ်ဆင့်တက်ရေး အရေးပါလျက်ရှိသည်။ ဘုန်းမြင့်ကျော်သည် မေ ၁၅ ရက်တွင် ကမ္ဘာ့ချန်ပီယံဟောင်း ရန်ဖန်၊ မေ ၁၆ ရက်တွင် ဝူကျန်ယုတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နှစ်ပွဲစလုံးအနိုင်ရပါက ဒုတိယအဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ယင်းပြိုင်ပွဲတွင် လေးပွဲကစား လေးပွဲနိုင် ရမှတ် ၂၄၅၀၀ ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး နောက်တစ်ဆင့်


စာမျက်နှာ ၉ ကော်လံ ၁ သို့ ❐


ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ (၁) နှစ်တာကာလ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ

**တွေ့ဆုံမေးမြန်း-ရှင်မင်း၊ ဓာတ်ပုံ- ကေကေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး တိုင်းဒေသကြီး၏ လူမှုစီးပွားဘဝမြင့်တက်လာစေရန်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဒေသတွင်းပြည်သူများ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိသုံးစွဲနိုင်ရန်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဆိုသည့် မူဝါဒ(၃)ရပ် ချမှတ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က စတုတ္ထ (၁) နှစ်တာကာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ မူဝါဒများချမှတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် –


စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်

**မေး။ ။ တိုင်းဒေသကြီး အစိုးရအနေနဲ့ တိုင်းဒေသကြီးအတွင်း ပြည်သူ့အကျိုးပြုဆောင်ရွက်မှုတွေကို တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုတွေပိုမိုရရှိအောင် လုပ်ဆောင်ပေးခဲ့တယ်ဆိုတာ ပြောပြပေးပါဦးရှင်။**

ဖြေ။ ။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ (၄) နှစ်တာ ကာလအတွင်းမှာ ချမှတ်ထားတဲ့ မူဝါဒ(၃)ချက်အပေါ်မှာ အားသာချက်တွေကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့သလို အားနည်းချက်တွေရှိရင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်နဲ့ ဌာနဆိုင်ရာတွေက ပြည်သူလူထုနဲ့အတူ ပူးပေါင်းပြီး ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရည်မှန်းချက်တွေ ချမှတ်ပြီး ဦးစားပေးဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်တွေရဲ့ အောင်မြင်မှုတွေကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကျွန်တော်တို့ချမှတ်ထားတဲ့ မူဝါဒ (၃)ချက်ကိုသာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်ပြောပြရမယ်ဆိုရင် စိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး တိုင်းဒေသကြီးရဲ့ လူမှုစီးပွားဘဝမြင့်တက်လာစေဖို့၊ အခြေခံအဆောက်အဦကဏ္ဍမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့၊ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိသုံးစွဲနိုင်စေဖို့နဲ့ နောက်ဆုံးတစ်ချက်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ ဖြစ်ပါတယ်။

ဒီမူဝါဒတွေချမှတ်ခဲ့လို့ ကျွန်တော်တို့အနေနဲ့ရရှိခဲ့တဲ့ အောင်မြင်မှုတွေကို ပြောပြရမယ်ဆိုရင် ပထမမူဝါဒဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုအနေနဲ့ လယ်မဲ့ယာမဲ့ပြည်သူတွေအတွက် မြေလွတ်မြေရိုင်း ၉၅၂ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး အဆင့်မြင့်လယ်ယာဧက ၁၂၃၀ ဒသမ ၅ ဧကကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။

လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းနိုင်ဖို့ ထွန်စက် ၁၉၅၅ စီးကို ရောင်းချဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ နိုင်ငံပိုင် ဆည်၊ ကန်နဲ့ ရေလှောင်တမံ ၄၃ ခုနဲ့ ကျေးလက်ဆည်နဲ့ ကန် ၃၆၃ ခုတို့ကို နှစ်စဉ်ထိန်းသိမ်းပြုပြင်ပြီး စိုက်ပျိုးရေပေးဝေလျက်ရှိရာ မိုးစပါးနဲ့ နွေစပါးအတွက် ဧက ၇ ဒသမ ၈ သိန်းခန့်၊ အခြားသီးနှံအတွက် ဧက ၈ ဒသမ ၉ သိန်းခန့် အကျိုးပြုလျက်ရှိပါတယ်။

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်မှာ မြစ်ရေတင်လုပ်ငန်းအသစ် သုံးခုတည်ဆောက်ခဲ့ပြီး စိုက်ပျိုးဧက ၁၄၀၀ ကို အကျိုးပြုနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတွေအနေနဲ့ စပါးအပါအဝင် ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို စိုက်ပျိုးရေးဦးစီးဌာနရဲ့ ဌာနပိုင်မျိုးစေ့ခြံတွေက ထုတ်လုပ်ခြင်းအပြင် ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ပူးပေါင်းပြီး ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်တွေ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးနဲ့ ဈေးကွက်ခိုင်မာစွာရရှိရေးအတွက် သရက်၊ သခွားမွှေးနဲ့ ဆောင်းသီးနှံနှမ်းစိုက်ပျိုး ထုတ်လုပ်သူတွေကို Good Agriculture Practices (GAP) အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

JICA ရဲ့ အထောက်အပံ့နဲ့ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာတွေကို စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း (Agriculture Income Improvement Project ) နဲ့ ၂၀၁၈–၂၀၁၉ ခုနှစ်ကနေ ၂၀၂၀ – ၂၀၂၃ ခုနှစ်အထိ ခြောက်နှစ်ကြာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းပြီးဆုံးရင် သဖန်းဆိပ်ဆည်ရေသောက်ဧရိယာဧက ငါးသိန်းခန့်မှာ စိုက်ပျိုးစွမ်းအားတိုးတက်လာမှာဖြစ်ပြီး ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။

စိုက်ပျိုးသီးနှံတွေ ရေချွေတာသုံးစွဲကာ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ရည်ရွယ်ပြီး Water Saving Agriculture Technology (WSAT) စီမံကိန်းကို အပူပိုင်းဇုန်ဧရိယာ မြို့နယ် ၁၀ မြို့နယ်မှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အစက်ချရေသွင်းပိုက်တွေနဲ့ ရေဖျန်းစနစ် ရေသွင်းပိုက်တွေ ဖြန့်ဖြူးပြီး ဟင်းသီးဟင်းရွက်၊ ပန်းမန်နဲ့ နှစ်ရှည်သီးနှံ ၇၁ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဌာနပိုင်မျိုးစေ့ ဓာတ်ခွဲခန်း၊ သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းနဲ့ မြေအသုံးချရေး ဓာတ်ခွဲခန်းတွေ ဆောက်လုပ်နိုင်ခဲ့ပြီး မျိုးစေ့ အရည်အသွေးနဲ့ သွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးတွေ အရည်အသွေး စစ်ဆေးနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းအနေနဲ့ ပိုးမွှားရောဂါအမျိုးအစား ခွဲခြားခြင်း လုပ်ငန်းတွေကို စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။

မွေးမြူရေးကဏ္ဍမှာဆိုရင် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှာ မြို့နယ် ၁၁ မြို့နယ်ရှိ ကျွဲနွားကောင်ရေ ၁၆၀၀၀၀ ခန့်ကို ကျွဲနွား ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးနိုင်ခဲ့တဲ့အတွက် ရောဂါဖြစ်ပွားမှုလျှော့ချနိုင်ခဲ့ပြီး ကျွဲနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ဒေသနွား မျိုးထိန်းမျိုးပွားသုတေသနလုပ်ငန်းနဲ့ စားကျက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးဂရန်အင်း ၃၅၁ အင်း၊ တင်ဒါငါးဖမ်းကွက် ၁၅၃ ကွက်နဲ့ ငါးမွေးကန် ၇၅၄၄ ဧကကျော်ရှိပြီး ငါးလုပ်ငန်းဆိုင်ရာ အခွန်အရပ်ရပ် ကောက်ခံရရှိမှုမှာ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် လျာထားငွေကျပ်သန်း ၈၀၀ ထက် ငွေကျပ်သန်း ၁၆၈၉ သန်းကျော် ကောက်ခံရရှိခဲ့ပါတယ်။ ပျားမွေးမြူရေးလုပ်ငန်းအနေနဲ့ ပျားမွေးမြူသူလုပ်ငန်းရှင်ပေါင်း ၃၁၇ ဦးနဲ့ ပျားရည်ထုတ်လုပ်မှုအနေနဲ့ ပေါင် ၅ ဒသမ ၈၄ သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပါတယ်။

ဒုတိယမူဝါဒဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် တစ်ခုတည်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၅ ဘီလီယံကျော် အသုံးပြုပြီး ကတ္တရာကွန်ကရစ်လမ်း AC ၁၁ မိုင်ကျော်၊ ကွန်ကရစ်လမ်း ၆၁ မိုင်ကျော်၊ ကတ္တရာလမ်း ၄၃ မိုင်ကျော်၊ အမာခံလမ်း ၄၆၈ မိုင်ကျော်နဲ့ အခြား ၂၆၉ မိုင်ကျော် ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ပေ ၁၈၀ နဲ့အထက် တံတား ၁၁ စင်း၊ ပေ ၁၈၀ အောက်တံတား ၉၂၃ စင်း ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

သက္ကယ်ကျင်း – ဖောင်းပြင် – ဟုမ္မလင်း– ခန္တီးလမ်းကို ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ရာမှာ အဓိကလိုအပ်ချက်ဖြစ်တဲ့ နမ့်ပဂွန်တံတားနဲ့ နမ့်စပိတံတားကို တည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် ဟုမ္မလင်းကနေ ခန္တီးကို ရာသီမရွေးသွားလာနိုင်ပြီ ဖြစ်ပါတယ်။ ချင်းတွင်းတံတား ခန္တီးကို အရင်နှစ်ကတည်ဆောက်ပြီးပြီဖြစ်တဲ့အတွက် အရင်ခန္တီးမြို့မှ နာဂဒေသကို တစ်ညအိပ် ခက်ခက်ခဲခဲ သွားရတဲ့ အခြေအနေကနေ ခန္တီးမြို့ကနေ နာဂဒေသ လဟယ်မြို့ကို ၃ နာရီခွဲနဲ့ အရောက်သွားနိုင်ပြီဖြစ်လို့ နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလာပြီဖြစ်ပါတယ်။

ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)ကို


၆၆/၃၃ ကေဗွီ၊ ၃၀ အမ်ဗွီအေ ရွှေပန်းကုံး ဓာတ်အားခွဲရုံကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ခ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ

ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာ ဖွင့်လှစ်ပေးခဲ့တဲ့အတွက် နယ်စပ်ကုန်သွယ်ရေးထွက်ပေါက်ဖြစ်တဲ့ တမူးမြို့ကို ဟုမ္မလင်း – ကက်သာ – အောင်ဇေယျ– တမူးလမ်းအတိုင်း သွားရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီလမ်းပိုင်းမှာရှိတဲ့ ကက်သာ–အောင်ဇေယျလမ်းပိုင်း ၃၈ မိုင်ပေါ်မှာရှိတဲ့ လမ်းတံတားတွေကို အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလမ်းပိုင်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးသွားရင် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနဲ့ နာဂဒေသကနေ အိန္ဒိယနယ်စပ်အထိ လွယ်ကူစွာဆက်သွယ်သွားလာနိုင်မှာ ဖြစ်ပါတယ်။

စစ်ကိုင်း – ရွှေဘို – ရေဦး – ကလေးဝ–တမူးလမ်းသည် မဟာမဲခေါင် စီးပွားရေးစင်္ကြံလမ်း (Greater Mekong Subregion Economic Corridor) စာရင်းမှာ ပါဝင်ပြီး မြောက်ပိုင်း စင်္ကြံလမ်း (Northern Corridor) မူဆယ် – မန္တလေး – ရွှေဘို – ရေဦး – ကလေးဝ–တမူးလမ်းအပိုင်းမှာ ပါဝင်ပါတယ်။ အဆိုပါ မြောက်ပိုင်းစင်္ကြံလမ်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်း–ရွှေဘိုလမ်း၊ ရွှေဘို – ရေဦးလမ်း၊ ရေဦး – ကလေးဝလမ်းနဲ့ ကလေးဝ–တမူးလမ်းတို့ ပါဝင်ပါတယ်။ ဒါကြောင့် ရေဦး–ကလေးဝလမ်းကို အဆင့်မြှင့်တင်ဖို့ လိုအပ်လျက်ရှိတဲ့အတွက် လိုအပ်တဲ့ ရန်ပုံငွေကို ပြည်ထောင်စုကနေ တောင်းခံထားပြီး ဖြစ်ပါတယ်။

ဒီလမ်းပေါ်မှာရှိတဲ့ ချင်းတွင်းတံတား (ကလေးဝ) ကို တည်ဆောက်ခဲ့ပြီး ကလေးဝ–တမူးလမ်းပိုင်း မိုင်(၀/၀) မှ (၉၃/၀) အထိ ၉၃ မိုင်ကို အိန္ဒိယ အကူအညီဖြင့် ၁၈ ပေ အကျယ် AC လမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒီလမ်းပေါ်မှာ ရှိတဲ့ ဘေလီတံတား ၆၉ စင်းကို လည်း RC တံတားတွေဖြစ်အောင် အိန္ဒိယအကူအညီနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တမူး – ကလေးဝ – ယာကြီး – ချောင်းမ–လင်းကတောလမ်းဟာ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံချင်းဆက်လမ်းမကြီး (India – Myanmar – Thai Trilateral Highway) ရဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ ဒီသုံးနိုင်ငံချင်းဆက် လမ်းမကြီးမှာ မုံရွာ–ယာကြီး–ကလေးဝလမ်း ပါဝင်ပြီး ဒီလမ်းကို အိန္ဒိယအကူအညီနဲ့ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ – ၂၀၂၁ မှာ ပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေအတွက် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ခြောက်ဘီလီယံကျော်နဲ့ အရာထမ်းတွေအတွက် အခန်းပေါင်း ၂၀ ပါဝင်တဲ့ အိမ်ရာတစ်လုံးနဲ့ အမှုထမ်းတွေအတွက် အခန်းပေါင်း ၂၆၀ ပါဝင်တဲ့ အိမ်ရာ ၁၉ လုံးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပင်စင်စားနိုင်ငံ့ဝန်ထမ်းတွေနဲ့ အိမ်ရာမရှိသေးတဲ့ ပြည်သူတွေအတွက် ပြည်သူ့အငှားအိမ်ရာအဖြစ် မြို့နယ်ပေါင်း ငါးမြို့နယ်မှ အခန်းပေါင်း ၅၅၂ ခန်း ပါဝင်တဲ့ တိုက် ၁၂ လုံးကို ဆောက်လုပ်ခဲ့ပြီး အခန်းပေါင်း ၄၈၀ ကို နေရာချထားပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် မြို့နယ်လေးမြို့နယ်မှာ အခန်းပေါင်း ၁၉၂ ခန်း ပါဝင်တဲ့ တိုက်ငါးလုံးကို ဆောက်လုပ်ပေး ခဲ့ပြီး နေရာချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လျှပ်စစ်ဓာတ်အားတိုးတက်ရရှိသုံးစွဲနိုင်စေရေးအတွက် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၆၃၄ ဒသမ ၇ သန်းနဲ့ တိုးချဲ့လုပ်ငန်းတွေဖြစ်တဲ့ ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံတစ်ရုံ၊ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံ တစ်ရုံ၊ ၆၆ ကေဗွီလိုင်း သုည ဒသမ ၅၀ မိုင်၊ ၃၃ ကေဗွီလိုင်း ၅၃ မိုင် တပ်ဆင်ခြင်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အစားထိုးနဲ့ အင်အားတိုး လုပ်ငန်းတွေအနေနဲ့ ၃၃ ကေဗွီလိုင်းကြိုးတိုင်လဲခြင်း ငါးမိုင်ကို ပြည်ထောင်စုရန်ပုံငွေကျပ် ၇၄ ဒသမ ၅ သန်းနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်နိုင်မှုအနေနဲ့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ လျှပ်စစ်နဲ့စွမ်းအင်ဝန်ကြီးဌာနကို လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့တဲ့ ဟုမ္မလင်းမြို့နယ် နမ့်ပင ရေအားလျှပ်စစ် စီမံကိန်း ဆောင်ရွက်နေစဉ်ကာလအတွင်းမှာ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ စီမံကိန်း ပတ်ဝန်းကျင်မှ ဒေသခံပြည်သူတွေ လျှပ်စစ်ဓာတ်အားကြိုတင်သုံးစွဲနိုင်ဖို့အတွက် ကျေးရွာ ၁၂ ရွာမှာဗို့ ၄၀၀ ဓာတ်အားလိုင်းတွေသွယ်တန်းပေးခဲ့ပြီး ဒီဇယ်ဓာတ်အားပေးစက်နဲ့ မီးစက်ထားရှိနိုင်ဖို့ သံကူကွန်ကရစ် အဆောက်အအုံတွေကို တည်ဆောက်ပေးခဲ့ပါတယ်။

တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကျပ် ၁၃ ဘီလီယံကျော်နဲ့ တိုးချဲ့လုပ်ငန်းတွေဖြစ်တဲ့ ၁၁/၄ ဒသမ ၀ ကေဗွီဓာတ်အားခွဲရုံတစ်ရုံ၊ ၁၁ ကေဗွီဓာတ်အားလိုင်း (၂၆၁ ဒသမ ၉၃) မိုင်၊ ဗို့ ၄၀၀ ဓာတ်အားလိုင်း(၁၀၁ ဒသမ ၂၀)မိုင်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ခြောက်ဘီလီယံခန့်နဲ့ အစားထိုးလုပ်ငန်းတွေဖြစ်တဲ့ ၃၃ ကေဗွီ ဓာတ်အားလိုင်း(၁၀ ဒသမ ၁၄) မိုင်နဲ့ (၈၇)တိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၇၈ ဒသမ ၉၇)မိုင်နဲ့ တိုင် ၂၀၇၀၊ ဗို့ ၄၀၀ ဓာတ်အားလိုင်း (၁၀၆ ဒသမ ၁၈) မိုင်နဲ့ ၃၇၅၆ တိုင် စတဲ့လိုင်းကြိုးနဲ့ တိုင်လဲလှယ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လက်ရှိစစ်ကိုင်းတိုင်းဒေသကြီးရဲ့ မြို့ ၅၀ လုံးမှာ လျှပ်စစ်မီးရရှိနေပြီဖြစ်ပါတယ်။ ကျေးရွာပေါင်း ၅၉၉၁ ရွာအနက် ကျေးရွာ ၅၃၀၂ ရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်လို့ တိုင်းဒေသကြီးတစ်ခုလုံးရဲ့ ၈၈ ဒသမ ၅ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိနေပြီဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွင်း တရားဝင်မှတ်ပုံတင်ထားတဲ့ အသေး၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၃၅၀၀၀ ကျော်ရှိပြီး မှတ်ပုံမတင်ရသေးတဲ့ လုပ်ငန်းတွေကိုလည်း မှတ်ပုံတင်ကြဖို့ နှိုးဆော်ဆောင်ရွက်လျက်ရှိပါတယ်။ MSMEs လုပ်ငန်းရှင်တွေကို နည်းပညာသင်တန်းတွေ၊ စီးပွားရေးဆိုင်ရာ စီမံချက်ရေးဆွဲတဲ့ သင်တန်းတွေ၊ စာရင်းပြုစုထိန်းသိမ်းနည်းသင်တန်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒေသတွင်းလုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်တွေ ဈေးကွက်ရရှိစေဖို့အတွက် ပြည်တွင်း ပြည်ပ ပြပွဲတွေမှာ ပါဝင်ပြသနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ ASEAN SME Web Portal မှာ ကြော်ငြာပေးခြင်းနဲ့ MSMEs Myanmar Web Portal တို့မှာ ကြော်ငြာပေးခြင်းတွေကို ဆောင်ရွက်ပေးနေပါတယ်။

တတိယမူဝါဒဖြစ်တဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်အနေနဲ့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်ကာလမှာ ဗန်းမောက်မြို့နယ် ဇလုံတောင်သို့ ဘုရားဖူးလာ ပြည်သူတွေ အေးချမ်းသာယာစွာ ဖူးမြော်နိုင်ရေးအတွက် ခမိုးရွာအနီးမှာ ခမိုးယာဉ်ရပ်နားစခန်းနဲ့ အပန်းဖြေစခန်းကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီယာဉ်ရပ်နားစခန်းနဲ့ အပန်းဖြေစခန်း ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူတွေရဲ့ ဒေသထွက်ပစ္စည်းတွေနဲ့ စားသောက်ကုန်တွေကို အဆင်ပြေစွာ ရောင်းဝယ်လာနိုင်တာကို တွေ့ရပါတယ်။

ဒါ့အပြင် ခရီးသွားမြှင့်တင်ရေးအတွက်

အထူးကဏ္ဍ [ ဂ ] သို့ »»»



အိန္ဒိယအကူအညီဖြင့် အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံဆက်သွယ်ပေးမည့် မုံရွာ–ယာကြီး–ကလေးဝလမ်း (ယာကြီး–ကလေးဝ လမ်းပိုင်း) လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**စစ်ကိုင်းတိုင်းဒေသကြီးရဲ့ မြို့ ၅၀ လုံးမှာ လျှပ်စစ်မီးရရှိနေပြီဖြစ်ပါတယ်။ ကျေးရွာပေါင်း ၅၉၉၁ ရွာအနက် ကျေးရွာ ၅၃၀၂ ရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်လို့ တိုင်းဒေသကြီးတစ်ခုလုံးရဲ့ ၈၈ ဒသမ ၅ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိနေပြီ ဖြစ်ပါတယ်။**



စစ်ကိုင်း–မုံရွာ (လေးလမ်းသွား) ကတ္တရာကွန်ကရစ်လမ်းကို တွေ့ရစဉ်။



ကန့်ဘလူခရိုင် ကျွန်းလှမြို့တွင် ဆောင်ရွက်လျက်ရှိသည့် မဒေါင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ ခရီးသွားရက်သတ္တပတ်အဖြစ် စစ်ကိုင်း၊ အင်းတော်၊ နဘား၊ ဗန်းမောက်၊ ရွှေဘို၊ နွယ်ငြိမ်း၊ မင်းကွန်းထိကို ရထား၊ ကား၊ သင်္ဘောတွေနဲ့ ခရီးသွားလုပ်ငန်းဆက်စပ်သူတွေ၊ မီဒီယာတွေနဲ့အတူ သွားရောက်ခဲ့ပါတယ်။ MHTTR 7–2019 ကားမောင်းပွဲခရီးစဉ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလထဲမှာ ကျင်းပခဲ့ပြီး MRTV – 4 ရုပ်သံကနေ ထုတ်လွှင့်ပြသခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ဂျပန်နိုင်ငံ မဥ္ဇူသကနတ်ပန်း(MANJUSHAKA) နိုင်ငံတကာယဉ်ကျေးမှုဖလှယ်ရေးအကအဖွဲ့တို့ ပူးပေါင်းတင်ဆက်တဲ့ ဂျပန် – မြန်မာ ချစ်ကြည်ရေးကပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း စစ်ကိုင်းမြို့နဲ့ မုံရွာမြို့တို့မှာ ကျင်းပခဲ့ပြီး ဂျပန်ချစ်ကြည်ရေးအဖွဲ့ကို စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေး သံတမန်အဖြစ် ခန့်အပ်လွှာပေးအပ်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ခရီးသွားဇုန် ခြောက်ဇုန်မှာရှိတဲ့ ခရီးစဉ်နေရာတွေကို MITV နဲ့ ရိုက်ကူးခဲ့ပြီး ထုတ်လွှင့်ပြသခဲ့ကာ ခရီးသွားဈေးကွက်ကို မြှင့်တင်ခဲ့ပါတယ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၁၇ – ၂၀၁၈ ခုနှစ်မှာ ဟိုတယ် ၃၆ လုံးနဲ့ အခန်းပေါင်း ၁၃၅၀ ခန်းသာ ရှိခဲ့ရာကနေ တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားကော်မတီကနေ လိုင်စင်တွေ အမြန်ချထားပေးမှုကြောင့် ၂၀၁၈ – ၂၀၁၉ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဟိုတယ် ၄၆ လုံးနဲ့ အခန်းပေါင်း ၁၇၁၀ အထိ တိုးတက်လာခဲ့ပါတယ်။

ပြည်တွင်း/ပြည်ပ ခရီးသွားတွေများပြားတဲ့ မင်းကွန်းဒေသအပြင် အခြားခရီးစဉ်နေရာတွေမှာ အများသုံးသန့်စင်ခန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့လို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဗီယက်နမ်နိုင်ငံ ဟလောင်းမြို့မှာ ကျင်းပပြုလုပ်တဲ့ အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်(ATF–2019)မှာ အာဆီယံအများပြည်သူသုံးသန့်စင်ခန်းစံနှုန်းဆု (ASEAN Public Toilet Standard Awards 2019–2021) ကို ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ မင်းကွန်းဒေသကို ချီးမြှင့်ခဲ့ပါတယ်။

ဒါ့ပြင် ကျေးရွာနေပြည်သူတွေ လက်တွေ့ကျကျ ထိရောက်ခံစားရတဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို ရောဝတီ မြစ်ဘေး အင်ဒေါင်းရွာမှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကသာ၊ ကလေးနဲ့ ခန္တီး ခရီးသွားဇုန်ခြောက်ဇုန်ကို အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုမှာ အထောက်အကူဖြစ်စေဖို့အတွက် ဘဏ်တွေကနေ ချေးငွေအလွယ်တကူရရှိစေရေးအတွက် လုပ်ငန်းရှင် ၁၀၉ ဦးကို အသေးစားနဲ့ အလတ်စားလုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးခဲ့ပါတယ်။ လုပ်ငန်းရှင်တွေ SME ချေးငွေ၊ CGI ချေးငွေနဲ့ JICA Two–Step Loan ချေးငွေရရှိရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ သမဝါယမဘဏ်တို့ကို ချိတ်ဆက်ပြီး လုပ်ငန်းရှင် ၃၂ ဦးအတွက် ချေးငွေပမာဏ ငွေကျပ် ၈၅၁ ဒသမ ၅ သန်းကို ချေးယူနိုင်ခဲ့ပါတယ်။

ပြည်ပအဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ကောင်းတွေရရှိစေဖို့ ကူညီဆောင်ရွက်ခဲ့ရာမှာ ဒိန်းမတ်နိုင်ငံရဲ့ Responsible Business Fund (RBF) တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းတွေအတွက် ရန်ပုံငွေအထောက်အပံ့ကို လုပ်ငန်းရှင် ၇၃ ဦးအတွက် ငွေကျပ် ၂၃၆၀ ဒသမ ၇ သန်း သဘောတူညီမှု ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍအနေနဲ့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၅ ခုနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တိုးမြှင့်ခြင်းတွေအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်အပါအဝင် ငွေကျပ် ၄၆၂၇၅ သန်းကျော်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းတွေအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၈ သန်းကျော် ဝင်ရောက်လုပ်ကိုင်နေပါတယ်။



မူးမြစ်ကူးတံတား(ရေဦး) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အရင်က သတ္တုတူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့တူးဖော်ခြင်းနဲ့ သစ်အခြေခံလုပ်ငန်းစတဲ့ သဘာဝအရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲတဲ့ လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံခဲ့ကြပါတယ်။ လယ်ယာထွက်သီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းတွေ အပါအဝင် စိုက်ပျိုးရေး ဆက်စပ်အထောက်အကူပြုလုပ်ငန်းတွေဖြစ်တဲ့ ရေပိုက်နဲ့ အိတ်လိပ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ အော်ဂဲနစ်မြေဩဇာနဲ့ မြေဩဇာအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆန်နဲ့ သီးနှံကြိတ်ခွဲရေးသုံး စက်ပစ္စည်းတွေ ထုတ်လုပ်ခြင်းလုပ်ငန်း၊ သီးနှံမျိုးစုံ အခြောက်ခံခြင်း၊ အဆင့်မြင့်သန့်စင်ရွေးချယ်ခြင်းနဲ့ ဆန်စပါးအဆင့်မြင့် ကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းတွေ ဝင်ရောက်ခဲ့ပါ တယ်။

မွေးမြူရေးလုပ်ငန်းအနေနဲ့ တိုင်းဒေသကြီးအတွင်း မြေလွတ်မြေရိုင်းများစွာ ရှိတဲ့အတွက် မွေးမြူရေးလုပ်ငန်းတွေ လာရောက်လုပ်ကိုင်ဖို့ ဖိတ်ခေါ်ခဲ့ပြီး ဝက်နဲ့ နွား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းတွေ စတင်ဝင်ရောက်နေပြီဖြစ်ပါတယ်။

စားသောက်ကုန် လုပ်ငန်းအနေနဲ့ ခေါက်ဆွဲခြောက် ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း၊ ပျားရည်သန့်စင်ထုတ်လုပ်ခြင်း လုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်းအနေနဲ့ ဒေသထွက်သီးနှံတွေ ထုပ်ပိုးနိုင်ဖို့အတွက် သစ်သီးစွပ်စက္ကူအိတ်၊ ဖော့အိတ်နဲ့ သစ်သီးထည့်ပလတ်စတစ်ခြင်း ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ထုပ်ပိုးဂျပ်စက္ကူပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပီနံအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတွေအနေနဲ့ ဟိုတယ်၊ ပုဂ္ဂလိကအထက်တန်းကျောင်းလုပ်ငန်း၊ ရုပ်ရှင်ရုံ၊ အပန်းဖြေဥယျာဉ်နဲ့ Water Park ခေတ်မီကစားကွင်းလုပ်ငန်းတွေ ဝင်ရောက်ခဲ့ပါတယ်။

ဒါ့ပြင် ရေနံစိမ်းကနေ အဆင့်မြင့် ဒီဇယ်/ဓာတ်ဆီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊ အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းတွေ၊ ဆိုလာစွမ်းအင်နှင့် အသေးစား လျှပ်စစ် ဓာတ်အားပေးစက်တွေကနေ ဆက်သွယ်ရေးတာဝါတိုင်တွေနဲ့ ကျေးလက်နေအိမ်ခြေတွေအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းတွေမှာပါ ရင်းနှီးမြှုပ်နှံလာတာကို တွေ့ရပါတယ်။

စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေက ဒေသအရင်းအမြစ်နဲ့ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်ပြီး တိုင်းဒေသကြီးရဲ့ အဓိကဦးစားပေးကဏ္ဍတွေနဲ့ လိုက်လျောညီထွေတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းတွေ၊ အများပြည်သူနဲ့ဆိုင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ဝင်ရောက်လုပ်ကိုင်ခဲ့လို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖန်တီးပေးနိုင်ရုံသာမက တာဝန်ယူပြီး တာဝန်ခံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေအဖြစ် ရင်းနှီးမြှုပ်နှံမှုပုံစံ ပြောင်းလဲဝင်ရောက်လာတာကို တွေ့ရပါတယ်။

၂၀၁၉ ခုနှစ် နေပြည်တော်မှာ ကျင်းပခဲ့တဲ့ Investment Myanmar Summit နဲ့ Myanmar Investment Forum ပွဲတွေမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းတွေ ပြသနိုင်ခဲ့တဲ့အတွက် စစ်ကိုင်းဆိပ်ကမ်းနှင့် မြို့ပြဖွံ့ဖြိုးမှု စီမံကိန်း၊ ကလေးဝမြို့မှာရှိတဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းနဲ့ ကလေးမြို့ အင်ဒိုင်းကြီးမှာရှိတဲ့ ဘိလပ်မြေစက်ရုံ စီမံကိန်းတွေ တိုင်းဒေသကြီးအတွင်းမှာ ပေါ်ပေါက်ဖို့ အခွင့်အလမ်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

တိုင်းဒေသကြီးအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပိုမိုစီးဝင်လာစေဖို့နဲ့ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ အလားအလာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေ ဖိတ်ခေါ်ပြသပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ဖို့ Sagaing Region Investment Fair 2020 ကို အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့အတွက် Stakeholder's Meeting ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းကဏ္ဍမှာ လာရောက်ရင်းနှီးမြှုပ်နှံပါက စစ်ကိုင်း၊ မုံရွာနဲ့ ရွှေဘိုမြို့တို့မှာ ဝင်ငွေခွန်ကင်းလွတ်ခွင့် ငါးနှစ်နဲ့ ကျန်မြို့နယ် ၃၄ မြို့နယ် မှာ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ် ရရှိမှာဖြစ်သလို လုပ်ငန်းတည်ဆောက်ရေးကာလအတွင်း ပြည်ပကနေတင်သွင်းမယ့် စက်ပစ္စည်းတွေအပေါ် အခွန်အကောက်ကင်းလွတ်ခွင့်နဲ့ တင်သွင်းရရှိမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်တွေ တိုင်းဒေသကြီးအတွင်း လာရောက် ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ မြေအပါအဝင် ဆက်စပ်ဌာနဆိုင်ရာတွေနဲ့ ဆက်သွယ်ရာမှာ အခက်အခဲတွေရှိရင် လိုအပ်သလို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ခန္တီးရတနာမြေအတွင်း တရားဥပဒေစိုးမိုးရေးနဲ့ တရားမဝင် ရေမဆေးကျောက်ရှာဖွေသူတွေ အလုပ်အကိုင်အခွင့်အရေးရရှိရေးအတွက် ကျောက်မျက်ရတနာ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်နိုင်ဖို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ကျောက်မျက်ရတနာ လက်လုပ်လက်စားလုပ်ကိုင်ခွင့်တွေ ချထားပေးလျက်ရှိပါတယ်။

ခန္တီးရတနာနယ်မြေ နန့်စလင်းချောင်းဖျားမှော်(ကျောက်စိမ်းမှော်)နဲ့ ပတ္တာဘွန်မှော်(ပယင်းမှော်)တို့မှာ ကျောက်မျက်ရတနာ လက်လုပ်လက်စားလုပ်ကွက်တွေကို တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိရာ နန့်စလင်းချောင်းဖျားမှော်မှာ (၃)ကြိမ်နဲ့ ပတ္တာဘွန်မှော်မှာ (၂)ကြိမ်အထိ တင်ဒါခေါ်ယူဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပြုငွေတွေ ပေးသွင်းပြီးတဲ့ တင်ဒါအောင်မြင်သူတွေကို လုပ်ကိုင်ခွင့်တွေ ထုတ်ပေးထားပြီး ဖြစ်ပါတယ်။

ဓာတ်သတ္တုကဏ္ဍအနေနဲ့ အရင်က အသေးစားရွှေလုပ်ကွက်တွေကို ဧက ၂၀ နဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ခွင့်ပြုဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ သဘောထားမှတ်ချက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ပြဋ္ဌာန်းပြီးနောက် တိုင်းဒေသကြီးအစိုးရက ဓာတ်သတ္တုအသေးစားနဲ့ လက်လုပ်လက်စားထုတ်လုပ်ခြင်းတွေကို ဥပဒေနဲ့အညီ ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါတယ်။ ယခုလို ထုတ်ပေးရာမှာ အသေးစားရွှေလုပ်ကွက်ကို နည်းဥပဒေပါအတိုင်း တစ်ကွက်ကို လေးဧကနဲ့ ကုမ္ပဏီတစ်ခုကို လေးကွက်အထိ၊ လက်လုပ်လက်စားလုပ်ကွက်ကို နည်းဥပဒေပါအတိုင်း တစ်ကွက်ကို တစ်ဧကနဲ့ လျှောက်ထားလုပ်ကိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။



၃၁–၃–၂၀၁၉ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့သည့် မုံရွာမြို့ ပြည်သူ့အငှားအိမ်ရာကို တွေ့ရစဉ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ဧရိယာတိုင်းတာ

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

သတ်မှတ်ပေးမှုအရ လက်ရှိအချိန်မှာ ဟုမ္မလင်း၊ ခန္တီး၊ မော်လိုက်၊ ဖောင်းပြင်၊ ဗန်းမောက်၊ ကသာ၊ တန့်ဆည်နဲ့ ကျွန်းလှ မြို့နယ်တို့မှာ အသေးစားနဲ့ လက်လုပ်လက်စား ရွှေလုပ်ကွက်တွေ ခွင့်ပြုပေးလျက်ရှိပါတယ်။ ကျန်တဲ့မြို့နယ်တွေမှာ လုပ်ကိုင်ခွင့်ရရှိရေး တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ ယခုလို အသေးစားနဲ့ လက်လုပ်လက်စား ရွှေလုပ်ကွက်တွေ လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းကနေ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်အတွက် ရန်ပုံငွေကျပ် ၃၀၀၁ ဒသမ ၈၈ သန်းရရှိခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်အတွက် ရန်ပုံငွေကျပ် ၃၀၄၆ သန်း ရရှိဖို့ လျာထားပြီး ဖြစ်ပါတယ်။

**မေး။ ။ ယခုအချိန်အထိဆောင်ရွက်ပေးခဲ့မှုတွေထဲက အားအရဆုံး၊ အအောင်မြင်ဆုံးကို ပြောပါဆိုရင် ဘယ်အရာနဲ့ ပတ်သက်ပြီး ပြောပြချင်ပါသလဲ။**

**ဖြေ။** ။ ကျွန်တော်တို့ ဦးစားပေး ချမှတ်ထားတဲ့မူဝါဒတွေကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာဌာနတွေရဲ့ ပေါင်းစပ်ကူညီပံ့ပိုးမှု၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်သူတွေရဲ့ပါဝင်မှုတွေနဲ့ ဆောင်ရွက်ခဲ့ရလို့ တော်တော်အားရတယ်လို့ပြောရမှာ ဖြစ်ပါတယ်။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတွေမှာ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြို့ရေပေးဝေရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်နိုင်မှုအနေနဲ့ တွင်းတိမ် နှစ်တွင်း၊ ရေကန် ရှစ်ကန်၊ စိမ့်စမ်း တစ်ခုနဲ့ အခြား ဖ၈ ခု စုစုပေါင်း ၇၉ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြို့သန့်ရှင်းရေးနဲ့ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းတွေ ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း SKAT အမျိုးအစား အမှိုက်သိမ်းယာဉ်နှစ်စီး၊ ခေတ်မီဟိုက်ဒြောလစ် အမှိုက်သိမ်းယာဉ် (Tank carrier) လေးစီး၊ ရေပုတ်စုပ်ယာဉ်အစီး ၂၀ နဲ့ Rear End Loader တစ်စီး စုစုပေါင်း ၂၇ စီး ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

ကိုယ့်အားကိုယ်ကိုးလမ်းတွေအနေနဲ့ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကတ္တရာထောက်ပံ့ပြီး ပြည်သူမှ ကျောက်/လုပ်အားခ ကျခံကာ ပူးပေါင်းဆောင်ရွက်သော ကတ္တရာလမ်း ခုနစ်မိုင် ငါးဖာလုံ၊ စည်ပင်မှ ဘိလပ်မြေထောက်ပံ့ပြီး ပြည်သူက သဲ၊ ကျောက်/လုပ်အားခကျခံကာဆောင်ရွက်တဲ့ ကွန်ကရစ်လမ်း ၅၇ မိုင် ၂ ဖာလုံ စုစုပေါင်း ၆၄ မိုင် ၇ ဖာလုံနဲ့ ကွန်ကရစ်တံတား ၇၁ စင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့ပြင် ကသာ၊ ကန့်ဘလူ၊ မော်လိုက်၊ ဗန်းမောက်၊ ရွှေဘို၊ အင်းတော်၊ မြောင်နဲ့ ပုလဲစတဲ့ ရှစ်မြို့နယ်မှာ မြို့တော်ခန်းမအသစ်တွေ ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ဟုမ္မလင်း၊ မုံရွာ၊ ကနီ၊ ယင်းမာပင်နဲ့ ကျွန်းလှစတဲ့ ငါးမြို့နယ်ရှိ မြို့တော်ခန်းမတွေကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ကသာနဲ့ ပင်လည်ဘူးမြို့နယ်တွေမှာ



မုံရွာမြို့ ကန်သာယာ လှပစေရေးဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

ကားကွင်းအသစ်တွေ တည်ဆောက်နိုင်ခဲ့ပြီး ဗန်းမောက် (ဇလုံတောင်)၊ ကလေးမြို့တို့မှာ ကားကွင်းတွေ အဆင့်မြှင့်တင်ပေးခြင်း၊ ကောလင်း၊ တမူးနဲ့ မင်းကင်းမြို့နယ်တို့မှာ ယာဉ်ရပ်နားစခန်းတွေ တည်ဆောက်ပေးခြင်းနဲ့ မုံရွာမြို့မှာ ကားကြီးကွင်းတစ်ခု တည်ဆောက်ခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရွှေဘိုမြို့၊ စစ်ကိုင်းမြို့၊ မုံရွာမြို့နဲ့ ကသာမြို့တို့မှာ မြို့အင်္ဂါရပ်နဲ့အညီ သာယာလှပစေရေးအတွက် Double Arm လမ်းမီးတိုင်တွေကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကန့်ဘလူမြို့နဲ့ ကလေးမြို့တို့မှာ Double Arm လမ်းမီးတိုင်တွေကို စိုက်ထူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မုံရွာမြို့ သာယာလှပရေးနဲ့ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်(၁၀)ခုကို ဆောင်ရွက်ဖို့ လျာထားခဲ့တဲ့အနက် မုံရွာမြို့ ကန်သာယာရေကန်ကို သာယာလှပအောင် ဆောင်ရွက်ဖို့ဆိုတဲ့ အချက်တစ်ချက် ပါဝင်ပါတယ်။ မုံရွာမြို့ ကန်သာယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဌာနဆိုင်ရာတွေ၊ ပညာရှင်တွေနဲ့ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ ၁၆၉ ဧကရှိတဲ့ ကန်သာယာရေကန်ကို ပျမ်းမျှရေအနက် လေးပေတူးဖော်ပြီး ထွက်ရှိလာတဲ့ မြေတွေကို ဖို့ခြင်း၊ ကြိတ်ခြင်းနဲ့ ညှိခြင်းတွေ၊ မြေထိန်းနံရံနဲ့ တာဘောင်ချဲ့ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ကန်သာယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ပျမ်းမျှပေ ၃၀ ကျယ်ဝန်းတဲ့ မြေသားပတ်လမ်းတွေ ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုကျွန်းနဲ့ဆက်ပြီး ၄ ဒသမ ၁၁ ဧကရှိ ကျွန်းဖော်ခြင်း၊ ကျောက်တိုင်ကျွန်းကို မူလ ၁ ဒသမ ၈၈ ဧကမှ ၅ ဒသမ ၇ ဧကအထိ မြေဖို့ခြင်း၊ ရာပြည့်ဘုရားကျွန်းကို မူလ ၀ ဒသမ ၈၉ ဧကမှ ၃ ဒသမ ၅၄ ဧကအထိချဲ့ခြင်း၊ ၁ ဒသမ ၀၄ ဧကရှိ မြေသားကျွန်းဖော်ဆောင်ခြင်း၊ နဂါးရုံဘုရားအနီး ၁ ဒသမ ၇၄ ဧကရှိ မြေသားကျွန်း ဖော်ဆောင်ခြင်းနဲ့ ကန်ပတ်လည်ရဲ့ မြေသားလျှောက်လမ်းတွေမှာ ကျောက်ရိုးစီ မြေထိန်းနံရံ ပေရှည် ၈၇၂၈ ပေ ဆောင်ရွက်ခြင်း၊ ကန်သာယာအတွင်းသို့ ချင်းတွင်းမြစ်ရေကို ရေစုပ်တင်ပြီး ရေဖြည့်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ထားတဲ့အပြင် လျော့နည်းသွားတဲ့ ရေတွေထပ်မံဖြည့်တင်းပေးနိုင်ဖို့ အရန်သင့်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကန်သာယာပတ်လည်တစ်လျှောက်နဲ့ ကျွန်းတွေပေါ်မှာ လေးလက်မထု သဲဖြန့်ခင်းခြင်း၊ မြေကြီးသိပ်သည်းစေဖို့ ရေဖျန်းခြင်းနှင့် စက်ကြိတ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

မြေတူး၊ မြေဖို့၊ မြေကြိတ်ခြင်းနဲ့ မြေညှိခြင်းလုပ်ငန်းတွေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ CSR ရန်ပုံငွေနဲ့ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေရဲ့ လှူဒါန်းငွေတွေနဲ့ စုပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ရွှေဘိုမြို့မှာ Hotel၊ Shopping Mall နဲ့ လုံးချင်းအိမ်ရာ အလုံး ၃၀ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ Global Biz Link Co.,Ltd နဲ့အကျိုးတူ စာချုပ်ချုပ်ဆိုပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ တိုင်းဒေသကြီးတွေထဲမှာ အကြီးဆုံးတိုင်းဒေသကြီးဖြစ်တဲ့အတွက် နေရာစုံ၊ ဒေသစုံမှာ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို သိပါရစေရှင့်။**

**ဖြေ။** ။ စစ်ကိုင်းတိုင်း ဒေသကြီးဟာ ကျယ်ဝန်းပြီး Infrastructure မပြည့်စုံတဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်တာကြောင့် ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရာမှာ အကန့်အသတ်ဖြစ်နေခြင်း၊ နယ်စပ်ကုန်သွယ်ရေးမှာ ကန့်သတ်ချက်တွေရှိနေခြင်းတို့ဟာ အဓိက အဟန့်အတားဖြစ်ပါတယ်။ တိုင်းဒေသကြီးအနေနဲ့ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရာမှာ တတ်နိုင်သမျှ ဖြေလျှော့ပေးလျက်ရှိပါတယ်။ တစ်ဖက်ကနေလည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် မူဝါဒချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသလို ခရီးသွားလုပ်ငန်း၊ SME လုပ်ငန်းတွေကတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေပါတယ်။

**မေး။ ။ ပြည်သူတွေဆီကနေ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး ဘယ်လိုမှတ်ချက်ပြုတယ်ဆိုတာကို နားထောင်ပြီး လုပ်ဆောင်ပေးခဲ့တာတွေရှိခဲ့ရင် ပြောပြပေးပါဦး။**

**ဖြေ။** ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်မှာကြားချက်ဖြစ်တဲ့ **"လူထုနဲ့ တွေ့ဆုံကြ၊ လူထုအခက်အခဲတွေကို ဖြေရှင်းကြ"** ဆိုတဲ့အတိုင်း တိုင်းဒေသကြီးအတွင်းက မြို့နယ်အသီးသီးကို ကွင်းဆင်းပြီး လူထုတွေ့ဆုံပွဲတွေ ပြုလုပ်ပါတယ်။

ဒီတွေ့ဆုံပွဲတွေမှာ ပြည်သူတွေ တင်ပြတောင်းခံချက်တွေကို နေရာမှာတင် တစ်ခါတည်း ဖြေရှင်းပေးဖို့ လိုအပ်တဲ့ကိစ္စရပ်တွေကို တစ်ထိုင်ထဲ ဖြေရှင်းဆောင်ရွက်ပေးခဲ့သလို၊ စိစစ်ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးမယ်ဆိုတာကို ပြည်သူရဲ့လက်ထဲရောက်ရှိအောင် အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး အကြောင်းပြန်ကြားစာ လက်ရောက်ပေးအပ်စေပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြည်သူ့အသံကို အလေးအနက်ထား နားထောင်သလို ပြည်သူ့ထံကို တလေးတစား ပြန်ကြားပေးလျက်ရှိပါတယ်။ ဆောင်ရွက်ပေးနိုင်တာတွေကို ချက်ချင်းဆောင်ရွက်တယ်၊ ကာလရှည် ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို တလေးတစား ပြန်ကြားပေးပါတယ်။

**မေး။ ။ တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုက ဘယ်လိုရှိတယ်ဆိုတာကို သိရှိလိုပါတယ်ရှင့်။**

ဖြေ။ ။ တိုင်းဒေသကြီးအတွင်း ပြည်သူတွေက များရင်ကွက်ကွက်ကွင်းကွင်း ထောက်ပြတတ်သလို မှန်ရင်လည်း လေးလေးစားစား ထောက်ခံတတ်ကြပါတယ်။ တိုင်းဒေသကြီးအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။ လက်ရှိဆောင်ရွက်နေတဲ့ နှစ်အတွက် ဘယ်လိုရည်မှန်းချက်တွေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုတာကို ပြောပြပေးပါဦးရှင်။**

**ဖြေ။** ။ လက်ရှိကာလမှာ ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ မူဝါဒ (၃) ရပ်အပေါ် အခြေခံပြီး တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့ပြင် စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အဝင်မြို့ဖြစ်တဲ့ စစ်ကိုင်းမြို့မှာ Information Centre တစ်ခု တည်ဆောက်လျက်ရှိပါတယ်။ ဒါကဘာကိုမျှော်မှန်းသလဲဆိုရင် တိုင်းဒေသကြီးကို လာရောက် ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်တွေ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်တွေကို Online နဲ့ Website ကနေ ဝင်ရောက်ကြည့်ရှုခြင်း၊ Centre မှာ လာရောက်လေ့လာခြင်းတို့ကို အလွယ်တကူ ရှာဖွေလေ့လာနိုင်အောင် ဆောင်ရွက်ပေးထားခြင်းဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေကို အကောင်အထည်ဖော်ပြီး MSMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်သူတွေကို ဖြည့်စွက်ပြောပြချင်တာရှိရင်လည်း ပြောပြပေးပါဦးရှင်။**

**ဖြေ။** ။ ပြည်သူက ယုံကြည်လို့ ရွေးချယ်တာဝန်ပေးအပ်ခဲ့တာ အချိန်ကာလအတွင်းမှာ ကျွန်တော်တို့အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အင်တိုက်အားတိုက် အဂတိတရားကင်းကင်းနဲ့ အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်နေပါတယ်။

(၄)နှစ်တာကာလအတွင်း ခက်ခဲတဲ့နေရာတွေမှာ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ အရင်က တွင်းထွက်သယံဇာတနဲ့ သစ်ထုတ်လုပ်မှုကနေ အခြေခံတိုင်းပြည်ဘဏ္ဍာ ရန်ပုံငွေရှာဖွေမှုကို ရပ်ဆိုင်းလိုက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးထား ဆောင်ရွက်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပုံစံကို လူသုံးကုန်၊ စားသောက်ကုန်၊ စက်မှုကုန်ထုတ်လုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံနိုင်အောင် ခွင့်ပြုပေးနေပါတယ်။

ကျွန်တော်တို့အနေနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ဖြေလျှော့ပေးနိုင်တဲ့ အရာအားလုံးကို ဖြေလျှော့ပေးနေပါတယ်။ ပူးပေါင်းဆောင်ရွက်ပေးရမယ့် ကိစ္စရပ်မျိုးဆိုရင်လည်း အချိန်မဆိုင်း ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်နိုင်တာဟာ ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှု၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ လူမှုအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံ့ဝန်ထမ်းတွေရဲ့ ဥပဒေနဲ့အညီ အဆင်ပြေချောမွေ့အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှု၊ ရင်းနှီးမြှုပ်နှံလိုတဲ့ လုပ်ငန်းရှင်တွေရဲ့ ယုံကြည်မှုတွေကြောင့် ဖြစ်ပါတယ်။ ။



မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းမြေအသုံးချရေးဓာတ်ခွဲခန်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို တွေ့ရစဉ်။



ဝက်လက်မြို့နယ် ရွာတော်ကုန်းအဆင့်မြင့်လယ်ယာမြေ ၃၁၅ ဒသမ ၀၉ ဧက ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။